# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e – paper ဖတ်ရှုရန်


**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ –၃၆၀)


၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်၊ အင်္ဂါနေ့။ Tuesday, 21 July 2026 ၁၂၄၆


## ဒုတိယသမ္မတ ဦးညိုစော ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ယာယီလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၀

ဒုတိယသမ္မတ ဦးညိုစောသည် ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးချုပ်မှ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ယာယီလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး H.E. Mr. Indrika Ratwatte ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးနှင့် နားလည်မှုမြှင့်တင်နိုင်ရေး၊ ငလျင်အလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ရေးနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



ဒုတိယသမ္မတ ဦးညိုစော ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ယာယီလက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး H.E. Mr. Indrika Ratwatte ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပ**

ပြည်သူ့လွှတ်တော်

စာမျက်နှာ » ၅

**တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ ကျင်းပ**

အမျိုးသားလွှတ်တော်

စာမျက်နှာ » ၈

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(NCA-S EAOs)တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း ဆွေးနွေးပွဲကျင်းပ**

စာမျက်နှာ » ၉

## မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်တံဆိပ် ဖော်ပြထားခြင်းမရှိသည့် အသင့်စားမုန့်များကို စစ်ဆေးတွေ့ရှိပါက အရေးယူမည်



နေပြည်တော် ဇူလိုင် ၂၀

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် ကုန်စည်အုပ်စု ရှစ်အုပ်စုခွဲ၍ စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်အညွှန်းအမှတ်များပြည့်စုံခြင်း ရှိ မရှိ စောင့်ကြည့်စစ်ဆေးလျက်ရှိပြီး အသင့်စားမုန့်အမျိုးမျိုးတွင် မြန်မာဘာသာ သို့မဟုတ် မြန်မာဘာသာနှင့် အခြားဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည်ကို စစ်ဆေးတွေ့ရှိပါက စားသုံးသူကာကွယ်ရေး ဥပဒေဖြင့် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ

စာမျက်နှာ ၃ ကော်လံ ၅ သို့ ■

## နေပြည်တော် မြို့မဈေး၌ ကြက်သားနှင့် ကြက်ဥများ ဈေးနှုန်းသက်သာစွာ ရောင်းချ


နေပြည်တော် ဇူလိုင် ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် နေပြည်တော်ကောင်စီနယ်မြေမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်း၍ နေပြည်တော်ရှိ ဝန်ထမ်းများ၊ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရန် ယနေ့ညနေပိုင်းတွင် နေပြည်တော်မြို့မဈေး၌ မွေးမြူထုတ်လုပ်သူများက မော်တော်ယာဉ်များဖြင့် ကိုယ်တိုင်လာရောက်၍ ကြက်သားနှင့် ကြက်ဥများကို ရောင်းချပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪



ယနေ့နံနက်မှ ၂၂-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

**မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်းနှင့် အမြင်သစ် မြန်မာနိုင်ငံ၏အနာဂတ် အပိုင်း(၂)**

ဆောင်းပါး

စာမျက်နှာ » ၁၁

## အခြေခံကုန်ဈေးနှုန်းတည်ငြိမ်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

အများပြည်သူ နေ့စဉ်လူမှုဘဝ၏ အဓိကလိုအပ်ချက်ဖြစ်သည့် စား၊ ဝတ်၊ နေရေးတွင် စားရေးသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ မြန်မာနိုင်ငံနည်းတူ ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် စားရေရိက္ခာလုံခြုံရေးကို အလေးထားဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။ လူတစ်ဦးချင်းအလိုက် စားရေးသောက်ရေး အဆင်ပြေချောမွေ့စေရန်အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးသွားရမည်ဖြစ်သည်။ စားသောက်ကုန်ဈေးနှုန်းများတည်ငြိမ်မှသာ ပြည်သူများ၏ လူမှုဘဝအဆင်ပြေချောမွေ့မည်ဖြစ်သည်။

အခြေခံစားသောက်ကုန်များတွင် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်နှင့် ဥအမျိုးမျိုးတို့သည် ပြည်သူများ၏ နေ့စဉ်လိုအပ်ချက်များဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စားရေရိက္ခာလုံခြုံမှုအတွက် စိုက်ပျိုးရေးကဏ္ဍမှ အပြည့်အဝဖြည့်ဆည်းပေးနိုင်သော်လည်း မွေးမြူရေးကဏ္ဍတွင် လိုအပ်ချက်များရှိနေသည်။ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာလျှင် အသား၊ ငါး၊ ဥအမျိုးမျိုးတို့ကို သက်သာသောဈေးနှုန်းဖြင့် ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်မည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးရေးတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အရေးကြီးပြီး အကြီးမားဆုံးစိန်ခေါ်မှုမှာ ကုန်ဈေးနှုန်းကြီးမြင့်ခြင်းပင်ဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်ရခြင်းမှာလည်း ရောင်းလိုအားနှင့်ဝယ်လိုအားများ မမျှတခြင်းနှင့် ကုန်ထုတ်လုပ်မှုစရိတ်မြင့်မားခြင်းများကြောင့်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက အသိပေးပြောကြားထားသည်။

ယခုအခါ ပြည်သူများ နေ့စဉ်ဝယ်ယူစားသုံးနေသည့် အသား၊ ငါး၊ ဥအမျိုးမျိုးတွင် ကြက်ဥဈေးနှုန်းမှာ ယခင်ထက်ဈေးနှုန်းမြင့်မားလာသည်ကို တွေ့ရသည်။ ယခင်က ကြက်ဥတစ်လုံး ကျပ် ၁၀၀ ကျော် ၂၀၀ မှ တဖြည်းဖြည်းနှင့် ကျပ် ၃၀၀၊ ၄၀၀ မှ ကျပ် ၅၀၀ ကျော် ၆၀၀ အထိဖြစ်လာသည်ကို တွေ့ရသည်။ ကြက်ဥဈေးနှုန်းမြင့်တက်လာသောကြောင့် ကြက်ဥနှင့်သက်ဆိုင်သည့် အခြားအစားအသောက်များပါ လိုက်ပါဈေးနှုန်းမြင့်မားလာသည်ကို တွေ့ရသည်။ ကြက်ဥသည် နေ့စဉ်စားသုံးနေသည့် အခြေခံစားကုန်တစ်မျိုးဖြစ်ပြီး ကျန်းမာရေးအတွက်ပါ အထောက်အကူပြုသည့် လူတန်းစားမရွေးစားသုံးနိုင်သော အစားအစာဖြစ်သည်။ ကြက်ဥဈေးနှုန်းဆက်လက်မြင့်တက်လာပါက အခြေခံပြည်သူများအတွက် အခက်အခဲများရှိလာနိုင်သည်။

ထို့ကြောင့် ကြက်ဥဈေးနှုန်း ဆက်လက်မြင့်တက်မလာစေရန်အတွက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကြက်ဘဲမွေးမြူထုတ်လုပ်ရောင်းချသူများအသင်း၊ ကြက်ဥ၊ ဘဲဥ ဖြန့်ဖြူးရောင်းချသူများအစုအဖွဲ့တို့က ကြက်ဥထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုများနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ကြက်ဥဈေးနှုန်းမြင့်တက်ရခြင်း အကြောင်းရင်းများတွင် သွင်းအားစုလိုအပ်ချက်များကြောင့်ဖြစ်သည်ဟု သိရသည်။ ကြက်၊ ဘဲအစာကုန်ကြမ်း အခက်အခဲနှင့် ကာကွယ်ဆေးပြတ်လပ်မှုကြောင့် ရောဂါဖြစ်ပွားမှုနှင့် ကြက်၊ ဘဲများ၏ ဥအထွက်နှုန်းကျဆင်းမှုကြောင့်ဖြစ်သည်ဟု သိရသည်။ ကုန်ကျစရိတ်မြင့်မားခြင်းနှင့် ထုတ်လုပ်မှုလျော့ကျခြင်း၊ သွင်းအားစုရှားပါးပြီး ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် ဈေးကွက်အတွင်း အသားတင်ကြက်ဥရရှိနိုင်မှုလျော့နည်းကာ ကြက်ဥတစ်လုံးလျှင် ကျပ် ၆၀၀ ကျော် ၇၀၀ အထိ ဖြစ်လာနိုင်ဖွယ်ရှိသည်။

လက်ရှိတွင် တိရစ္ဆာန်အစားအစာနှင့် ကာကွယ်ဆေးတင်သွင်းမှုကို ကန့်သတ်ထားပြီး ပြည်တွင်း၌သာ အစာထုတ်လုပ်ရေးနှင့် အစာစပ်စက်ရုံများဖွံ့ဖြိုးတိုးတက်ရေးကို တိုက်တွန်းထားသည်။ လက်ရှိဖြစ်ပေါ်နေသောအခြေအနေကို ဖြေရှင်းနိုင်ရန်အတွက် ကြက်ဥဈေးနှုန်း ထပ်မံမတက်စေရန် ဖြန့်ဖြူးရောင်းချသူများနှင့် ညှိနှိုင်းထားခြင်း၊ အများပြည်သူ သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူနိုင်မည့်အစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းရှင်များအနေဖြင့် သွင်းအားစုများ ပြန်လည်ရရှိနိုင်ရန် မျှော်လင့်နေကြသည်။

တိရစ္ဆာန်အစားအစာကုန်ကျစရိတ်သည် မွေးမြူရေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုအများဆုံးဖြစ်ပြီး ပြည်ပမှတင်သွင်းနေရသည့်ကုန်ကြမ်းကို အစားထိုးနိုင်ရန်အတွက် ပြည်တွင်းထွက် နှမ်းဖတ်၊ ပဲဖတ်၊ နေကြာဖတ်များကို ပိုမိုအသုံးပြုခြင်း၊ ဘေးထွက်ပစ္စည်းများကို အခြောက်ခံပြီး ကြက်စာတွင် ပရိုတင်းအဖြစ် ရောစပ်အသုံးပြုခြင်း၊ မြန်မာနိုင်ငံသည် ပြောင်းနှင့် ဆန်စပါးကြွယ်ဝသဖြင့် ဗီတာမင်ကြွယ်ဝသည့် ပြောင်းဖတ်နှင့် ဖွဲနုကို ပြည်ပသို့တင်ပို့မည့်အစား ပြည်တွင်းတိရစ္ဆာန်အစာစပ်စက်ရုံများအတွက် ဝယ်ယူခွင့်ပြုခြင်း၊ ကာကွယ်ဆေးထုတ်လုပ်ရေးကို အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းကာ ပြည်တွင်းဖြစ် ကြက်၊ ဘဲကာကွယ်ဆေးများကို အရေအတွက် တိုးမြှင့်ထုတ်လုပ်ခြင်းတို့ကို ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကြက်ဥ၊ ဘဲဥဈေးနှုန်းကျဆင်းပြီး ဈေးနှုန်းတည်ငြိမ်စေရေးအတွက် တိရစ္ဆာန်ကာကွယ်ဆေးကို ဦးစားပေးထုတ်လုပ်ပြီး တိရစ္ဆာန်အစားအစာများကို ပြည်တွင်းဖြစ် ကုန်ကြမ်းများနှင့် အလုံအလောက်ထုတ်လုပ်နိုင်အောင် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်းလက်တွဲပြီး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းအပ်ပါကြောင်း။ ။

## ၃၃ ကေဗွီ သာဝတ္ထိဓာတ်အားလိုင်း ထရန်စဖော်မာ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း ဓာတ်အားပိတ်ဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် သာဝတ္ထိမြို့ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ သာဝတ္ထိဓာတ်အားခွဲရုံတွင် နှစ်စဉ်တိုးတက်လာသည့် မီးသုံးသူဦးရေအရ ထရန်စဖော်မာ ချို့ယွင်းလောင်ကျွမ်းမှုများ မဖြစ်ပေါ်စေရေးနှင့် လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ၃၃/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ထရန်စဖော်မာအား ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ ထရန်စဖော်မာဖြင့် လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းကို ဇူလိုင် ၂၂ ရက်တွင်၃၃/၁၁ကေဗွီ အေလာဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ သာဝတ္ထိဓာတ်အားလိုင်းကို နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် သာဝတ္ထိမြို့ရှိ ရုံးဌာနများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ဓာတ်အားယာယီပြတ်တောက်နေမည် ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာ နေရာများကို ကြိုတင်အသိပေးထားပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၂၀-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၇ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၅ | ၁၂၅.၃ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၂,၂၂၀,၇၂၈.၄၉ | ၅,၉၆၈,၆၅၄.၅၃ | - | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ တိရစ္ဆာန်အစာ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၆.၂၄ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၀၁ သန်းအား CMP ကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၇.၀၀ သန်းအား LNG ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်း

**နေပြည်တော် ဇူလိုင် ၂၀**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေ၀က်ခန့်တွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ၂၀ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၀၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၇ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၄၃ | ၇၇၄,၀၀၀ |
| MTSH | ၈,၄၀၀ | ၈,၅၀၀ | ၂,၄၀၅ | ၂၀,၂၀၅,၀၀၀ |
| MCB | ၁၄,၀၀၀ | ၁၄,၀၀၀ | ၁၁၉ | ၁,၆၆၆,၀၀၀ |
| FPB | ၇,၁၀၀ | ၇,၀၀၀ | ၈၂၀ | ၅,၇၄၃,၃၀၀ |
| TMH | ၃,၈၀၀ | ၃,၆၅၀ | ၇၀ | ၂၅၈,၂၅၀ |
| EFR | ၁,၉၅၀ | ၂,၀၀၀ | ၂,၁၅၃ | ၄,၂၀၆,၄၀၀ |
| AMATA | ၄,၁၀၀ | ၄,၅၀၀ | ၁,၁၂၁ | ၄,၉၉၆,၁၀၀ |
| MAEX | ၆,၆၀၀ | ၆,၇၀၀ | ၃,၁၆၄ | ၂၀,၉၁၀,၉၀၀ |
| MADPL(PLB) | ၅,၆၀၀ | ၆,၄၀၀ | ၁,၆၃၄ | ၉,၆၄၃,၀၀၀ |
| ASPGB(PLB) | ၉၄,၀၀၀ | ၉၅,၀၀၀ | ၁,၀၃၅ | ၉၈,၆၀၇,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။**

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

○ ရှေ့ဖုံးမှ

အစိုးရ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ၊ ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ပွင့်လင်းမြင်သာစွာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို ရှင်းနီး ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ကယားပြည်နယ်ဝန်ကြီးချုပ် ဘီလူးချောင်း မြေထိန်းနံရံတည်ဆောက်ခြင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



**လွိုင်ကော် ဇူလိုင် ၂၀**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအံ့မော်သည် ယနေ့နံနက်ပိုင်းက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က မြို့လယ်ကန္တရဝတီ တံတားမှ နမ့်ကွတ်ရေစီးကွေ့အထိ ဘီလူးချောင်းတစ်လျှောက် မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေဝပ်ဧရိယာ ရေစုပ်ထုတ်ခြင်းလုပ်ငန်းနှင့် ဘီလူးချောင်းကမ်းပါးတစ်လျှောက် အုတ်ရိုးစီခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ဒေါနိုးကူးတံတားမှ နမ့်ကွတ်ရေစီးကွေ့အထိ ဘီလူးချောင်း မြေထိန်းနံရံတည်ဆောက်လျက်ရှိသည့် လုပ်ငန်းနေရာ သုံးခု၌ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်အရည်အသွေးပြည့်မီစွာ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် အလေးထားကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒေါနိုးကူးရပ်ကွက်နှင့် မင်းစုရပ်ကွက် အနိမ့်ပိုင်းရေဝပ်ဧရိယာများတွင် ရေစုပ်ထုတ်နိုင်ရန်အတွက် 50HP မော်တာနှစ်လုံးနှင့် ခြောက်လက်မ PVC ပိုက်သွယ်တန်းခြင်း လုပ်ငန်းနှင့် ရွှေတောင်ရပ်ကွက်ရှိ ကန္တရဝတီတံတားမှ ရှမ်းပိုင်းတံတားအထိ ဘီလူးချောင်း ကမ်းပါးတစ်လျှောက် အရှည် ၁၈၇၅ ပေ အုတ်ရိုးစီခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

■ မြန်မာဘာသာဖြင့်မှ

ညွှန်ကြားရေးမှူး ဦးဆန်းမြင့်က ပြောသည်။

အသင့်စားမုန့်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား သေချာစွာမဖော်ပြထားဘူးဆိုရင် ဝယ်ယူစားသုံးသူအနေဖြင့် ဓာတ်မတည့်သည့်ပစ္စည်းတွေ ပါ၊ မပါဆိုတာ ခွဲခြားမသိနိုင်ဘဲ အသက်အန္တရာယ်ဖြစ်နိုင်တဲ့အတွက် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းစွာ ဝယ်ယူစားသုံးနိုင်ရန်၊ ထိခိုက်နစ်နာဆုံးရှုံးမှုမရှိစေရန် စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြရန်လိုကြောင်း ၎င်းကပြောသည်။

**စစ်ဆေးလျက်ရှိ**

ကုန်အညွှန်းအမှတ်အသားနှင့်ပတ်သက်၍ စားသုံးသူပြည်သူများနှင့် ထုတ်လုပ်သူလုပ်ငန်းရှင်များ သိရှိစေရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုန်တိုက်များ၊ ဈေးများနှင့် ကျောင်းမုန့်ဈေးတန်းများတွင် ရက်သတ္တပတ်အလိုက်၊ လအလိုက် စစ်ဆေးလျက်ရှိသည်။

စားသုံးသူပြည်သူများအနေဖြင့် နစ်နာဆုံးရှုံးမှုများ ရှိပါက တိုင်းဒေသကြီး/ပြည်နယ်များရှိ Consumer Information & Complaint Center(CICC)များနှင့် Consumer Call Center(1535)သို့ တိုင်ကြားနိုင်သည်။

စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၇၃ အရ မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်တံဆိပ် ဖော်ပြထားခြင်းမရှိသည့် ကုန်စည်များကို စစ်ဆေးတွေ့ရှိပါက နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ်သိန်း ၂၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်း သိရသည်။

**TMK**

✪ နေပြည်တော်မြို့မဈေးမှ


ထိုသို့ရောင်းချပေးရာတွင် ယနေ့၌ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ကြက်ဥ အလုံး ၃၀၀ ကို လည်းကောင်း၊ မွေးမြူရေးကြက်တစ်ပိဿာလျှင် ငွေကျပ် ၁၉၀၀၀ နှုန်းဖြင့် ပိဿာ ၄၀၀ ကိုလည်းကောင်း ရောင်းချပေးခဲ့ပြီး သတ်မှတ်ရက်များတွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဈေးများတွင် မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စားသုံးသူပြည်သူများအနေဖြင့် ကိုယ်တိုင်မွေးမြူထုတ်လုပ်သူများ၏ မွေးမြူရေးခြံများသို့လည်း ကြက်သားနှင့် ကြက်ဥများကို နေ့စဉ်သွားရောက်ဝယ်ယူနိုင်ကြောင်း သိရသည်။

**ကိုမျိုး(သတင်းစဉ်)**

❖

### ၂၃-၇-၂၀၂၆ ရက်နေ့မှ ၂၈-၇-၂၀၂၆ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြမော်ဒယ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ




❖ နေရာစိပ်စိပ်မှ

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတို့အား တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၀

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် (C)ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီတို့မှ ကော်မတီဝင်များအား တွေ့ဆုံသည်။



ဦးစွာ ကော်မတီများမှ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါ်ဝင်းမော်ထွန်းနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးထင်အောင်ရှိန်တို့က ကော်မတီဖွဲ့စည်းမှု၊ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းနှင့် ကော်မတီများအလိုက် လိုအပ်ချက်များနှင့်ပတ်သက်၍ အကောင်းဆုံး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြင့်မား တိုးတက်စေရေးအတွက်လည်း ဟောပြောပွဲများနှင့် သင်တန်းများဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် လွှတ်တော်က ပေးအပ်သော တာဝန်များကို အရည်အသွေးရှိရှိ ထမ်းဆောင်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ယနေ့တွေ့ဆုံသော လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကော်မတီနှင့် ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီများ၏ လုပ်ငန်းတာဝန်နှင့် ရည်မှန်းချက်တာဝန်များသည် ကျယ်ပြန့်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားစေရေးအတွက် အရေးကြီးပါကြောင်း၊ ကော်မတီများမှ လေ့လာစိစစ်ရသည့် ဥပဒေများနှင့်ပတ်သက်၍ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေများနှင့် ပြင်ဆင်ဖြည့်စွက်ရမည့် ဥပဒေများကိုလည်း ပြန်လည်လေ့လာသုံးသပ်ကြစေလိုကြောင်း၊ ကလေးသူငယ်၊ လူငယ်ရေးရာနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များတွင် အသက်အရွယ်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များ ကွဲလွဲမှုများရှိနေ၍ ဆွေးနွေးညှိနှိုင်းကြရန် လိုအပ်ပါကြောင်း၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့် အားကစားရေးရာများကို အသေးစိတ်လေ့လာပြီး ကဏ္ဍတစ်ခုချင်းအလိုက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လိုအပ်သောဥပဒေပြုရေးလုပ်ငန်းစဉ်များကို လေ့လာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံအတွင်း လူသားအရင်းအမြစ် ဆုံးရှုံးမှုမရှိစေရေးနှင့် ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံအတွက် အားကိုးအားထားပြုရမည့် အနာဂတ် ပညာတတ်လူငယ်များ ထွက်ပေါ်လာစေရေးအတွက် KG+9 အခမဲ့ပညာရေးစနစ် ဆောင်ရွက်ပေးခြင်းနှင့် ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် လူရည်ချွန် စီမံကိန်းများဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်မှာ ကောင်းမွန်သော လုပ်ရပ်များဖြစ်၍ ဥပဒေပိုင်းဆိုင်ရာ အထောက်အကူပြုနိုင်ရေး စီမံပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့်လည်း ကျောင်းနေအရွယ် ကလေးသူငယ်တိုင်း ပညာသင်ကြားနိုင်ရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးနှင့် ကင်းကွာနေသူများအား ပညာဆက်လက် သင်ကြားခွင့်ရရှိရေးအတွက် ကျောင်းပြင်ပ ပညာရေးစနစ်တစ်ခုဖြစ်မြောက်ရေး လုပ်ငန်းစဉ်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များက မိမိမဲဆန္ဒနယ်မြေအလိုက် ဝိုင်းဝန်းကူညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေးအတွက်လည်း နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေး (Technical and Vocational Education and Training– TVET) များ ဖွံ့ဖြိုးလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ ဥပဒေပြုရေးတို့ကို တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

လူငယ်ရေးရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အားလုံးလွှမ်းခြုံနိုင်သော National Youth Development Law, Youth Volunteer Service Law များ ဖြစ်ပေါ်လာစေရေး လေ့လာသုံးသပ်ဆောင်ရွက်သွားကြစေလိုကြောင်း၊ မြန်မာနိုင်ငံ၏ကိန်းဂဏန်းစစ်တမ်းများအရ အမျိုးသမီးဦးရေသည် ပိုမိုများပြားလျက်ရှိသည့်အတွက် ထိရောက်စွာအသုံးချနိုင်ရေး နိုင်ငံ့အင်အားစုတစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန်ကို ဥပဒေရှုထောင့်မှ ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့အတူ အမျိုးသမီးများအပေါ် အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ အွန်လိုင်းအသုံးပြု၍ အမျိုးသမီးများအား အကြမ်းဖက်ခြင်း၊ ကလေးသူငယ်များအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သော အမျိုးသမီးများ၊ ကလေးသူငယ်များ အကာအကွယ်ပေးရေးဆိုင်ရာဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးနိုင်ရေး ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ ထို့ပြင် သက်ကြီးရွယ်အို ကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်ပြီး ဥပဒေများကို ဖြည့်စွက်ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေး ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ယနေ့တွေ့ဆုံသည့် ကော်မတီများသည် များပြားလှသည့်လုပ်ငန်းတာဝန်များရှိပြီး လွှတ်တော်ကဏ္ဍမြှင့်တင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြစေလိုပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လည်း စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး တည်ဆဲဥပဒေများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်သည့် ဥပဒေသစ်များပြဋ္ဌာန်းပေးခြင်းဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ကောင်းမွန်သော အရွေ့တစ်ခုဖြစ်အောင် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

သတင်းစဉ်

## မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာ၌ ကျေးရွာမြေငှားဂရန်ထုတ်ပေး

မှော်ဘီ ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မှော်ဘီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းက အမှာစကားပြောကြားပြီး မှော်ဘီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်နှင့် တာဝန်ရှိသူများက ကျေးရွာမြေငှားဂရန်ကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ(မှော်ဘီ)



မြောက်ဥက္ကလာပမြို့နယ် လဝကဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစံတင်ဦး ဦးဆောင်သည့် ဝန်ထမ်းများက ဇူလိုင် ၁၇ ရက်တွင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၀၈ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်စဉ်။

သက်လွင်စိုး(ပြန်/ဆက်)

## ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

မကွေး ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ယနေ့နံနက်ပိုင်းက မကွေးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးပြီး ဘင်ခရာ၊ ပန်းဖွားနှင့် Fitness Dance အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ကာယစွမ်းရည်ပြိုင်ပွဲများ၊ လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြဘုတ်များ၊ စာအုပ်အရောင်းဆိုင်များနှင့် ဌာနဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေး၍ ကျောင်းသား ကျောင်းသူများအား အာဟာရဖြည့်အစားအစာနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အတွက် ငွေကျပ် ၅၅ သိန်းကို ပေးအပ်ကာ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုများပေးအပ်ပြီး ပါဝင်ဖျော်ဖြေပေးသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

## ဝမ်းတွင်းမြို့နယ်၌ အကြိုအခြေခံမီးသတ်ပညာသင်တန်းဆင်း

ဝမ်းတွင်း ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံမီးသတ်ပညာသင်တန်းအမှတ်စဉ်(၁/၂၀၂၆)ဆင်းပွဲကို ယမန်နေ့က မြို့နယ်စည်ပင်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြင့်သိန်းက သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌက သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်းနှင့်တံတားများ ပြုပြင် ပေးနိုင်ရေး၊ မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်း ဆောင် ရွက်ပေးနိုင်ရေး၊ ချောင်းတိမ်ကောမှု တူးဖော်ပေးနိုင် ရေး၊ ရေကာတာနံရံတည်ဆောက်ပေးနိုင်ရေး၊ ကျောင်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းနှင့် ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပခုက္ကူမဲဆန္ဒနယ်မှ ဦးလှဝင်းဦး၏ **ပခုက္ကူ မြို့အနောက်ဘက်ရှိ ကျွန်းဦး၊ စပယ်ဦးနှင့် ကျွန်းညို ရွာသစ်ကျေးရွာများအား ရေကြောင်းပြောင်းခြင်းနှင့် မြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေး နိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ပခုက္ကူမြို့ ၏အောက်ဘက် မြစ်ကမ်းတစ်လျှောက် ကျေးရွာများ ဖြစ်သည့် ကျွန်းညိုကြီးအုပ်စု ကျွန်းဦးကျေးရွာ၊ စပယ်ဦးကျေးရွာနှင့် ကျွန်းညိုရွာသစ်ကျေးရွာများ အပါအဝင် မြင်းကျွန်းကျေးရွာအုပ်စုနှင့် တင်းဂတ် ကျေးရွာအုပ်စုရှိ ကျေးရွာများမှာ နှစ်စဉ်မြစ်ရေတက် ချိန်များတွင် ရေဦးထိုးတိုက်စားမှုနှင့် မြစ်ကမ်းပါးပြိုမှု များ ထိန်းသိမ်းရန် တိုက်ရိုက်ကာကွယ်မှုနှင့် သွယ်ဝိုက် ကာကွယ်မှုတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တိုက်ရိုက်ကာကွယ်မှုအနေဖြင့် လက်ရှိကမ်းပြို မှုခံစားနေရသော ကျေးရွာများတစ်လျှောက် သဲအိတ် များ၊ Geo bags အိတ်ကြီးများ ချထားခြင်းနှင့် သွယ်ဝိုက်ကာကွယ်မှုအဖြစ် သောင်တူးဖော်ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေ ဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ကျွန်းညိုကြီး ကျေးရွာ၊ မရိုးကုန်းကျေးရွာနှင့် မြင်းကျွန်းကျေးရွာ အကြား ကမ်းပါးပြိုကျမှု သက်သာစေရေးအတွက် ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေကျပ် ၂၁၅ သန်းဖြင့် သံမဏိကြိုးဆိုင်းရေကာ အလျားပေ ၂၀၀၊ ၁၅ ချောင်း အတန်းလိုက်ချထားခြင်းလုပ်ငန်းကို ဆောင်ရွက်၍ ထိန်းသိမ်းပေးနိုင်ခဲ့ပါကြောင်း။

ပခုက္ကူခရိုင်အတွင်းရှိ ကျေးရွာများ ဧရာဝတီ မြစ်ရေတိုက်စားမှုမှ သက်သာစေရေး သံမဏိကြိုးဆိုင်း ရေကာများဖြင့် ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများ ကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု၏ မိုးရာသီရေများချိန် အရေးပေါ်ကာကွယ်ရေးလုပ်ငန်း ရန်ပုံငွေဖြင့် ထပ်မံဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း၊ ရေကြောင်းပြောင်းလဲခြင်းနှင့် မြစ်ကမ်းပါး ထိန်းသိမ်းခြင်းလုပ်ငန်းများအား နယ်မြေအခြေအနေ အရ လုံခြုံစိတ်ချ၍ လုပ်ငန်းများ အကောင်အထည် ဖော် ဆောင်ရွက်နိုင်သည့်အချိန်တွင် ရန်ပုံငွေရရှိရေး တင်ပြ၍ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ(ခ)ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ်အတွင်းရှိ ဆားကျင်းချောင်း တိမ်ကောမှုအား တူးဖော်ပေးရန်အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက လပွတ္တာမြို့နယ်ရှိ ဆားကျင်းချောင်းသည် ဒီရေ အတက်အကျရှိသောချောင်းဖြစ်၍ သင်္ဘောများ အချိန်မရွေး ဝင်ထွက်သွားလာနိုင်ရေး ချောင်းအတွင်း ရေစူးအနက် ပိုမိုရရှိရန် ရေပါးသောင်များအား တူးဖော် ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့သော် ဒီရေ အတက်အကျရှိသော ချောင်းဖြစ်သည့်အတွက် သုံးနှစ် ခန့်အကြာတွင် နုန်းများ ပြန်လည်ပို့ချနိုင်ပါသဖြင့် နုန်းတားသောအစီအမံများဖြင့် ပူးတွဲဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရန် ချောင်းအား အသေးစိတ်တိုင်းတာမှုများ၊ သင်္ဘောသွားလာမှုများ ကို တိုင်းဒေသကြီးအစိုးရမှ စိစစ်ဆောင်ရွက်ပြီး ဆောင်ရွက်သင့်သည့်အစီအမံများအား ရေးဆွဲရမည် ဖြစ်ပါကြောင်း။



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ ကျင်းပစဉ်။

ဆားကျင်းချောင်းတွင် သင်္ဘောများ အချိန်မရွေး ဝင်ထွက်သွားလာနိုင်ရေးအတွက် ချောင်းအား အသေးစိတ်တိုင်းတာမှုများ ဆောင်ရွက်ပြီး ဆောင်ရွက် သင့်သည့် အစီအမံများအား ရေးဆွဲရမည်ဖြစ်ပါ ကြောင်း၊ သို့ဖြစ်ပါ၍ ဆားကျင်းချောင်း ရေပါးသောင် များအား တူးဖော်ရန်အတွက် ကုန်ကျစရိတ်နှင့် ရရှိ နိုင်မည့် အကျိုးကျေးဇူးများအား နှိုင်းယှဉ်သုံးသပ်၍ ဆောင်ရွက်သွားရမည်ဖြစ်သဖြင့် လတ်တလော၌ ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြား သည်။

ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးကျော်ကျော်အောင်၏ **ဝိုင်းမော်မြို့နယ် မြစ်ကမ်းဘေးနေရာများတွင် ရေကာတာမြစ်ကမ်းထိန်းနံရံ ပေ ၈၂၅၀ အား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အပြီး ဆောင်ရွက်နိုင်ခြင်းမရှိပါက မည်သည့်ဘဏ္ဍာရေးနှစ် တွင် စတင်ဆောင်ရွက်မည်ကို သိရှိလိုခြင်း** မေးခွန်း နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးထွန်းလူက မြစ်ကြီးနားမြို့ ရေကြီးရေလျှံမှုကာကွယ်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ၂၀၂၆- ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် နောင်တာလောကျွန်း သောင်တူးလုပ်ငန်းအား ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ရေလမ်းကြောင်း ဖြောင့်တန်းလာပြီး ဝိုင်းမော်မြို့ ဘက်ခြမ်းတွင် ရေစီးနှုန်းလျော့ကျ၍ ရေတိုက်စားမှု သက်သာစေမည်ဖြစ်ပါကြောင်း။

ဝိုင်းမော်မြို့နယ်အတွင်း ကမ်းပြိုမှုအခြေအနေ မှာ အထက်ဘက် ရေကြောင်းချဉ်းကပ်သည့် မိုင်းနား နှင့် ဟိုးလော်ကျေးရွာတွင် အဓိကတိုက်စားမှုရှိပြီး အောက်ဘက် ဝိုင်းမော်မြို့နှင့် ခတ်ချိုကျေးရွာများတွင် လည်း မြစ်ကမ်းပါးတိုက်စားမှုရှိကြောင်း တွေ့ရှိရပါ ကြောင်း။

ဧရာဝတီမြစ် မြစ်ကြီးနားရေလမ်းအား မျှော်မှန်း ရေလမ်းကြောင်းအတိုင်း ဖြစ်ပေါ်စေရေး ဆောင်ရွက် လျက်ရှိရာ အဆိုပါရေလမ်းကြောင်း စီးဆင်းမှုမှန်ကန် လာပါက ဝိုင်းမော်မြို့နယ် မုတ်လွဲနှင့် ခတ်ချိုကျေးရွာ များ ကမ်းပြိုမှုမှ လျော့နည်းသက်သာလာမည်ဖြစ်ပါ ကြောင်း၊ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများ အနေဖြင့် ဝိုင်းမော်မြို့ မိုင်းနားကျေးရွာအုပ်စုရှိ ဟိုးလော်ရွာ မြစ်ဘေး၌ အလျားပေ ၃၀၀၀ တွင် ဆောင်ရွက်ရန်ကျန်ရှိသည့် အပေါ်ပိုင်း မြေထိန်းနံရံ၊ ကန့်လန့်ကျောက်ရိုးများနှင့် တမံစီခြင်းလုပ်ငန်း အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ ထည့်သွင်းလျာထားမည် ဖြစ်ပါကြောင်းနှင့် အောက်ဘက်ရေလမ်းကြောင်း (Main Channel) တွင် ရေတိုက်စားနိုင်သည့် ခတ်ချိုကျေးရွာ အောက်ပိုင်း ဗောဓိကုန်းနှင့် မခန္တီးကျေးရွာကြား အပိုင်းအား ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် နှစ်အလိုက်လျာထား၍ ဆောင်ရွက်ပေးသွားမည်ဖြစ် ပါကြောင်း ဖြေကြားသည်။

ပေါင်းတည်မဲဆန္ဒနယ်မှ ဒေါ်ဆွေဆွေသင်း၏ **ပေါင်းတည်မြို့နယ် မြို့တွင်းရွာ အခြေခံမူလတန်း ကျောင်းအား အမက(မူလွန်)/အလယ်တန်းကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးနေမျိုးလှိုင်က ပေါင်းတည်မြို့နယ် မြို့တွင်းရွာ အခြေခံပညာမူလတန်းကျောင်းသည် အနီးဆုံး အခြေခံပညာအလယ်တန်းကျောင်းဖြစ် သည့် ဘုရားငါးဆူ အခြေခံပညာအလယ်တန်း ကျောင်းနှင့် ၂ ဒသမ ၂၅ မိုင်ခန့်သာ ကွာဝေးပါကြောင်း၊ အခြေခံပညာဦးစီးဌာန၏ ကျောင်းအဆင့်တိုးမြှင့်ရေး ဆိုင်ရာ သတ်မှတ်ချက်များတွင် တစ်ဆင့်မြင့်ကျောင်း နှင့် သုံးမိုင်အထက်ကွာဝေးခြင်း၊ ကျောင်းမြေပိုင်ဆိုင် မှု ငါးဧကရှိရန်လိုခြင်းစသည့် လျာထားချက်များနှင့် ကိုက်ညီရမည် ဖြစ်ပါကြောင်း။

အဆိုပါ မြို့တွင်းရွာ အခြေခံပညာမူလတန်း ကျောင်း၏ လက်ရှိအခြေအနေအား စိစစ်ရာတွင် ကျောင်းအဆင့်တိုးမြှင့်ရေး လျာထားချက်များနှင့် ကိုက်ညီမှုမရှိပါကြောင်း၊ သို့သော် အခြေခံပညာ မူလတန်း(လွန်)ကျောင်း သို့မဟုတ် အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် လက်ရှိအချိန်တွင် အဆင့်တိုးမြှင့်ပေးရန် ဆောင်ရွက်နိုင်ခြင်း မရှိသေး သော်လည်း အနာဂတ်တွင် ကျောင်းသားဦးရေ၊ ကျောင်းမြေအကျယ်အဝန်းနှင့် အခြားသတ်မှတ် စံနှုန်းများပြည့်မီလာပါက စိစစ်ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တိုက်ကြီးမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **တိုက်ကြီးမြို့နယ်အတွင်းရှိ ကျောင်းကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းအား ကျောင်းဆောင် သစ် ဆောက်လုပ်ပေးပြီး မူလတန်းလွန်ကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တိုက်ကြီးမြို့နယ် ကျောင်းကုန်းကျေးရွာ အခြေခံ ပညာမူလတန်းကျောင်းတွင် ပေ ၆၀ x ၃၀ (၁)ထပ် သစ်သားဆောင်၊ ပေ ၉၀ x ၃၀ RCC (၁)ထပ် စုစုပေါင်း ကျောင်းဆောင်နှစ်ဆောင်ရှိပါကြောင်း၊ မူလတန်း အဆင့်ကျောင်းသား ၇၆ ဦး စာသင်ခန်း ၆ ခန်းဖြင့် သင်ကြားလျက်ရှိသည့်အတွက် ကျောင်းသား/တန်းခွဲ ဦးရေအရ လက်ရှိအခြေအနေတွင် စာသင်ခန်း လုံလောက်မှုရှိပါကြောင်း။

အခြေခံပညာဦးစီးဌာနအနေဖြင့် အခြေခံပညာ မူလတန်းကျောင်းမှ အခြေခံပညာမူလတန်း(လွန်) ကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ရန်အတွက် မူလတန်းအဆင့် ကျောင်းသားဦးရေ ၂၅၀ အထက်ရှိ ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဒေသများ၊ သဘာဝဘေးအန္တရာယ် အတားအဆီးရှိသောဒေသ များဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် နှစ်မိုင်အထက်ကွာဝေးခြင်း၊ သွားလာရလွယ်ကူသော မြေပြန့်ဒေသဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့် ကျောင်းနှင့် သုံးမိုင်အထက်ကွာဝေးခြင်း၊ မြေပိုင်ဆိုင် မှု ငါးဧကရှိရန်လိုခြင်းစသည့် လျာထားချက်များနှင့် ကိုက်ညီရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လက်ရှိတွင် အဆင့်တိုးမြှင့်ပေးရန် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် အနာဂတ် တွင် ကျောင်းသားဦးရေ၊ ကျောင်းမြေအကျယ်အဝန်း နှင့် အခြားသတ်မှတ်စံနှုန်းများ ပြည့်မီလာပါက စိစစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြား သည်။

စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ **စဉ့်ကိုင် မြို့နယ် စိုက်ပျိုးရေးကျေးရွာရှိ အခြေခံပညာ(တွဲ) ကျောင်းအား မူလတန်းကျောင်း(ခွဲ)အဖြစ် ဖွင့်လှစ်နိုင် ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ နယ် မီးသွေးဘုတ်အုပ်စု စိုက်ပျိုးရေးကျေးရွာရှိ ကိုယ့်အားကိုယ်ကိုး အခြေခံပညာ(တွဲ)ကျောင်းသည် မူလတန်းအဆင့် ကျောင်းသားဦးရေ ၄၁ ဦးသာရှိခြင်း၊ ပင်မကျောင်းဖြစ်သော ကင်းတုံ- အခြေခံပညာ မူလတန်းကျောင်းနှင့် နှစ်မိုင်ကျော်သာကွာဝေးသော် လည်း သတ်မှတ်ထားသည့် ကျောင်းသားဦးရေစံနှုန်း နှင့် ကျောင်းမြေပိုင်ဆိုင်မှုစံနှုန်းများ ပြည့်မီမှုမရှိသေး ခြင်းတို့ကြောင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ) အဖြစ် လက်ရှိအချိန်တွင် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေး ရန် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် အနာဂတ်တွင် ကျောင်းသားဦးရေ၊ ကျောင်းမြေ အကျယ်အဝန်းနှင့် အခြားသတ်မှတ်စံနှုန်းများ ပြည့်မီ လာပါက စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုးမိုးဇော်၏ **သဲကုန်းမြို့နယ် အင်းမ-ဆင်မြီးဆွဲ ကျေးလက်လမ်း မှ ကျန်ရှိသော ၁၄ မိုင်ခန့်အား နှစ်အလိုက်ဆက်လက် ခင်းပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က သဲကုန်းမြို့နယ် အင်းမ-ဆင်မြီးဆွဲလမ်း သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းဖြစ်ပြီး လမ်းမိုင်အရှည် ၁၆ မိုင် ၆ ဖာလုံရှိပါ ကြောင်း၊ အဆိုပါလမ်း၏ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၁ မိုင် ၁ ဖာလုံ၊ ကတ္တရာလမ်း ၅ မိုင်၊ ကျောက်လမ်း ၃ မိုင် ၆ ဖာလုံ၊ အမာခံလမ်း ၂ မိုင် ၃ ဖာလုံ၊ မြေသားလမ်း ၄ မိုင် ၄ ဖာလုံ စုစုပေါင်း ၁၆ မိုင် ၆ ဖာလုံ ဖြစ်ပါကြောင်း။

၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် အဆိုပါလမ်း၏ မြေသားလမ်းအပိုင်းများအား ပထမအဆင့်အနေဖြင့် ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်း တစ်မိုင်ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကျန်ရှိသော အမာခံလမ်းနှင့် မြေလမ်း အပိုင်းများအား ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက် ပြီးပါက ၁၂ ပေ အကျယ် ကွန်ကရစ်လမ်းသို့ အဆင့် မြှင့်တင်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ရန်ပုံငွေတွင် နှစ်အလိုက် လျာထားနိုင်ရေး ဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း ၏ **ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် လမ်းများဖြစ်သော ရေခလုတ်-ဒေါင့်ကြီးလမ်း၊ ရုံးတော-ပုဂံစုလမ်း၊ ပန်းတောရိုး-ဝက်ခြံဂယက်လမ်း များအား အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာနှစ် တွင် မည်မျှဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ **စာမျက်နှာ ၆ သို့** ○

○ စာမျက်နှာ ၅ မှ

ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများဖြစ်သော ရေခလုတ် – ဒေါင့်ကြီးလမ်း၊ ရုံးတော–ပုဂံစုလမ်းနှင့် ပန်းတောရိုး – ဝက်ခြံဂယက်လမ်းများသည် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းများဖြစ်ပြီး ရေခလုတ် – ဒေါင့်ကြီးလမ်းသည် အရှည် ၁၁ မိုင် ၁ ဖာလုံ၊ ရုံးတော – ပုဂံစု – ကျုံတာဖျားလမ်းသည် အရှည် ၆ မိုင်နှင့် ပန်းတောရိုး–ဝက်ခြံဂယက် – ပန်းပင်ချောင်လမ်းသည် အရှည် ၆ မိုင် ၆ ဖာလုံခန့်ရှိပါကြောင်း။

အဆိုပါလမ်းပိုင်းများ၌ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ရေခလုတ်–ဒေါင့်ကြီးလမ်း၏ ပျက်စီးမှုများပြားသည့်လမ်းပိုင်းတွင် ကျောက်ခင်းလမ်း အရှည် ၁ ဖာလုံအား ပြုပြင်ခြင်းလုပ်ငန်း၊ ရုံးတော – ပုဂံစု–ကျုံတာဖျားလမ်း၏ ပျက်စီးမှုများပြားသည့် လမ်းပိုင်းတွင် ကျောက်ခင်းလမ်း အရှည် ၃ ဖာလုံအား ချောင်းကျောက်ရောမြေခင်း၍ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရေခလုတ် – ဒေါင့်ကြီးလမ်း လမ်းပိုင်း ၁ မိုင်အား ကျောက်ခင်းလမ်းအသစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခြင်း၊ ရုံးတော – ပုဂံစု – ကျုံတာဖျား လမ်းအရှည် ၁မိုင်အား ကျောက်ခင်းလမ်းခင်းခြင်းလုပ်ငန်း၊ ပန်းတောရိုး–ဝက်ခြံဂယက်–ပန်းပင်ချောင်လမ်း၏ ပျက်စီးမှုများပြားသောလမ်းအပိုင်းများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်း(၃)လမ်း၏ ကျန်ရှိနေသော လမ်းပိုင်းများကိုလည်း ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ် နှစ်အလိုက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်၏ **မတ္တရာမြို့နယ်ရှိ တံငါတံတားအား ပြန်လည်တည်ဆောက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က တံငါတံတားသည် မတ္တရာမြို့နယ် မန္တလေး – မိုးကုတ်ကားလမ်းမကြီးပေါ်တွင် တည်ရှိပြီး တံတားအရှည် ပေ ၃၆၀ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် အကြမ်းဖက်အဖွဲ့များကြောင့် တံငါတံတား၏ ရေလယ်တိုင် P4 တစ်စိတ်တစ်ပိုင်း ကြေမွပျက်စီးခဲ့ပြီး မိုးကုတ်ဘက်ကမ်း ရေလယ်တိုင် P5 နှင့် ကမ်းကပ်ခုံ A2 ကြား ပေ ၆၀ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းများ ကျိုးကျပျက်စီးခဲ့ပါကြောင်း။

လက်ရှိတွင် တံငါတံတားအား တံတားဦးစီးဌာနနှင့် တပ်မတော်စစ်အင်ဂျင်နီယာတပ်ဖွဲ့တို့ ပူးပေါင်း၍ အရှည်ပေ ၂၀ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတား ထိုးခဲ့ပြီး ဘေလီတိုင်စင် ငြမ်းထောက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်၍ တံတားခံနိုင်ဝန်တန် ၃၀ ယာဉ်များ ဖြတ်သန်းခွင့်ပြုထားပါကြောင်း။

တံတားအား ပြန်လည်ပြုပြင်ခြင်းအနေဖြင့် ပျက်စီးသွားသည့်လုပ်ငန်းများအား ဆောင်ရွက်ခဲ့ပါကြောင်း၊ တံတားပေါ်တွင် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ယာဉ်များ ဖြတ်သန်းခွင့်ပြုပေးထားသော ယာယီဘေလီတံတားအား ဖျက်သိမ်းခြင်းမရှိဘဲ ရေလယ်တိုင် P5 နှင့် ကမ်းကပ်ခုံ A2 ကြား ပေ ၆၀ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းအား ယာယီတံတားအောက်မှပြန်လည်တည်ဆောက်သွားမည်ဖြစ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဆောင်ရွက်နေပြီဖြစ်ပါကြောင်းနှင့် ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် **“အခွန်စနစ်နှင့်ပတ်သက်၍ အခွန်ထမ်းပုံစံအမျိုးမျိုးကို တိကျလွယ်ကူစွာ ပေးသွင်းထမ်းဆောင်ကြရန်လိုအပ်ကြောင်း၊ My Myanmar အမည်တပ် ဘားကုတ်စနစ်သုံး ဒီဂျစ်တယ်(အခွန်ထမ်း)ကတ်ဖြင့် အခွန်ငွေများကို ဖြတ်တောက်ကောက်ခံသင့်ကြောင်း၊ ခေတ်မီအလိုအလျောက် ဖြတ်တောက်စနစ်ကို အသုံးပြုသင့်ကြောင်း တင်ပြပြီး အစိုးရနှင့် ပုဂ္ဂလိကဘဏ်စနစ်များ၊ ငွေကြေးလည်ပတ်ပုံ၊ ငွေကြေးစီးဆင်းပုံ၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲစနစ်များကို အထူးတိကျစွာ အသုံးပြုနိုင်ရေးကြိုးပမ်းသင့်ကြောင်း အကြံပြုအဆို”**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း**က လက်ရှိအခွန်ငွေစီးဆင်းနေမှုသည် ဝင်ငွေရလုပ်ငန်းပမာဏအပေါ် အခွန်ဆိုင်ရာရုံးများ ခွဲခြားသတ်မှတ်ထားခြင်း၊ အခွန်ငွေပေးသွင်းခြင်း Payment System ကိုလည်း Self Assessment စနစ်ဖြင့် IRD Website သို့ တိုက်ရိုက်ငွေပေးသွင်းခြင်း၊ Bank Account, MPU, Debit card စနစ်ဖြင့် ငွေပေးသွင်းခြင်း၊ MEB သို့ ငွေသွင်းချလန်၊ ချက်လက်မှတ်ဖြင့် ငွေပေးသွင်းခြင်းများ ဆောင်ရွက်နိုင်ပါကြောင်း၊ နည်းပညာမြင့် ဘားကုတ်စနစ်သုံး ဒီဂျစ်တယ်ကတ် အသုံးပြုစနစ်အပေါ် နိုင်ငံ၏ဘဏ္ဍာငွေကြေး၊ ပြည်သူအားလုံး အခွန်ထမ်းဆောင်ရမည့်အပေါ် နားလည်သဘောပေါက်မှု၊ IRD ဌာန အဆင့်မြှင့်တင်ရန် လိုအပ်ချက်များရှိနေသောကြောင့် အဆိုကို မှတ်တမ်းအဖြစ်ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

**ဘိုကလေး မဲဆန္ဒနယ်မှ ဦးစန်းမောင်**က Digital Taxpayer Card (Barcode/QR Code)ပါဝင်သော အခွန်ထမ်းကတ်သည် ယနေ့ခေတ် e–Government နှင့် Digital Economy အတွက် အလွန်ကောင်းမွန်ပြီး အရေးကြီးသော အခွန်စီမံခန့်ခွဲမှုစနစ်ဖြစ်ပြီး ကမ္ဘာ့နိုင်ငံများတွင် အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

ဘဏ်၊ အခွန်ရုံးနှင့် Online စနစ်ဖြင့် ငွေပေးချေနိုင်အောင် ချိတ်ဆက်ထားပြီး အခွန်ပေးဆောင်မှု မှတ်တမ်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ Update လုပ်နိုင်မည်ဖြစ်ပါကြောင်း။

ယင်းစနစ်သည် အစိုးရအတွက် အခွန်ရှောင်တိမ်းမှုများ နည်းလာခြင်း၊ အခွန်ငွေတိုးတက်လာခြင်း၊ အခွန်ထမ်းစာရင်း အတိအကျရယူ မှတ်တမ်းတင်နိုင်ခြင်းနှင့် အခွန်ယိုစိမ့်မှုများ လျော့နည်းလာခြင်းစသည့် အားသာချက်များ ရနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကုန်ကျစရိတ်လျှော့ချနိုင်ခြင်း၊ စာရွက်စာတမ်းအသုံးပြုမှု လျှော့ချခြင်း၊ ဝန်ထမ်းများ၏ ဝန်ဆောင်မှုလုပ်ငန်းစဉ်များ ပိုမိုသွက်လက်လာခြင်းနှင့် စာရွက်စာတမ်း၊ မှတ်တမ်းများ လျော့နည်းလာမည်ဖြစ်ပါကြောင်း။

အားနည်းချက်အနေဖြင့် စနစ်ချို့ယွင်းမှု (System error)ကြောင့် Customer များ ယုံကြည်မှုလျော့လာနိုင်ပါကြောင်း။ IT infrastruture အတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏများပြားခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခံရမှုများ တွေ့လာနိုင်ပါကြောင်း။

အချို့သော Internet မရသောဒေသများတွင် ဝန်ဆောင်မှု Agency များထားခြင်း၊ ဆိုက်ဘာလုံခြုံရေး အားကောင်းစေရန် ဆောင်ရွက်ခြင်း၊ Data Proctection Law ကို အသစ်ရေးဆွဲ ပြဋ္ဌာန်းစေခြင်း စသည့် ဆောင်ရွက်ရန်လုပ်ငန်းများ များပြားစွာ ရှိနေပါသဖြင့် အဆိုအား မှတ်တမ်းအဖြစ် ထားရှိသင့်ပါကြောင်း ဆွေးနွေးသည်။

**ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်**က မိမိတို့နိုင်ငံတွင် ပြည်သူများ အမှန်တကယ်လိုအပ်အသုံးပြုနေသည့် စား၊ ဝတ်၊ နေရေးအတွက် မရှိမဖြစ် လူသုံးကုန်ပစ္စည်းများ မီးဖိုချောင်သုံးပစ္စည်း၊ ဆန်/ဆီ/ဆေး/ဆားနှင့် ဒေသထွက်ကုန် သီးနှံ/အသား/ ငါး/ကြက်ဥနှင့် နို့ထွက်ပစ္စည်းများ အပြင် စားသောက်ကုန်ပစ္စည်းများကို အတတ်နိုင်ဆုံး အခွန်လျှော့ချပြီး အခြားမဖြစ်မနေသုံးစွဲရန် မလိုအပ်သည့် ပစ္စည်းများ၊ လုပ်ငန်းများနှင့်ပြည်သူများအတွက် ကျန်းမာရေးနှင့် လူနေမှုစနစ်ကို ထိခိုက်ပျက်စီးစေသော စားသောက်ကုန်၊ အသုံးအဆောင်နှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ် အခွန်တိုးမြှင့်ကောက်ယူမှုကို ဆောင်ရွက်သင့်ပါကြောင်း။

အမှန်တကယ် မိမိတို့နိုင်ငံတွင် အခွန်ပေးဆောင်မှုကို အွန်လိုင်းဒစ်ဂျစ်တယ်စနစ်ဖြင့်ဆောင်ရွက်သင့်သည်မှာ ကြာပြီဖြစ်ကြောင်း၊ နိုင်ငံတကာတွင် အခွန်နှင့်ပတ်သက်လျှင် နိုင်ငံသားတိုင်းသိရှိကျွမ်းဝင်ကြပြီး တာဝန်သိကြသကဲ့သို့ နိုင်ငံများအနေဖြင့် အခွန်ကြောင့် ပြည်သူများဝန်မပိစေရန် အခွန်စနစ်ကို ပွင့်လင်းမြင်သာပြီး စနစ်ကျအောင် လုပ်ဆောင်နေကြပါကြောင်း၊ နိုင်ငံတော်အခွန်ငွေများ မလေလွင့်ရအောင် အွန်လိုင်းဒစ်ဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်နိုင်မည်ဆိုလျှင် နိုင်ငံဘဏ္ဍာငွေ တိုးတက်ဖွံ့ဖြိုးတည်ငြိမ်လာပြီး အခွန်အလေအလွင့် နည်းပါးသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းများကို ပိုမိုတိုးချဲ့၍ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**လှိုင်သာယာ(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း**က အခွန်များကို ရှင်းရှင်းလင်းလင်း ထိရောက်စွာ ကောက်ခံနိုင်လျှင် ပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်သော အချို့သောအခွန်များကို လျှော့ချနိုင်သလို အချို့သော အရေးကြီးကိန်ဂဏန်းများတွင်လည်း အခွန်လွတ် tax free Iincentive များပေးပြီး ရင်းနှီးမြှုပ်နှံမှုများကို အားပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ခတ်တွင် digital tax system နှင့် e filing စနစ်များ အသုံးပြုခြင်းဖြင့် အခွန်စနစ် ပိုမိုကောင်းမွန်ရေးအတွက် အထောက်အကူရရှိစေမည် ဖြစ်ပါကြောင်း၊ Vice items များကို အခွန်များ တိုးကောက်ရန် သင့်လျော်ကြောင်း၊ အခွန်စနစ်ပိုမိုရှင်းလင်းပြီးထိရောက် အကျိုးရှိရန် လုပ်ဆောင်မည့် အကြံပြုချက်များကို ထောက်ခံပါကြောင်း ထောက်ခံဆွေးနွေးသည်။

**သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသားကြီး**က ယနေ့ကမ္ဘာကြီးသည် ဒစ်ဂျစ်တယ် စီးပွားရေးခေတ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ငွေသားဖြင့် အရောင်းအဝယ်ပြုလုပ်သည့် စနစ်မှ Mobile Phone, Bank Account, QR Code နှင့် Online ငွေပေးချေမှုများကို အခြေခံသည့်စနစ်သို့ ပြောင်းလဲလာကြပြီဖြစ်ကြောင်း၊ နိုင်ငံတိုးတက်မှုကို တိုင်းတာရာတွင် ဒစ်ဂျစ်တယ်ငွေပေးချေမှုနှင့် အခွန်စနစ်၏ ထိရောက်မှုသည်လည်း အရေးပါသောကဏ္ဍတစ်ခုဖြစ်လာပါကြောင်း၊ ကမ္ဘာ့နိုင်ငံများစွာသည် ဤစနစ်ကို အောင်မြင်စွာ အသုံးပြုနေပြီးဖြစ်ပါကြောင်း၊ ဥပမာ ဂျပန်နိုင်ငံသည် My Number စနစ်ကိုအသုံးပြု၍ နိုင်ငံသားတစ်ဦးချင်းစီ၏ အခွန်ဆိုင်ရာ အချက်အလက်များ၊ လူမှုဖူလုံရေးနှင့် အစိုးရဝန်ဆောင်မှုများကို ချိတ်ဆက်စီမံခန့်ခွဲလျက်ရှိပါကြောင်း၊ ထို့ပြင် တောင်ကိုရီးယားနှင့် အက်စတိုးနီးယားတို့ကဲ့သို့သော နိုင်ငံများတွင်လည်း တစ်ဦးချင်း အမျိုးသားအမှတ်စဉ်နှင့် ဒစ်ဂျစ်တယ်စနစ်များကို အသုံးပြု၍ အခွန်ကောက်ခံမှုကို ပိုမိုတိကျမှန်ကန်စွာ ဆောင်ရွက်နိုင်ခဲ့ကြပြီး အခွန်ရှောင်တိမ်းမှုများကိုလည်း ထိရောက်စွာ လျှော့ချနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံသားတိုင်းအတွက် တစ်ဦးချင်းအမျိုးသားအမှတ်စဉ်ကို အခြေခံသည့် အခွန်ထမ်းမှတ်ပုံတင်စနစ်ကို အဆင့်လိုက်အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း၊ အခွန်းထမ်းကတ် သို့မဟုတ် Smart Card များကို ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ချိတ်ဆက်အသုံးပြုနိုင်ပါက အခွန်ပေးသွင်းမှုများ လွယ်ကူမြန်ဆန်လာမည်ဖြစ်ပါကြောင်း။

ဒစ်ဂျစ်တယ်စနစ်၏ အားသာချက်များမှာ ပွင့်လင်းမြင်သာမှု အားကောင်းခြင်း၊ ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲပြောင်းမှုတိုင်းကို မှတ်တမ်းတင်ထားနိုင်သဖြင့် စစ်ဆေးရလွယ်ကူပြီး အဂတိလိုက်စားမှုများကို လျော့ကျစေမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်အခွန်နှင့်ငွေကြေး စီမံခန့်ခွဲမှုစနစ်သည် ခေတ်မီနိုင်ငံတစ်နိုင်ငံ၏ မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံ တစ်ရပ်ဖြစ်ပါကြောင်း သို့ဖြစ်ပါ၍ အဆိုအားထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ**က အခွန်သည် နိုင်ငံတော်က ပြည်သူထံမှ ရယူသော ငွေကြေးမျှသာမဟုတ်ပါကြောင်း၊ အခွန်သည် နိုင်ငံတည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ မျိုးဆက်သစ်များ၏ အနာဂတ်အတွက် စုဆောင်းငွေ၊ ပြည်သူအချင်းချင်း မျှဝေခံစားသော လူမှုတာဝန်၊ အချုပ်အခြာအာဏာကို ထိန်းသိမ်းသည့် အမျိုးသားအင်အားတို့ဖြစ်ပါကြောင်း၊ မြန်မာလူမျိုးတို့သည် အလှူအတန်းကို မြတ်နိုးသော လူမျိုးဖြစ်ပါကြောင်း၊ ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ခြင်း၊ စာသင်ကျောင်းများလှူဒါန်းခြင်း၊ ဆေးရုံများ တည်ဆောက်ခြင်း၊ တံတားများ ဆောက်လုပ်ခြင်းတို့ကို မိမိတို့၏ စေတနာဖြင့် ပါဝင်လှူဒါန်းလေ့ရှိကြပါကြောင်း၊ ထိုသဘောတရားနှင့်တူညီစွာ အခွန်ပေးဆောင်ခြင်းသည်လည်း အမျိုးသားအကျိုးအတွက် ပြည်သူက စုပေါင်းလှူဒါန်းခြင်း တစ်မျိုးပင်ဖြစ်ပါကြောင်း။

နိုင်ငံတော်တစ်ရပ်၏ အချုပ်အခြာအာဏာကို ခိုင်မာစေသော အခြေခံအုတ်မြစ်မှာ မိမိနိုင်ငံ၏ ဘဏ္ဍာရေးကို မိမိနိုင်ငံသားများ၏ အခွန်ဖြင့်ရပ်တည်နိုင်ခြင်းပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အခွန်ကို ဝင်ငွေရှာဖွေရေးကိရိယာတစ်ခုအဖြစ်သာ မမြင်ဘဲ နိုင်ငံဖွံ့ဖြိုးရေးမူဝါဒ၏ အဓိကအင်ဂျင်အဖြစ် မြင်သင့်ပါကြောင်း။

မြန်မာနိုင်ငံ၏ အခွန်ဝင်ငွေသည် စီးပွားရေးအရွယ်အစားနှင့် နှိုင်းယှဉ်လျှင် နည်းပါးနေဆဲဖြစ်ပါကြောင်း၊ ဤအခြေအနေသည် နိုင်ငံ၏စီးပွားရေးအင်အားနည်းပါးခြင်းကြောင့်သာ မဟုတ်ဘဲ အခွန်အခြေခံ(Tax Base)ကျဉ်းမြောင်းခြင်း၊ အခွန်ရှောင်တိမ်းမှုများခြင်း၊ အလွတ်စီးပွားရေး(Informal Economy) အရွယ်အစားကြီးမားခြင်း၊ ဒစ်ဂျစ်တယ်အခွန်စနစ် မပြည့်စုံသေးခြင်း၊ အခွန်ထမ်းယဉ်ကျေးမှုအားနည်းခြင်းတို့ကြောင့်လည်း ဖြစ်ပါကြောင်း၊ နိုင်ငံတကာ အတွေ့အကြုံများမှ သင်ခန်းစာများအနေဖြင့် အခွန်နှုန်းထားတိုးခြင်းထက် အခွန်စီမံခန့်ခွဲမှုကို ခေတ်မီအောင်ပြုပြင်ရန်၊ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ အခွန်ရှောင်တိမ်းမှုကိုလျှော့ချရန်၊ အခွန်ထမ်းများအတွက် လွယ်ကူမြန်ဆန်သော ဝန်ဆောင်မှုများပေးဆောင်ရန်၊ အခွန်ထမ်းသူဦးရေတိုးချဲ့ပြီး Tax Base ကို ကျယ်ပြန့်စေရန်၊ အခွန်ငွေသုံးစွဲမှုကို ပွင့်လင်းမြင်သာစွာဖော်ပြ၍ ပြည်သူယုံကြည်မှု တည်ဆောက်ရန် အခွန်ပြုပြင်ပြောင်းလဲရေးကို နည်းပညာ၊ ဥပဒေ၊ အုပ်ချုပ်ရေးနှင့် ပြည်သူ ပူးပေါင်းပါဝင်မှုတို့ကို ပေါင်းစပ်ထားသော အမျိုးသားရေးစီမံကိန်းအဖြစ် အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းထက် အခွန်အခြေခံကို ချဲ့ထွင်ခြင်း၊ ဒစ်ဂျစ်တယ်အခွန်စီမံခန့်ခွဲမှု အကောင်အထည်ဖော်ခြင်း၊ ပြည်သူဗဟိုပြုဝန်ဆောင်မှု (Taxpayer–Centric Services) တိုးတက်စေခြင်းနှင့် ပွင့်လင်းမြင်သာမှု (Transparency)ကို မြှင့်တင်ခြင်းတို့ကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

**သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ဒေါ်သန်းသန်းအေး**က မိမိတို့နိုင်ငံ၏ အခွန်ဘဏ္ဍာ တိတိကျကျနှင့် ပြည့်ပြည့်ဝဝမရရှိခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပြည်ပချေးငွေများနှင့် အကူအညီများကို ပိုမိုမှီခိုရစေပြီး ရေရှည်တွင် နိုင်ငံတော်အတွက် ကြွေးမြီဝန်ထုပ်ဝန်ပိုးဖြစ်စေပါကြောင်း၊ မိမိတို့နိုင်ငံ၏ ကိုယ်ပိုင်အခွန်စနစ်ခိုင်မာမှသာ နိုင်ငံရေး၊ စီးပွားရေးအရ လွတ်လပ်စွာဆောင်ရွက်နိုင်ပြီး အချုပ်အခြာအာဏာအတွက်လည်း ပိုမိုတောင့်တင်းခိုင်မာစွာ ရပ်တည်ရန် တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ အခွန်ရှောင်မှုအတွက် အခွန်ရှောင်သူကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူရပါကြောင်း၊ စာရင်းစစ်ဆေးမှုကိုလည်း ပိုမိုထိရောက်စေရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုရန်လိုအပ်သလို အခွန်ပေးမှုစနစ်များကို ခေတ်မီနည်းဖြစ်သည့် ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲပေးခြင်းဖြင့်လည်း အခွန်ရှောင်ရန် အခွင့်အလမ်းလျော့နည်းစေမည်ဖြစ်ပါကြောင်း။

အခွန်စနစ်ကို တိတိကျကျကျင့်သုံးခြင်းဖြင့် မှောင်ခိုလုပ်ငန်းများနှင့် တရားမဝင် စီးပွားရေးလုပ်ငန်းများကို စနစ်တကျထိန်းချုပ်နိုင်ပြီး တရားဝင်ရိုးသားစွာ

စာမျက်နှာ ၇ သို့ ○

❍ စာမျက်နှာ ၆ မှ
လုပ်ကိုင်အခွန်ဆောင်နေကြသည့် လုပ်ငန်းရှင်များကို ကာကွယ်ပေးရာရောက်ပါကြောင်း၊ မရှိမဖြစ်လိုအပ်သော လူသုံးကုန်၊ စားသုံးကုန်ပစ္စည်းများအပေါ် အခွန်ဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးခြင်း၊ ကျန်းမာရေး ထိခိုက်စေသော ကုန်ပစ္စည်းများအပေါ် သင့်လျော်သော အခွန်နှုန်းထားများ တိုးမြှင့်သတ်မှတ်ခြင်းကိစ္စများအား နိုင်ငံတော်မှ သတိကြီးစွာဖြင့် အကျိုးအပြစ်များ တွက်ချက်၍ ဖြစ်သင့်သော အခွန်အား စည်းကြပ်သင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုသည် နိုင်ငံတော်၏ ဘတ်ဂျက်ကိုအရှိန်အဟုန်ဖြင့် တိုးတက်စေမည့်အပြင် ကုန်ဈေးနှုန်းကျဆင်းရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကိုပါ အထောက်အကူပြုနိုင်ခြင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွား၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျှတမှုရှိသောလူ့အဖွဲ့အစည်း တည်ဆောက်ရေးတို့အတွက် အလွန်ခေတ်မီပြီး မဖြစ်မနေဆောင်ရွက်ရမည့်ကိစ္စပါသည့် အဆိုတစ်ခုဖြစ်ပါသဖြင့် ဤလွှတ်တော်က အတည်ပြုပေးပါရန် အဆိုအား ထောက်ခံဆွေးနွေးသည်။

မလှိုင် မဲဆန္ဒနယ်မှ **ဦးအောင်ကျော်သူ**က အခွန်ပေးဆောင်ခြင်းသည် ဝန်ထုပ်ဝန်ပိုး မဟုတ်ဘဲ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွယ်ကူဆုံး ပါဝင်မှုတစ်ခုအဖြစ် ခံစားသိမြင်စေခြင်းသည် အခွန်စနစ်အောင်မြင်ရေး၏ အဓိကသော့ချက်တစ်ခုဖြစ်ပြီး ထိုသို့အောင်မြင်စေရန်အတွက် ဒစ်ဂျစ်တယ်စနစ်များ၊ ရိုးရှင်းသောပုံစံများနှင့် အခက်အခဲများ မရှိစေရေးတို့ကို သတိပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ဒစ်ဂျစ်တယ်အခွန်ကောက်ခံမှုစနစ်ဖြင့် အခွန်များ ဖြတ်တောက်ကောက်ခံခြင်း ဆောင်ရွက်နိုင်ပါက အခွန်ငွေတိုးပွားစေနိုင်ခြင်း၊ (e-invoices) စနစ်ကဲ့သို့ ပြောင်းလဲအသုံးပြုခြင်းဖြင့် အခွန်ထမ်းများ၏ အရောင်းအဝယ်စနစ်ကို ပိုမိုမြင်သာစေနိုင်ပြီး အခွန်ပိုမိုတိုးတက် ရရှိနိုင်ခြင်း၊ ဒစ်ဂျစ်တယ်ငွေပေးချေမှုအရ လာဘ်ပေးလာဘ်ယူမှုများကို လျှော့ချနိုင်ကာ အခွန်ဌာနများအတွက် အချက်အလက်အရည်အသွေးနှင့် စောင့်ကြည့်နိုင်မှုတို့ကို မြှင့်တင်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ အခြေခံအဆောက်အအုံ (infrastructure) ဆိုင်ရာ အခက်အခဲ အတားအဆီးများ၊ အင်တာနက်ဆက်သွယ်မှုစနစ်နှင့် လျှပ်စစ်မီး လိုအပ်ချက်များသည်လည်း ဒစ်ဂျစ်တယ်စနစ်ကို အကန့်အသတ်ဖြစ်စေနိုင်သောကြောင့် နိုင်ငံတကာမှ ဒစ်ဂျစ်တယ်စနစ်ဖြင့် အခွန်ငွေကောက်ခံရေးဆိုင်ရာ အောင်မြင်ဆုံးရှုံးမှုများကို စနစ်တကျလေ့လာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ပါရန် အဆိုအား လေးနက်စွာထောက်ခံဆွေးနွေးသည်။

မြောင်းမြ မဲဆန္ဒနယ်မှ **ဒေါ်မြင့်စန္ဒာအောင်**က မြန်မာနိုင်ငံတွင် ကောက်ခံလေ့ရှိသော အဓိကအခွန်ကြီးလေးမျိုးမှာ ဝင်ငွေခွန်တစ်ဦးချင်းစီ၏ လစာဝင်ငွေ ကုမ္ပဏီလုပ်ငန်းများ၏ အမြတ်အစွန်းပေါ်တွင် သတ်မှတ်ရာခိုင်နှုန်းလိုက် ကောက်ခံခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ကုန်စည်များထုတ်လုပ်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပေါ်တွင် ကျသင့်သည့် သတ်မှတ်ခွန်အဖြစ် အထူးကုန်စည်ခွန် (special good tax)ဆေးလိပ်၊ အရက်၊ ဘီယာ၊ လောင်စာဆီနှင့် ဇိမ်ခံပစ္စည်းများကဲ့သို့ သတ်မှတ်ထားသော အထူးကုန်စည်များအပေါ် သီးသန့်ကောက်ခံသည့် အခွန်နှင့် တံဆိပ်ခေါင်းခွန် စာချုပ်စာတမ်းများ၊ အိမ်ခြံမြေအရောင်းအဝယ် ငှားရမ်းခြင်းစာချုပ်များ တရားဝင်အတည်ဖြစ်စေရန် တံဆိပ်ခေါင်းကပ်၍ ပေးဆောင်ရသောအခွန်တို့ဖြစ်ပါကြောင်း။

အခွန်ထမ်းပြည်သူများ နိုင်ငံတော်သို့ အခွန်ပေးဆောင်ရာတွင် ငွေသား၊ ချက်လက်မှတ်များ အသုံးပြုပြီး လူကိုယ်တိုင်လာရောက် အခွန်ပေးသွင်းနေရမည့်အစား electronic ငွေပေးချေမှုစနစ်ကို အသုံးပြုပြီး အခွန်ပေးဆောင်ခြင်းဖြင့် သက်ဆိုင်ရာ အခွန်ရုံးနှင့် သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တို့သို့ သွားရောက်ရသည့်အချိန်နှင့် ကုန်ကျစရိတ်သက်သာခြင်း၊ ငွေကြေးများကိုင်ဆောင်၍ သွားလာရန် မလိုအပ်သဖြင့် ငွေကြေးဆုံးရှုံးမှုအန္တရာယ်မရှိနိုင်ခြင်း၊ အလွဲသုံးစားမှုနှင့် မသမာမှုအန္တရာယ်များ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးနှင့် digital အသွင်ကူးပြောင်းရေးကာလတွင် အစိုးရနှင့် ပုဂ္ဂလိကဘဏ်စနစ်များအကြား ငွေကြေးလည်ပတ်မှု၊ စီးဆင်းမှုနှင့် ငွေသွင်းငွေထုတ် ငွေလွှဲစနစ်များ တိကျခိုင်မာရေးသည် အခွန်ထမ်းကတ်စနစ် အောင်မြင်ရန်အတွက် အဓိကကျောရိုးဖြစ်ပါကြောင်း။

digital စနစ်ကူးပြောင်းခြင်း digitalization သည် အရှိန်ဟုန်ပြင်းစွာ ဖွံ့ဖြိုးတိုးတက်နေပြီး ပါဝင်ပတ်သက်နေသူများအတွက် အကျိုးကျေးဇူးများစွာကို ဆောင်ကြဉ်းပေးလျက်ရှိသော်လည်း နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် အခွန်ရှောင်ကွင်းရာနေရာများနှင့် အတုအယောင် အမြတ်စွန်းပြောင်းရွှေ့ခြင်းလုပ်ငန်း လည်ပတ်ရာနိုင်ငံများရှိဥပဒေဟာကွက်များကို အခွင့်ကောင်းယူကြပြီး အဆင့်မြင့်အခွန်ဆိုင်ရာ စီမံဖန်တီးမှုများဖြစ်သည့် အထူးရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသော လုပ်ငန်းဆောင်ရွက်မှုယန္တရားများ၊ အထူးအခွင့်အရေးပေးသည့် စနစ်များကို အသုံးပြုကာ အခွန်နှုန်းထား ပိုမိုသက်သာခွင့်ရရှိအောင် လုပ်ဆောင်ကြခြင်း စသည့်အခြေအနေများကို ရှောင်ရှားနိုင်ရန် ကြိုတင်စဉ်းစားပြီး မည်သို့ကာကွယ်ကြမည်ဆိုသည့် စီမံချက်များရေးဆွဲကြရန် လိုအပ်သကဲ့သို့ မိမိတို့နိုင်ငံ၏ လက်ရှိတည်ရှိနေသည့် အခြေခံအဆောက်အအုံများနှင့် လိုက်လျောညီထွေရှိပြီး နိုင်ငံတော်ကို ဆတက်ထမ်းပိုးပံ့ပိုးနိုင်မည့် အခွန်စနစ်ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်ဖြစ်လာနိုင်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့်လည်း အခွန်ထမ်းပြည်သူများက အခွန်ငွေပေးဆောင်ရာတွင် ဘဏ်များသို့ ငွေသားချက်လက်မှတ်များ၊ Payment Order (PO) များ၊ ငွေသွင်းချလန်များကို လူကိုယ်တိုင်(သို့မဟုတ်) ကိုယ်စားလှယ်မှတစ်ဆင့် သွားရောက်ပေးသွင်းခြင်း နည်းလမ်းအစား လုံခြုံစိတ်ချမှုရှိပြီး အခွန်ပေးဆောင်မှုအဆင့်များတွင် လွယ်ကူမြန်ဆန်စွာ ပေးဆောင်နိုင်ရန်အတွက် အီလက်ထရောနစ် ငွေပေးချေမှုစနစ်များကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်ရန် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း။

အကောက်ခွန်ဦးစီးဌာနအနေဖြင့်လည်း ပြည်ပမှတင်သွင်းသည့် ကုန်ပစ္စည်းများအတွက် အခွန်ငွေပေးသွင်းမှုများ တိကျမှန်ကန်စေရန် မြန်မာအလိုအလျောက် (Myanmar Automated Cargo Clearance System-MACCS)တွင် e-Payment စနစ်ကိုအသုံးပြု၍ အခွန်ပေးဆောင်ခြင်းဖြင့် လည်းကောင်း၊ MACCS Online Payment System-MOPS စနစ်အသုံးပြု၍ ပုဂ္ဂလိကဘဏ်(၆)ဘဏ်ဖြင့် ချိတ်ဆက်၍ အခွန်ငွေပေးဆောင်ခြင်းဖြင့်လည်းကောင်း အခွန်ငွေများ စနစ်တကျပေးသွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းမှတ်ပုံတင်ခြင်းကို UID စနစ်နှင့် ချိတ်ဆက်နိုင်ခြင်း မရှိသေးသော်လည်း အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်ခြင်းစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ အဆိုပါစနစ်ကိုအသုံးပြုပြီး ကုမ္ပဏီ၊ တစ်ဦးချင်း ပုဂ္ဂိုလ်စသည်ဖြင့် အခွန်ထမ်းပုဂ္ဂိုလ်အမျိုးအစားအလိုက် ဂဏန်း ၉ လုံးပါသည့် TIN နံပါတ်များကို သတ်မှတ်ပေးလျက်ရှိပါကြောင်း။

အခွန်ထမ်းများအနေဖြင့် TIN နံပါတ်လျှောက်ထားခြင်းကို ပြည်တွင်းအခွန်များဦးစီးဌာန website တွင်ရှိသည့် အီလက်ထရောနစ် အခွန်ထမ်းမှတ်ပုံတင်ခြင်းစနစ်သို့ ဝင်ရောက်၍ အွန်လိုင်းမှတစ်ဆင့် လွယ်ကူလျင်မြန်စွာလျှောက်ထားနိုင်ရန် စီမံဆောင်ရွက်ပေးထားပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်ကြီးများ၏ ဆွေးနွေးတင်ပြချက်များတွင် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာရေးအတွက် အခွန်များ လျှော့ပေါ့ပေးနိုင်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုများအပေါ် အခွန်လျှော့ပေါ့ရေးကိစ္စ စသည့်ကိစ္စများလည်း ပါဝင်သည်ကို တွေ့ရှိရပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြဋ္ဌာန်းရခြင်းဖြစ်သည့်အတွက် အခွန်နှုန်းလျှော့ပေါ့ရေးကိစ္စကို ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ တင်သွင်းသည့်အခါ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အနေဖြင့် ဝိုင်းဝန်းသုံးသပ် ဆွေးနွေးဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုအား မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အဆိုအပေါ် ဆောင်ရွက်မည့် အဆင့်ဆင့်သောလုပ်ငန်း တိုးတက်မှုအခြေအနေများကို စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်သွားရန်နှင့် အဆိုကို မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် **“ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်းက လွှတ်တော်သို့တင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးတင်ရွှေက စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။


တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ဇူလိုင် ၂၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# ပြည်ထောင်စုရာထူးဝန်အဖွဲ့က ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအတွက် ပြန်တမ်းဝင်အဆင့် စတင်ခန့်အရာထမ်းရာထူးများကို တစ်နှစ်လျှင် ကြော်ငြာသုံးကြိမ်ခေါ်ယူ၍ စနစ်တကျရွေးချယ်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၀



ပြည်ထောင်စု ရာထူးဝန်အဖွဲ့က ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအတွက် ပြန်တမ်းဝင်အဆင့် စတင်ခန့် အရာထမ်းရာထူးများကို တစ်နှစ်လျှင် ကြော်ငြာသုံးကြိမ်ခေါ်ယူ၍ ရေးဖြေစာမေးပွဲ စစ်ဆေးခြင်း၊ စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းတို့ကို ရွေးချယ်ရေးလုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ ရွေးချယ်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ ကြော်ငြာစာအမှတ် (၁/၂၀၂၆) ပါ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း(၂၄) ခုတွင် လစ်လပ်လျက်ရှိသော ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူး ၆၅၃ နေရာအတွက် ရေးဖြေစာမေးပွဲကို မေ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် စာစစ်ဌာန ငါးခု၌ ဖြေဆိုခဲ့ကြပြီး အဆိုပါ ရေးဖြေစာမေးပွဲတွင် ရေးဖြေအောင်မြင်သူ နိုင်ငံ့ဝန်ထမ်း အမှုထမ်းများနှင့် ပြင်ပဖြေဆို ပုဂ္ဂိုလ် ၃၄၆ ဦးတို့အတွက် စိတ်အခြေအနေ စစ်ဆေးခြင်းနှင့် လူတွေ့စစ်ဆေးခြင်းတို့ကို ဇူလိုင် ၁၄ ရက်မှ ၂၂ ရက်အထိ နေပြည်တော်ရှိ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)၌ ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းက ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်းသည် ပြန်တမ်းဝင်အရာရှိအဆင့် စတင်ခန့် လစ်လပ်ရာထူးများတွင် ရွေးချယ်ခန့်ထားမည့် နိုင်ငံ့ဝန်ထမ်း အမှုထမ်းများနှင့် ပြင်ပဖြေဆို ပုဂ္ဂိုလ်များအား စိတ်အခြေအနေ စစ်ဆေးရေးအဖွဲ့များက ရေးဖြေနှင့် လူတွေ့စိတ်အခြေအနေ စစ်ဆေးနေမှု၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များက လူတွေ့ စစ်ဆေးရေးအဖွဲ့များခွဲ၍ လူတွေ့စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စာမေးပွဲလာရောက်ဖြေဆိုကြသူများကို နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့ကြားက ပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ **“ သဘာဝဘေးကို ရင်စည်းခံနေရသော ပြည်သူများနှင့် အကြမ်းဖက် ဖျက်ဆီးရေးသမားတွေကြောင့် ကူညီခွင့်မရဘဲ လက်ပိုက်ကြည့်နေရသော ပရဟိတသမားများ”** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဇူလိုင် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက် PDF တို့ရဲ့ ယုတ်မာအောက်တန်းကျတဲ့ စိတ်ဓာတ်”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၄ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၆) ဒေါ်အေးချမ်းမုံ၏ **လယ်ယာမြေအငြင်းပွားမှုများနှင့်စပ်လျဉ်း၍ လက်ရှိဥပဒေပြဋ္ဌာန်းချက်များကို ကျင့်သုံးရာတွင် ဖြစ်ပေါ်နေသည့် စီရင်ပိုင်ခွင့်ဆိုင်ရာ မရှင်းလင်းမှုများအပေါ် ပြည်သူများအနေဖြင့် သံသယကင်းရှင်းစွာ နားလည်နိုင်စေရန် လယ်ယာမြေအငြင်းပွားမှုများ ဖြစ်ပေါ်လာပါက တရားရုံးနှင့် လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့တို့အနက် မည်သည့်အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ကို အတည်ယူရမည်ဖြစ်ကြောင်း ရှင်းလင်းစွာ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ ၇)ရရှိသူများအနေဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများ ပေါ်ပေါက်လာပါက လယ်ယာမြေ ဥပဒေပုဒ်မ ၂၂ နှင့်အညီ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွင် မူလမှုခင်းဖွင့်လှစ်ဆောင်ရွက်နိုင်ပါကြောင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်အမိန့်အား ကျေနပ်မှုမရှိပါက လယ်ယာမြေဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (က)နှင့်အညီ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အယူခံဝင်ရောက်နိုင်ပါကြောင်း၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက လယ်ယာမြေ ဥပဒေပုဒ်မ ၂၄ ပုဒ်မခွဲ(က)နှင့်အညီ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အယူခံဝင်ရောက်နိုင်ပါကြောင်း၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက လယ်ယာမြေ ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (က) နှင့်အညီ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံဝင်ရောက်နိုင်ပါကြောင်း၊ လယ်ယာမြေ ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (ဂ) အရ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပါကြောင်း။

လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုမဟုတ်ဘဲ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက လယ်ယာမြေ ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ (ဂ)နှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ကို ခံယူခွင့်ရှိပါကြောင်း၊ သို့ပါ၍ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်၏ အဆုံးအဖြတ်ကို ခံယူရမည်ဖြစ်ပြီး နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုမဟုတ်ဘဲ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ကို ခံယူခွင့်ရှိပါကြောင်းကို တည်ဆဲလယ်ယာမြေဥပဒေတွင် ရှင်းလင်းစွာ ပြဋ္ဌာန်းထားပါကြောင်း ဖြေကြားသည်။




တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကျင်းပစဉ်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးသိန်းမြင့်၏ **မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကလိုင်းကနိုင်ကျေးရွာရှိ ပက်ကလက်တူးမြောင်းနှင့် စံပယ်ဂူလမ်းဘေး တူးမြောင်းအနီးတွင် ရေထိန်းတံခါး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ပက်ကလက်တောင် တူးမြောင်းပေါ်ရှိ သစ်သားတံတားသည် ဟောင်းနွမ်းပျက်စီးနေ၍ (၆x၆)ပေ ရေတံခါးပေါက် ငါးပေါက်ပါဝင်ပြီး အကျယ် ၁၃ ပေရှိသော ရေထိန်းတံခါးတစ်ခု အစားထိုးတည်ဆောက်ပေးခြင်းဖြင့် မိုးရာသီကုန်ဆုံးချိန်တွင် အတ္ထရံမြစ်မှ ရေချိုကို သွင်းယူပြီး ကလိုင်းကနိုင်ကျေးရွာ ကွင်းအမှတ် (၅၈၀-က)၊ ၅၈၀ ကျောက်တောင်ကွင်းနှင့် ကတုံကြပ်ကွင်းရှိမြေဧရိယာ ဧက ၃၀၀ ခန့်နှင့် ရှင်စောပုရပ်ကွက်ကွင်းအမှတ် (၅၇၉-ခ) ကျုံဖွဲ့ကွင်းရှိ မြေဧရိယာ ဧက ၁၅၀ ခန့်၊ စုစုပေါင်းမြေဧရိယာ ဧက ၄၅၀ ခန့်အား နွေစပါး၊ ဆောင်းသီးနှံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင် တောင်သူများအနေဖြင့် လယ်ယာကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နိုင်ရေးနှင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးအတွက် တံတားအဖြစ်ဖြင့် ရေထိန်းတံခါးပေါ်မှ အဆင်ပြေချောမွေ့စွာ ကူးသန်းသွားလာနိုင်မည်ဖြစ်ပါကြောင်း။

သို့ပါ၍ ပက်ကလက်တောင် တူးမြောင်းပေါ်တွင် ရေထိန်းတံခါး တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် တင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် စီမံသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁) ဦးရခွီဖုန် (Rakwi Pung)၏ **ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုပြည်သူ့ဆေးရုံအား ခုတင် (၁၀၀)ဆံ့ဆေးရုံမှ ခုတင်(၃၀၀)ဆံ့ဆေးရုံအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီ အစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ ဆေးရုံ(၁)ရုံ၊ ၂၅ ခုတင်ဆံ့ မူးယစ်ဆေးစွဲရောဂါကုဆေးရုံ(၁)ရုံ၊ မူလာရှီဒီးတိုက်နယ်ဆေးရုံ၊ လုံရှာယန်တိုက်နယ်ဆေးရုံနှင့် မန်စေတိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံငါးရုံ ဖွင့်လှစ်ထားရှိပါကြောင်း၊ ပူတာအိုပြည်သူ့ဆေးရုံသည် ခုတင် ၅၀၀ ဆံ့ မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီးနှင့် ၂၁၈ မိုင်ကွာဝေးပြီး ပူတာအို ပြည်သူ့ဆေးရုံ၏ (၃)နှစ်အတွင်း ပျမ်းမျှ အတွင်းလူနာဦးရေမှာ ၄၀ နှင့် ဆေးရုံခွင့်ပြုခုတင် အသုံးပြုမှု ရာခိုင်နှုန်းမှာ(၄၀ ရာခိုင်နှုန်း)ရှိပါကြောင်း၊ ဆေးရုံခွင့်ပြုခုတင် အသုံးပြုမှု ရာခိုင်နှုန်းသည် သတ်မှတ်ထားသောမူအရ ခုတင်(၁၀၀)မှ ခုတင်(၂၀၀) အဆင့်သို့ ဦးစွာတိုးမြှင့်ပေးရမည်ဖြစ်ပြီး အဆင့်မြှင့်တင်ရန် ခွင့်ပြုခုတင် အသုံးပြုမှုရာခိုင်နှုန်းပြည့်မီရန် လိုအပ်လျက်ရှိနေပါ၍ လတ်တလော ဆေးရုံအဆင့်မြှင့်တင်ရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးစောသွင်၏ **မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရွာသာယာကျေးရွာအုပ်စုတွင် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအား ၂၅ ခုတင်ဆံ့ တိုက်နယ်ဆေးရုံအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်တွင် ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး(၁)ရုံ၊ ၂၅ ခုတင်ဆံ့ စကုဆေးရုံ (၁)ရုံ၊ ရွာသာယာတိုက်နယ်ဆေးရုံနှင့် မုန်တောင်တိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံ(၄)ရုံ ဖွင့်လှစ်ထားရှိပါကြောင်း၊ ရွာသာယာတိုက်နယ်ဆေးရုံသည် မကွေးပြည်သူ့ဆေးရုံကြီးနှင့် (၁၁)မိုင်၊ မင်းလှမြို့နယ်ဆေးရုံနှင့်(၁၀)မိုင်၊ မင်းဘူးပြည်သူ့ဆေးရုံကြီးနှင့် (၉)မိုင်ခန့်သာကွာဝေးပါကြောင်း၊ ရွာသာယာတိုက်နယ်ဆေးရုံ၏ (၃)နှစ်အတွင်း တစ်ရက် ပျမ်းမျှအတွင်း လူနာဦးရေသည် (၈)ဦးသာရှိပြီး ဆေးရုံခွင့်ပြု ခုတင်အသုံးပြုမှုရာခိုင် နှုန်းမှာ (၅၀ ရာခိုင်နှုန်း)သာရှိပါကြောင်း၊ သတ်မှတ်ချက်များအရ ဆေးရုံအဆင့်မြှင့်တင်ရန် (၃)နှစ်အတွင်း ခွင့်ပြုခုတင် အသုံးပြုမှုရာခိုင်နှုန်း ပြည့်မီရန် လိုအပ်လျက်ရှိပါသဖြင့် လတ်တလော (၂၅)ခုတင်ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ရန် အစီအစဉ် မရှိသေးပါကြောင်းနှင့် ဆေးရုံလုပ်ငန်းဆောင်ရွက်ချက်များ တိုးတက်လာပြီး စံသတ်မှတ်ချက်များနှင့် ကိုက်ညီသည့်အချိန်တွင် ပြန်လည်ဆန်းစစ်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိတွင်လည်း လိုအပ်လျက်ရှိသည့် ဆေးရုံအဆောက်အအုံများအား ကျန်းမာရေးဝန်ကြီးဌာန၏ စံသတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးအောင်မင်းနိုင်၏ **ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ဆေးရုံကြီးများတွင် အရေးပေါ်ကုသသူ ဆရာဝန်/ဆရာမများ အရေးပေါ်ပြုစုစောင့်ရှောက်မှု အရည်အသွေးများ မြင့်မားလာစေရန် တိုက်နယ်ဆရာဝန်များ၊ မြို့နယ် ဆရာဝန်များအား Emergency Care Training and Basic Life Support သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက Emergency Care Training များကို အထူးအစီအစဉ်အနေဖြင့် ဆေးတက္ကသိုလ်များရှိအရေးပေါ်ကုသမှု ဆေးပညာဌာနများမှ ပါမောက္ခများ ဦးဆောင်ကာ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးသို့ သွားရောက်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အတွင်းရှိ မြို့နယ်ကုသရေး ဦးစီးဌာနမှူးများ၊ တိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန်၊ လက်ထောက်ဆရာဝန်များနှင့် သူနာပြုများအတွက် သင်တန်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထို့ပြင် သင်တန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ် ကုသမှုဆေးပညာ မဟာသိပ္ပံများကို ဆေးတက္ကသိုလ်များအလိုက် ဖွင့်လှစ်ကာ အရေးပေါ် ကုသမှုဆေးပညာဆိုင်ရာ အထူးကုဆရာဝန်များကို ပိုမိုမွေးထုတ်လျက်ရှိပြီး မြို့နယ် ကုသရေးဦးစီးဌာနမှူးများ၊ တိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန်များအတွက် အခြေခံ အရေးပေါ်ကုသမှုဒီပလိုမာ (Online) သင်တန်းကိုလည်း လုပ်ငန်းခွင်မပျက် တက်ရောက်နိုင်ရန် ဖွင့်လှစ်ပေးထားပြီး ဒုတိယနှစ်ရောက်ရှိပြီဖြစ်ပါကြောင်း၊ သူနာပြုများအတွက် အရေးပေါ် သူနာပြုစုမှုပညာဒီပလိုမာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ဆရာဝန်၊ သူနာပြုများအတွက် သာမက အထောက်အကူပြု ကျန်းမာရေးဝန်ထမ်းများအတွက်လည်း ရှေးဦးအသက်ကယ်ပြုစု ကုသမှုသင်တန်း (First Responder Course) များကို လိုအပ်ချက်နှင့်အညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အရေးပေါ် ကုသမှုဆိုင်ရာသင်တန်းများသည် စာတွေ့သာမက လက်တွေ့ကျွမ်းကျင်မှုတွင် လိုအပ်သည့် သင်တန်းများဖြစ်သောကြောင့် သင်တန်းများ ဆောင်ရွက်ရာတွင်လည်း အရည်အသွေးကောင်းမွန်စေရေးအတွက် ဆေးတက္ကသိုလ်များ၏ အရေးပေါ်ကုသမှု ဆေးပညာဌာနမှ ပါမောက္ခများက ဦးဆောင်ပြီး သင်ကြားရေးအထောက်အကူပြု ပစ္စည်းများ အပြည့်အစုံဖြင့် နိုင်ငံတကာသင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားပေးနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC) တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ Emergency Care Training & Basic Life Support (BLS) Training များကိုစဉ်ဆက်မပြတ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး လူ့စွမ်းအားအရင်းအမြစ် တိုးတက်မှုနှင့်အညီ ပိုမိုတိုးချဲ့ဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ် (၆) ဦးမျိုးသန့်၏ **လယ်ယာမြေနည်းဥပဒေ ၂၀၁၂ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၂ ၏ အခန်း ၁၂ ပါ ပုဒ်မ ၁၀၃၊ ပုဒ်မ ၁၀၄၊ ပုဒ်မ ၁၀၆ ၏ ပုဒ်မခွဲ(က)(ခ)(စ) နှင့် ပုဒ်မ ၁၁၂ ၏ ပုဒ်မခွဲ(က)တို့အား ပြင်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၉) ဒေါ်ကျင်သိန်း**ကအခန်း (၁၂) ပုဒ်မ (၁၀၃)တွင် "နှစ်စဉ်နှစ်တိုင်းပြောင်းလဲလေ့ရှိသဖြင့် ပေါ်ထွန်းသော မြေနုကျွန်း၊ ကျွန်းမြေနှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ကို နှစ်စဉ်ချထားရမည်" ဟု ပါရှိပါကြောင်း၊ ရေကျ၍ ကျွန်းပြန်ပေါ်လာချိန်တွင် ပုံသဏ္ဍာန်၊ တည်နေရာများ ပြောင်းလဲသွားသော မြေနုကျွန်းမြေအသစ်များကိုသာ လုပ်ပိုင်ခွင့်ထားနိုင်သဖြင့် လုပ်ပိုင်ခွင့်ရသူအငြင်းပွားခြင်း ပြဿနာကို လျှော့ချနိုင်ရေးအတွက် "နှစ်စဉ်နှစ်တိုင်းပြောင်းလဲလေ့ရှိသဖြင့် ပြောင်းလဲပေါ်ထွန်းလာသော မြေနုကျွန်းမြေ အသစ်နှင့်စပ်လျဉ်း၍ လုပ်ပိုင်ခွင့်ကို နှစ်စဉ်ချထားရမည်"ဟု ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း။

ပုဒ်မ(၁၀၄)တွင် "မြေနုကျွန်းမြေလုပ်ပိုင်ခွင့်ကို တစ်နှစ်တစ်ရာသီအတွက်သာ ချထားရမည်ဖြစ်ပြီး နှစ်စဉ်နွေထယ်ရေးအမီ ကျွန်းရေမလွှမ်းမိုးမီကတည်းကပင် ကြိုတင်စီမံထားရမည်"ဟု ဖော်ပြထားပါကြောင်း၊ ထိုစာသား**အစား** "ရေကျ၍ ပြန်ပေါ်လာချိန်တွင် ပုံသဏ္ဍာန်တည်နေရာများ မပြောင်းလဲသည့် မြေနုကျွန်းကို မူလလုပ်ပိုင်ခွင့်ရထားသူအားခွင့်ပြုပြီး ပြောင်းလဲသွားသော မြေနုကျွန်းမြေအသစ်၏ လုပ်ပိုင်ခွင့်ကို စီးပွားရေးစစ်တမ်းအရ ထွန်ယက်စိုက်ပျိုးနိုင်သောအင်အားရှိသည့် လယ်မဲ့ယာမဲ့များ၊ သူရင်းငှားများနှင့် လယ်ယာလုပ်သားများကိုသာ လုပ်ပိုင်ခွင့်ချထားရန်ဖြစ်ပြီး နှစ်စဉ် နွေထယ်ရေးအမီ ကျွန်းရေမလွှမ်းမိုးမီကတည်းကပင် ကြိုတင်စီမံထားရမည်"ဟုပြင်ဆင်ပေးစေလိုပါကြောင်း၊ ထိုသို့ပြင်ဆင်ခြင်းဖြင့် မူလလုပ်ကိုင်သူအခွင့်အရေးအား မထိခိုက်မနစ်နာစေရန်နှင့်

**စာမျက်နှာ ၉ သို့** ✪

❂ စာမျက်နှာ ၈ မှ

မြေနုကျွန်းမြေအသစ် လုပ်ပိုင်ခွင့်ရရှိသူအား ပိုင်ရှင်အငြင်းပွားမှု မရှိဘဲ အရှုပ်အရှင်းကင်းစွာ လုပ်ကိုင်ခွင့်ရရှိစေမည်ဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း**က နည်းဥပဒေပုဒ်မ (၁၀၃)နှင့် (၁၀၄)ပါ "တစ်နှစ် တစ်ရာသီလုပ်ပိုင်ခွင့်" စနစ်ကြောင့် တောင်သူများ ဘဝအာမခံချက်ပျောက်ဆုံးနေပါကြောင်း၊ မြေနုကျွန်းမြေ ခွဲဝေရရှိထားသော တောင်သူများ၏ စိုက်ပျိုးလုပ်ပိုင်ခွင့်၊ ဆက်ခံပိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့် အာမခံချက် ပိုမိုခိုင်မာလာစေရန် ဥပဒေတွင် "သင့်လျော်သော ကာလအပိုင်းအခြား သို့မဟုတ် ရေရှည်လုပ်ပိုင်ခွင့်"အဖြစ် ပြောင်းလဲကာ တိကျစွာ ပြဋ္ဌာန်းပေးသင့်ပါကြောင်း။

နည်းဥပဒေပုဒ်မ ၁၀၆ (က) ၏ ပြဋ္ဌာန်းချက်ဖြစ်သော "ယခင်နှစ်က လုပ်ပိုင်ခွင့် ချထားပေးခဲ့မှုကို ထည့်သွင်းစဉ်းစားနိုင်သော်လည်း ယင်းအချက်ကို အဓိကအခြေခံခြင်းမပြုရ" ဟူသော ဝေဝါးချက်ကြောင့် မကြာခဏ တိုင်ကြားစာများ၊ အငြင်းပွားမှုများ ဖြစ်ပွားနေရပါကြောင်း၊ ထိုကိစ္စရပ်များ မြေပြင်တွင် ဖြေရှင်းနိုင်ရန်အတွက် မြေနုကျွန်းမြေခွဲဝေခြင်းလုပ်ငန်းစဉ်များတွင် ဒီမိုကရေစီစံနှုန်းများနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်၌ တောင်သူကိုယ်စားလှယ်များ ပိုမိုပါရှိစေခြင်း၊ ပွင့်လင်းမြင်သာစွာ ကြေညာ၍ ခွဲဝေခြင်းစသည့် စိစစ်မှုဆိုင်ရာ နည်းဥပဒေပုဒ်မခွဲ(စ) အပါအဝင် အချက်အလက်များကို ပိုမိုတင်းကျပ်ပြတ်သားစွာ ထည့်သွင်းပြဋ္ဌာန်းသင့်ပါကြောင်း။

နည်းဥပဒေပုဒ်မ(၁၁၂) တွင် လုပ်ပိုင်ခွင့်ရသူများ လိုက်နာရမည့်စည်းကမ်းချက်များနှင့် ပတ်သက်၍ ပြဋ္ဌာန်းထားရာတွင် အသုံးအနှုန်းများနှင့် အချို့သော စကားရပ်များသည် စာသားအရ ကျယ်ပြန့်လွန်းပြီး တိကျပြတ်သားမှုမရှိသောကြောင့် မပြတ်သားသော စကားလုံးများနှင့် ဝေဝါးနေသော ပုဒ်မခွဲများကို ခေတ်စနစ်နှင့်အညီ တိကျပြတ်သားသော စကားလုံးများအဖြစ်သို့ ပြင်ဆင်ပြဋ္ဌာန်းပေးနိုင်ပါရန် အဆိုအား ထောက်ခံဆွေးနွေးသည်။

**မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ**က နည်းဥပဒေ(၁၀၃)ပါ အချက်မှ ပေါ်ထွန်းလာသော မြေနုကျွန်းများသည် နှစ်စဉ် တည်နေရာ ပုံသဏ္ဌာန်အားဖြင့် ပြောင်းလဲလေ့ရှိသဖြင့် "ပြောင်းလဲ" ပေါ်ထွန်းလာသော မြေနုကျွန်းမြေ "အသစ်" ဟုစကားလုံးပြောင်းလဲသုံးစွဲခြင်းဖြင့် အဓိပ္ပာယ်အရ လုပ်ပိုင်ခွင့်ရသူအငြင်းပွားမှုများ လျော့ချနိုင်မည်ဖြစ်သောကြောင့် သင့်မြတ်မှုရှိပါကြောင်း။

နည်းဥပဒေ(၁၀၄) အရ ပြောင်းလဲခြင်းမရှိသော မြေနုကျွန်းများလုပ်ပိုင်ခွင့်ကို မူလလုပ်ကိုင်ခွင့်ရထားသူအား လုပ်ခွင့်ပြုခြင်း၊ ပြောင်းလဲသွားသော မြေနုကျွန်းအသစ်များကို ထွန်ယက်စိုက်ပျိုးနိုင်သောအင်အားရှိသည့် လယ်မဲ့၊ ယာမဲ့ သူရင်းငှားများကို လုပ်ကိုင်ခွင့်ပေးရေးအဆိုသည် မူလလုပ်ကိုင်သူအခွင့်အရေးကို မထိခိုက်စေဘဲ မြေအသစ်လုပ်ပိုင်ခွင့်ရရှိသည့်သူများလည်း ပိုင်ရှင်အငြင်းပွားမှုမရှိဘဲ အရှုပ်အရှင်းကင်းစွာ လုပ်ကိုင်နိုင်မည်ဖြစ်သောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မွန်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဒေါ်အေးချမ်းမုံ**က ၂၀၁၂ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီသည် နိုင်ငံတော်အား ကိုယ်စားပြု၍ လယ်ယာမြေလုပ်ပိုင်ခွင့်များ ချထားခြင်း၊ ပြောင်းလဲခြင်း၊ ရုပ်သိမ်းခြင်း၊ အငြင်းပွားမှုများကို စီမံဆုံးဖြတ်ခြင်းစသဖြင့် အရေးကြီးသော မြေယာစီမံခန့်ခွဲမှုလုပ်ပိုင်ခွင့်များကို အပ်နှင်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ဥပဒေက လုပ်ပိုင်ခွင့်များကို အပ်နှံထားသော်လည်း ထိုလုပ်ပိုင်ခွင့်ကိုကျင့်သုံးမည့်အဖွဲ့အစည်းများ၏ ဥပဒေဆိုင်ရာကျွမ်းကျင်မှု၊ တရားမျှတစွာဖြင့် ဘက်မလိုက်ဘဲ ဆုံးဖြတ်နိုင်မှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို လုံလောက်စွာ အာမခံထားနိုင်ခြင်း ရှိ၊ မရှိသည် ပြန်လည်သုံးသပ်သင့်သည့် ကိစ္စရပ်တစ်ခု ဖြစ်လာပါကြောင်း။

အချို့ဒေသများတွင် ဥပဒေကို နားလည်မှု မလုံလောက်ခြင်းကြောင့်ဖြစ်စေ၊ ဥပဒေကို နားလည်သော်လည်း ကိုယ်ကျိုးစီးပွားအရ ဥပဒေကို မျက်ကွယ်ပြုခြင်းကြောင့်ဖြစ်စေ၊ မြေနုကျွန်းလုပ်ပိုင်ခွင့် ခွဲဝေမှုများနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများအကြား အငြင်းပွားမှုများ၊ တိုင်ကြားမှုများနှင့် တရားစွဲဆိုမှုများ တိုးပွားလာနေသည်ကို မြင်တွေ့နေရပါကြောင်း၊ ထို့ကြောင့် လယ်ယာမြေနည်းဥပဒေအခန်း (၁၂) ပါ ပုဒ်မ ၁၀၃၊ ၁၀၄၊ ၁၀၆ နှင့် ၁၁၂ တို့ကို ပြင်ဆင်ရာတွင် လုပ်ငန်းစဉ်များ ပိုမိုပွင့်လင်းမြင်သာစေရေး၊ ရပ်ကွက်/ကျေးရွာအဆင့် စိစစ်ဆုံးဖြတ်မှုများတွင် တာဝန်ခံမှုနှင့် တာဝန်ယူမှုကို ပိုမိုခိုင်မာစေရေး၊ ဆုံးဖြတ်ချက်များအပေါ် လွတ်လပ်သည့် ပြန်လည်သုံးသပ်မှုနှင့် အယူခံစနစ်များ ပိုမိုပြည့်စုံစေရေးတို့ကို ထည့်သွင်းပြင်ဆင်သင့်ပါကြောင်း၊ ထိုသို့ ပြင်ဆင်နိုင်မှသာ မြေနုကျွန်းလုပ်ပိုင်ခွင့် ချထားပေးခြင်းသည် ဥပဒေနှင့်အညီ၊ တရားမျှတမှုရှိပြီး တောင်သူလယ်သမားများ၏ ယုံကြည်မှုကို ရရှိသည့် စနစ်တစ်ခုအဖြစ် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း အဆိုအား ထောက်ခံဆွေးနွေးသည်။

**ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၁) ဒေါ်ဇင်ပပဦး**က ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေတွင် မြေနုကျွန်းမြေ လုပ်ပိုင်ခွင့်ကို ပြဋ္ဌာန်းထားခဲ့သော်လည်း မြေနုကျွန်းမြေများကို လုပ်ကိုင်ခွင့် ချထားပေးရာတွင် ပွင့်လင်းမြင်သာစွာ ရွေးချယ်ရန် လိုအပ်ပါကြောင်း၊ တစ်နှစ် တစ်ရာသီသာ လုပ်ပိုင်ခွင့်ရသော မြေနုကျွန်းမြေကို လုပ်ပိုင်ခွင့်ပေးရာတွင် ပွင့်လင်းမြင်သာမှု မရှိသေးသည့်အတွက် အမှန်တကယ်လုပ်ကိုင်သော လယ်မဲ့၊ ယာမဲ့ သူရင်းငှားများသည် လုပ်ပိုင်ခွင့်ရရှိခဲ့ခြင်း မရှိခဲ့ပါကြောင်း။

လယ်ယာမြေဥပဒေ၊ နည်းဥပဒေ ပုဒ်မ ၁၀၆(င) တွင် တောင်သူလယ်သမား အိမ်ထောင်မိသားစုတစ်ခုအတွက် သတ်မှတ်လျာထားသည့် ဧရိယာအတိုင်း အကွက်များရိုက်၍ အမှတ်စဉ်တပ်ထားရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ထိုကဲ့သို့ အကွက်များရိုက်ထားသော မြေနုကျွန်းမြေကို နည်းဥပဒေပုဒ်မ ၁၀၆ (ခ)အရ အဆိုပါ မြေနုကျွန်းမြေနှင့် အနီးကပ်ဆုံး သတ်မှတ်သည့် ကျေးရွာမှ လုပ်ပိုင်ခွင့်ရှိသူအားလုံး၏ အမည်စာရင်းကို ပွင့်လင်းမြင်သာစွာကြေညာ၍ အမှတ်စဉ်များကို စနစ်တကျ မဲစနစ်ဖြင့် ရွေးချယ်လုပ်ပိုင်ခွင့်ပေးနိုင်မှသာ ကျွန်းနုမြေအသစ်များအတွက် တည်နေရာ၊ ပုံသဏ္ဌာန်ပြောင်းသွားသော်လည်း အငြင်းပွားမှုမရှိဘဲ တောင်သူများအနေဖြင့် လုပ်ကိုင်ခွင့်ရရှိလိမ့်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ မြေနုကျွန်းမြေ လုပ်ပိုင်ခွင့်ချထားရေးအတွက် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဇူလိုင် ၂၂ ရက်တွင် ကျင်းပမည့် ၂၀ ရက်မြောက်နေ့ အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ရုပ်နားလိုက်ပြီး အစည်းအဝေး ၂၀ ရက်မြောက်နေ့ကို ဇူလိုင် ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **သတင်းစဉ်**

**အမျိုးသား လွှတ်တော် ရုပ်သံဖိုင် ကြည့်ရန်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (NCA-S EAOs)တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာပြန်လည်သုံးသပ်ခြင်း ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး ရှေးရှုလျက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအရှိန်အဟုန်ကို မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ပိုမိုထိရောက်သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်နှင့် ရရှိပြီးသား ဆွေးနွေးမှုရလဒ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ရန်ရည်ရွယ်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (NCA–S EAOs)တို့ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းဆွေးနွေးပွဲ**ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ M Gallery ဟိုတယ်၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAOs) ၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် နိုင်အောင်မငေး၊ ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) အထွေထွေအတွင်းရေးမှူး ကျာယာကုတ်၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ငြိမ်းချမ်းရေး ဆွေးနွေးပွဲအတွက် ဖိတ်ကြားမှုအခြေအနေ၊ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမည့် အခြေအနေ၊ NCA မှ ခွဲထွက်သွားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမည့် အခြေအနေ၊ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များစုစည်း၍ ဒေသတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်မည့် အခြေအနေ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် Bilateral တွေ့ဆုံဆွေးနွေးခဲ့သည့် အခြေအနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်နိုင်ရေးကိစ္စများကို ပြောကြားသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NCA–S EAOs)၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)အတွင်းရေးမှူး (၁) စဝ်စိုင်းငင်းက ယနေ့ဆွေးနွေးပွဲသည် အလွတ်သဘောတွေ့ဆုံပွဲမှတစ်ဆင့် ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ အစိုးရသစ်၏ ရက် ၁၀၀ အတွင်း ညှိနှိုင်းရေးကော်မတီ၏ ငြိမ်းချမ်းရေး ဆောင်ရွက်ချက်များသည် ထင်ထားသည်ထက် ပိုမိုဆောင်ရွက်နိုင်သည်ကို တွေ့ရပြီး တွေ့ဆုံခြင်းနည်းလမ်းအား အလေးထား ဆောင်ရွက်သည်ကိုတွေ့ရကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်လာနိုင်စေရေးအတွက် နှစ်ဖက်ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် ရေရှည်တည်တံ့ ခိုင်မြဲသည့် ငြိမ်းချမ်းရေးအတွက် ရလဒ်ကောင်းများ ရလာမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ယင်းနောက် ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NCA ၏ အဆင့်အတန်းနှင့် တရားဝင်မှု၊ ညှိနှိုင်းရေးကော်မတီ အနေဖြင့် ရှေ့ဆက်လက် ဆောင်ရွက်မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက NCA ကို အခြေခံသော အားလုံးပါဝင်နိုင်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဖော်ထုတ်ရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ မူဝါဒနှင့်လုပ်ငန်းစဉ်များ၊ ယန္တရားများကို အဆင့်ဆင့်ချမှတ်ဆောင်ရွက်နိုင်ရေး၊ ယုံကြည်မှုတည်ဆောက်ရေး အစီအစဉ်ဖော်ဆောင်နိုင်ရေး၊ သက်ဆိုင်သူများအားလုံး ပိုမိုပါဝင်လာနိုင်စေရေး၊ စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးမှုများ ဖြစ်ပေါ်လာစေရေး၊ ကြားကာလ အစီအစဉ် ချမှတ်နိုင်ရေး၊ ထိရောက်သည့်ဆွေးနွေးပွဲများ ဖြစ်လာစေရန် ပုံမှန်ဆက်သွယ်ရေးလမ်းကြောင်း ဆောင်ရွက်ရေး၊ ပူးတွဲလေ့လာရေး အစီအစဉ်များ ဆောင်ရွက်နိုင်ရေး၊ ပဋိပက္ခဖြစ်ပွားရာ ဒေသများရှိ ဒေသခံပြည်သူများအနေဖြင့် ငြိမ်းချမ်းရေး အသီးအပွင့်များ ခံစားနိုင်ရန်အတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နိုင်ငံတကာ အကူအညီများ ရရှိနိုင်ရေးနှင့် သက်ဆိုင်သူများအားလုံး ပါဝင်နိုင်မည့် အစည်းအဝေးကျင်းပရာနေရာ ရွေးချယ်ဆောင်ရွက်နိုင်ရေးတို့အား အကြံပြုဆွေးနွေးကြကာ တွေ့ဆုံဆွေးနွေးပွဲ ပထမနေ့ကို ရုပ်နားခဲ့သည်။ ဆွေးနွေးပွဲ ဒုတိယနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့်အဖွဲ့ ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာဉာဏ်ရည်တုနည်းပညာကွန်ဖရင့်နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂၀**

ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ၂၀၂၆ ခုနှစ် ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုနည်းပညာကွန်ဖရင့်နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုနည်းပညာကွန်ဖရင့်ကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် AI အသုံးပြုနိုင်မှုကွာဟချက်ကို လျှော့ချရန်၊ မျှတမှုရှိသော ကမ္ဘာလုံးဆိုင်ရာ AI စီမံအုပ်ချုပ်မှုနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုမူဘောင်တို့ကို ထူထောင်ရန်နှင့် AI နည်းပညာများကို နိုင်ငံများနှင့်လူသားအားလုံး၏ အကျိုးစီးပွားအတွက် ပိုမို၍အသုံးချလာနိုင်စေရန် ဟူသည့်အဓိကရည်ရွယ်ချက်များဖြင့် ၂၀၁၈ ခုနှစ်မှစတင်၍ တရုတ်နိုင်ငံကဦးဆောင်ပြီး နှစ်စဉ်ကျင်းပလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၆ ရက် ညနေပိုင်းတွင် Shanghai Grand Hall ၌ ပြုလုပ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ အခြားနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ဉာဏ်ရည်တုနည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (World Artificial Intelligence Cooperation Organization – WAICO) ဖွဲ့စည်းခြင်း သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည့်အခမ်းအနားသို့တက်ရောက်ရာ အခမ်းအနားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Wang Yi က အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ခဲ့သည်။

အဆိုပါသဘောတူညီချက်တွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၉ နိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာဉာဏ်ရည်တုနည်းပညာကွန်ဖရင့် ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက်




နံနက်ပိုင်းတွင် Shanghai Expo Center ၌ ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင် တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။ သမ္မတ ရှီကျင့်ဖျင်က AI နည်းပညာနှင့် စပ်လျဉ်းပြီး လုံခြုံရေး၊ ကျင့်ဝတ်နှင့် အုပ်ချုပ်မှုဆိုင်ရာ စိန်ခေါ်မှုများကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့်ဖြေရှင်းရန်၊ AI အား လူသား၏ထိန်းချုပ်မှုအောက်တွင်ထားရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ AI အုပ်ချုပ်မှုပုံစံကိုပုံဖော်ရာတွင် မတူကွဲပြားသည့် ယဉ်ကျေးမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ထည့်သွင်းစဉ်းစားရန်၊ နိုင်ငံများ၏ ကိုယ်ပိုင်စီရင်အုပ်ချုပ်ပိုင်ခွင့်ကိုလေးစားပြီး အားလုံးပါဝင်နိုင်သည့် အုပ်ချုပ်မှုပုံစံဖြစ်စေရေး ဆောင်ရွက်သွားရန်နှင့် ဖွံ့ဖြိုးဆဲ Global South နိုင်ငံများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ဒီဂျစ်တယ်ကွာဟမှုလျှော့ချရေးတို့ကို အဓိကထားဆောင်ရွက်ရန် တိုက်တွန်းပြောကြားခဲ့ပြီး ကွန်ဖရင့်ကို ညနေ ၅ နာရီအထိ သက်ဆိုင်ရာကဏ္ဍခွဲများအလိုက် ဆက်လက်ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းတွင် Shanghai International Convention Center ၌ကျင်းပသည့် WAICO ဖွဲ့စည်းထူထောင်ခြင်းအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက WAICO ကို ကျင့်ဝတ်နှင့်ညီညွတ်သော၊ အားလုံးပါဝင်နိုင်ပြီး ရေရှည်တည်တံ့သော AI ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးနိုင်သည့် အဖွဲ့အစည်းဖြစ်လာစေရန်၊ လက်တွေ့ကျသောပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် AI ကွာဟမှုလျှော့ချရေး၊ ဆိုက်ဘာလုံခြုံရေး၊ သတင်းမှားပြန့်ပွားမှုတိုက်ဖျက်ရေးတို့ကဲ့သို့သောကဏ္ဍများတွင် အလေးထားဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း AI နည်းပညာသည် ကမ္ဘာ့လူသားအားလုံးကို စွမ်းဆောင်ရည်မြှင့်တင်ပေးသော၊ သာယာဝပြောရေးကိုမြှင့်တင်ပေးသော၊ လုံခြုံရေးကိုကာကွယ်ပေးသောပုံစံဖြင့် တိုးတက်လာစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များသည် ဇူလိုင် ၁၇ ရက် ညနေပိုင်းတွင် Shanghai Expo Center တွင် ပြသထားသည့် AI ပြခန်းများသို့ တရုတ်နိုင်ငံအစိုးရ၏အစီအစဉ်ဖြင့် သွားရောက်လေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၈ ရက်တွင် ကမ္ဘာလုံးဆိုင်ရာ အေအိုင်အုပ်ချုပ်မှု အဆင့်မြင့်အစည်းအဝေးသို့တက်ရောက်ပြီး အမှာစကားပြောကြားရာတွင် AI ၏ ကြီးမားသည့်အလားအလာများကို အပြည့်အဝအသုံးချနိုင်ရန်အတွက် AI နည်းပညာကွာဟချက်ကို နိုင်ငံအားလုံးပူးပေါင်းလျှော့ချသွားရန်အရေးကြီးပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံများကို တိုးချဲ့ပေးရန်၊ ဒေတာအချက်အလက်ရရှိနိုင်မှုနှင့် ကွန်ပျူတာတွက်ချက်နိုင်စွမ်းကို မြှင့်တင်ပေးရန်နှင့် ဒီဂျစ်တယ်ကျွမ်းကျင်မှုနှင့် လက်တွေ့ကျသောပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန်လိုကြောင်း၊ AI နည်းပညာကြောင့်ဖြစ်ပေါ်လာသော ဆိုက်ဘာလုံခြုံရေး၊ သတင်းအမှားများ၊ အွန်လိုင်းလိမ်လည်မှု၊ ကိုယ်ရေးအချက်အလက်ပေါက်ကြားမှုနှင့် အရေးကြီးအခြေခံအဆောက်အအုံများအပေါ် ခြိမ်းခြောက်မှု စသည့် အန္တရာယ်များကို ပူးပေါင်းကာကွယ်ရန်လိုကြောင်းနှင့် AI သည်လူသားအားလုံးအတွက် ပိုမိုတောက်ပပြီး ရေရှည်တည်တံ့သောအနာဂတ်ကို ဖော်ဆောင်ပေးသော အင်အားတစ်ရပ်ဖြစ်လာစေရန် တိုက်တွန်းပါကြောင်း၊ AI ကို လူသားဗဟိုပြုသည့်စနစ်ဖြစ်လာစေရေး၊ ဘေးကင်းလုံခြုံမှုရှိကာ ကျင့်ဝတ်နှင့်ညီညွတ်ပြီး တာဝန်ယူမှုရှိသော နည်းပညာအဖြစ် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံများ၏ ကိုယ်ပိုင်စီရင်အုပ်ချုပ်ပိုင်ခွင့်ကို လေးစားသည့် ကမ္ဘာလုံးဆိုင်ရာ AI အုပ်ချုပ်မှုမူဘောင်များ တည်ဆောက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဆွေးနွေးပြောကြားသည်။

ကွန်ဖရင့်သို့တက်ရောက်ရန် ရှန်ဟိုင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုဝန်ကြီးအား ကွမ်ရှီးပြည်နယ် Data Bureau of Guangxi ၏ အကြီးအကဲက ဇူလိုင် ၁၆ ရက်မွန်းလွဲပိုင်းတွင် ခေတ္တတည်းခိုနေထိုင်ရာ Grand Central Hotel Shanghai သို့ လာရောက်တွေ့ဆုံ၍ China–ASEAN AI ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများ၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့်အစီအစဉ်များနှင့် ရှေ့ဆက်ဆောင်ရွက်ရန်ရှိသည့် အစီအစဉ်များကို ဆွေးနွေးသည်။

ဖွင့်ပွဲအခမ်းအနားနှင့် အစည်းအဝေးများသို့ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၊ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့နှင့် နိုင်ငံများမှ ဝန်ကြီးအဆင့်ကိုယ်စားလှယ်များ၊ AI ဆိုင်ရာဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၊ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအပါအဝင် ကိုယ်စားလှယ် ၁၄၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၀**

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြပြီး ဝန်ထမ်းများ၏ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းတို့က အမှာစကားပြောကြားသည်။ အခမ်းအနားအပြီးတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးတိုးရီက ဌာန၏ အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) အဖွဲ့ဝင်များအား အဆိုပါ ခန်းမ၌ပင်တွေ့ဆုံကာ CPU အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များအပေါ် သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အထူးသင်တန်းဖွင့်

**ပဲခူး ဇူလိုင် ၂၀**

တောင်သူ လယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စက်မှုလယ်ယာကူးပြောင်းရေးသည် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်သကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လယ်ယာလုပ်ငန်းခွင်၌ လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေသည့် တောင်သူလယ်သမားများ ပူးပေါင်းပါဝင်မှသာ အချိန်တိုအတွင်း အောင်မြင်နိုင်မည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးမြို့နယ် ဘုရားကြီးမြို့ စက်မှုလယ်ယာ သင်တန်းကျောင်း၌ ကျင်းပသည့် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အထူး)သင်တန်း အမှတ်စဉ် (၂/၂၀၂၆–၂၀၂၇) သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့နောက် သင်တန်း၌ စာတွေ့သင်ကြားမည့် ဘာသာရပ်ဆိုင်ရာ စာအုပ်များ၊ လယ်ယာသုံး စက်ကိရိယာ အသိပညာပေးစာစောင်များနှင့် သင်တန်းတွင် လက်တွေ့မောင်းနှင် အသုံးပြုသင်ကြားမည့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုသည်။

ယင်းနောက် ဘုရားကြီးမြို့ ဝေါလမ်းရှိ ကိုငယ်လေး စက်မှုလက်မှုအလုပ်ရုံ၌ စပါးအခြောက်ခံစက်နှင့် အခြားလယ်ယာသုံး စက်ကိရိယာမျိုးစုံ ထုတ်လုပ်နေမှုကိုကြည့်ရှုပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်းနှင့် အမြင်သစ် မြန်မာနိုင်ငံ၏အနာဂတ် အပိုင်း(၂)

**အပိုင်း (၁) တွင် တောင်အမေရိကတိုက်၏ စွမ်းအင်ဗဟိုချက်ဖြစ်သော အီတိုင်းပု (Itaipu) ဆည်အကြောင်းကို လေ့လာခဲ့ပြီးနောက် ယခုအပိုင်း (၂) တွင်မူ အာရှတိုက်၏ဂုဏ်ဆောင် ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းအဖြစ် စံချိန်တင်ထားသည့် တရုတ်နိုင်ငံ၏ မြစ်ကျဉ်းသုံးသွယ်ရေကာတာ (Three Gorges Dam) အကြောင်းကို ဆက်လက်တင်ပြသွားပါမည်။**

**ကောင်းပြည့်**

> **မြစ်ကျဉ်းသုံးသွယ်ရေကာတာ၏ အထင်ရှားဆုံးသော ကောင်းကျိုးမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အတိုင်းအဆမရှိ ထုတ်လုပ်ပေးနိုင်ခြင်းပင်ဖြစ်ပါသည်။ ဆည်အတွင်း တပ်ဆင်ထားသော ခေတ်မီတာဘိုင်စက်ကြီးများက တစ်နှစ်လျှင် ကီလိုဝပ်နာရီ ဘီလီယံ ၁၀၀ နီးပါးရှိသော လျှပ်စစ်ဓာတ်အားများကို ထုတ်လုပ်ပေးလျက်ရှိရာ ယင်းထုတ်လုပ်မှုစွမ်းအားက ကမ္ဘာပေါ်၌ အကြီးမားဆုံးသော သန့်ရှင်းသည့် စွမ်းအင်စက်ရုံကြီးအဖြစ် မှတ်တမ်းဝင်နေပါသည်။ ယင်းသို့ရရှိလာသော ရေမလျှပ်စစ်စွမ်းအားသည် တရုတ်နိုင်ငံတစ်ဝန်းရှိ ဒေသကြီး ကိုးခုနှင့် မြို့ကြီး နှစ်ခုသို့ ဖြန့်ကြက်ပေးပို့လျက်ရှိရာ နိုင်ငံ၏စွမ်းအင်လုံခြုံရေးအတွက် အဓိကမဏ္ဍိုင်ကြီးဖြစ်**

တရုတ်နိုင်ငံ၏ သမိုင်းကြောင်းနှင့် စီးပွားရေးတွင် အရေးပါလှသော ယန်ဇီမြစ်ကြောင်းပေါ်၌ တည်ဆောက်ထားသည့် အဆိုပါရောမစီမံကိန်းကြီးသည် နိုင်ငံ၏အနာဂတ်ကို မောင်းနှင်ပေးနေသည့် အနုစိတ်ဖန်တီးထားသော စွမ်းအင်အချက်အချာ မဏ္ဍိုင်ကြီးတစ်ခု ဖြစ်ပါသည်။ အဆိုပါစွမ်းဆောင်ချက်သည် လူသားတို့၏ စိတ်ကူးစိတ်သန်းကို လက်တွေ့အကောင်အထည်ဖော်ထားသည့် နည်းပညာ၏ အထွတ်အထိပ်ဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ စက်မှုကဏ္ဍနှင့် စွမ်းအင်လုံခြုံရေးကို မည်သို့ပြောင်းလဲပေးနိုင်သည်ဆိုသည့် သက်သေပြချက်တစ်ခုလည်းဖြစ်ပါသည်။

ယခုတင်ပြမည့်အကြောင်းအရာ၌ မြစ်ကျဉ်းသုံးသွယ်ရေကာတာက ပေးစွမ်းနေသည့် အံ့မခန်းစွမ်းအင်ပမာဏ၊ ရေဘေးကာကွယ်ရေးနှင့် ကုန်သွယ်ရေးကဏ္ဍအပေါ် အကျိုးပြုမှုများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို နည်းပညာဖြင့် မည်သို့ဟန်ချက်ညီအောင် ထိန်းညှိထားပုံတို့ကို အသေးစိတ်လေ့လာကြည့်ကြပါမည်။

တရုတ်နိုင်ငံ၏ နှလုံးသားသဖွယ် စီးဆင်းနေသော ယန်ဇီမြစ်မင်း၏ အရှိန်အဟုန်ကို ထိန်းကျောင်းကာ လူသားတို့၏ အံ့မခန်းအင်ဂျင်နီယာ အတတ်ပညာဖြင့် ထုဆစ်ပုံဖော်ထားသည့် မြစ်ကျဉ်းသုံးသွယ်ရေကာတာသည် ခေတ်သစ်ကမ္ဘာ၏ အကြီးမားဆုံးသော အခြေခံအဆောက်အအုံ စီမံကိန်းကြီးအဖြစ် ရပ်တည်နေပါသည်။ ထိုရောမဆည်ကြီးသည် တရုတ်နိုင်ငံ၏ စီးပွားရေးအနာဂတ်ကို လင်းထိန်စေရန်နှင့် ပြည်သူသန်းပေါင်းများစွာ၏ လူနေမှုဘဝကို မြှင့်တင်ပေးရန် ရည်ရွယ်တည်ဆောက်ထားသည့် ခေတ်မီမျှော်လင့်ချက် ပြယုဂ်တစ်ခုလည်း ဖြစ်ပါသည်။

**မြစ်ကျဉ်းသုံးသွယ်ရေကာတာ၏ အထင်ရှားဆုံးသော ကောင်းကျိုးမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အတိုင်းအဆမရှိ ထုတ်လုပ်ပေးနိုင်ခြင်းပင်ဖြစ်ပါသည်။ ဆည်အတွင်း တပ်ဆင်ထားသော ခေတ်မီတာဘိုင်စက်ကြီးများက တစ်နှစ်လျှင် ကီလိုဝပ်နာရီ ဘီလီယံ ၁၀၀ နီးပါးရှိသော လျှပ်စစ်ဓာတ်**အားများကို ထုတ်လုပ်ပေးလျက်ရှိရာ ယင်းထုတ်လုပ်မှုစွမ်းအားက ကမ္ဘာပေါ်၌ အကြီးမားဆုံးသော သန့်ရှင်းသည့် စွမ်းအင်စက်ရုံကြီးအဖြစ် မှတ်တမ်းဝင်နေပါသည်။ ယင်းသို့ရရှိလာသော ရောမလျှပ်စစ်စွမ်းအားသည် တရုတ်နိုင်ငံတစ်ဝန်းရှိ ဒေသကြီး ကိုးခုနှင့် မြို့ကြီး နှစ်ခုသို့ ဖြန့်ကြက်ပေးပို့လျက်ရှိရာ နိုင်ငံ၏ စွမ်းအင်လုံခြုံရေးအတွက် အဓိကမဏ္ဍိုင်ကြီးဖြစ်လာပါသည်။

လျှပ်စစ်ဓာတ်အားကို တည်ငြိမ်စွာနှင့် ဈေးနှုန်းချိုသာစွာရရှိလာခြင်းကြောင့် အကြီးစားစက်မှုဇုန်များ၊ အထူးသဖြင့် ကုန်ထုတ်လုပ်မှုနှင့် နည်းပညာကဏ္ဍတွင် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ ထိုစွမ်းအင်ဖြန့်ကြက်မှုသည် မြို့ပြဒေသများရှိ လျှပ်စစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာမက ကျေးလက်ဒေသများအထိပါ **လျှပ်စစ်မီးလင်းစေခြင်းဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားအဆင့်အတန်းကို တိုက်ရိုက်မြှင့်တင်ပေးနိုင်ခဲ့ပါသည်။ ထို့အပြင် ကျောက်မီးသွေးလောင်စာများအစား ရေအားလျှပ်စစ်ကို အစားထိုးအသုံးပြုနိုင်ခြင်းကြောင့် နှစ်စဉ်ကာဗွန်ဒိုင်အောက်ဆိုက်တန်ချိန် သန်း ၁၀၀ နီးပါး လေထုအတွင်း ရောက်ရှိမှုကို တားဆီးပေးကာ ကမ္ဘာကြီးပူနွေးမှုကို တိုက်ဖျက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။**

ရေဘေးကာကွယ်ရေးသည် မြစ်ကျဉ်းသုံးသွယ်ရေကာတာ၏ တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးတစ်ခုဖြစ်ပါသည်။ ယန်ဇီမြစ်သည် သမိုင်းတစ်လျှောက်တွင် ကြောက်မက်ဖွယ်ရာ ရေကြီးမှုများကြောင့် လူပေါင်းများစွာ၏ အသက်အိုးအိမ်များကို ဆုံးရှုံးစေခဲ့သော်လည်း ယခုအခါ ဆည်အတွင်း ရေအမြောက်အမြားကို သိုလှောင်ထိန်းညှိနိုင်စွမ်းရှိခြင်းကြောင့် မြစ်အောက်ပိုင်းရှိ စိုက်ပျိုးမြေများနှင့် မြို့ပြဒေသများမှာ ရေရှည်တည်တံ့သော ဘေးကင်းမှုကို ရရှိခဲ့ကြပါသည်။ တစ်ပြိုင်နက်တည်းမှာပင် ဆည်တည်ဆောက်လိုက်ခြင်းကြောင့် မြစ်အထက်ပိုင်းတွင် ရေမျက်နှာပြင်မြင့်တက်လာကာ ရေစီးသန်သည့်နေရာများ ငြိမ်သက်သွားသဖြင့် ရောမကုန်တင်သင်္ဘောကြီးများမှာ အခက်အခဲမရှိ သွားလာနိုင်ပြီး နိုင်ငံအတွင်းပိုင်းရှိ ကုန်သွယ်မှုကွင်းဆက်ကို ပိုမိုခိုင်မာစေခဲ့ပါသည်။

စီမံကိန်း၏ အံ့မခန်းဖွယ်ရာ အောင်မြင်မှုတစ်ခုမှာ မြစ်ကြောင်းသွားလာရေးကို အဆင့်မြှင့်တင်ပေးနိုင်ခြင်းပင်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရာတွင် အဆင့်ငါးဆင့်ဖြင့် တည်ဆောက်ထားသော သင်္ဘောကျောက်တင်စနစ် (Ship Locks) နှင့် ကမ္ဘာ့အကြီးဆုံး သင်္ဘောဓာတ်လှေကား (Ship Lift) တို့က အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ အဆိုပါစနစ်များကြောင့် တန်ချိန်တစ်သောင်းခန့်ရှိသည့် ရောမကုန်တင်သင်္ဘောကြီးများသည် ဆည်၏ အမြင့်ကွာခြားချက်ကို အဟန့်အတားမရှိဘဲ မိနစ်ပိုင်းအတွင်း ဘေးကင်းစွာ ဖြတ်ကျော်နိုင်ကြပါသည်။ အထူးသဖြင့် ပင်လယ်ကမ်းခြေမြို့ဖြစ်သော ရှန်ဟိုင်းမြို့မှသည် နိုင်ငံအတွင်းပိုင်းရှိ ချုံကင်းမြို့အထိ ရေကြောင်းလမ်းကြောင်းမှာ ပွင့်လင်းသွားပြီး အာရှတိုက်၏အရေးပါဆုံးသော ကုန်သွယ်ရေးသွေးကြောကြီးတစ်ခုဖြစ်လာခဲ့ပါသည်။

အဆိုပါ ကုန်သွယ်မှုလမ်းကြောင်းများ ပွင့်လင်းလာမှုနှင့်အတူ ချိုသာသော လျှပ်စစ်ဓာတ်အားကိုပါ ရရှိလာသည့်အတွက် မြစ်ကြောင်းတစ်လျှောက်တွင် စက်ရုံအလုပ်ရုံများစွာ ပေါ်ထွန်းလာခဲ့သည်။ ထိုဖြစ်ထွန်းမှုများက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်းများစွာကို ဖန်တီးပေးနိုင်ခဲ့ရုံသာမက ဒေသတွင်းဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားအကောင်းဆုံးလမ်းကြောင်းတစ်ခု ဖြစ်လာခဲ့ပါသည်။

စိုက်ပျိုးရေးနှင့် သောက်သုံးရေ ရရှိမှုကဏ္ဍတွင်လည်း စီမံကိန်းက ရေအရင်းအမြစ်ကို စနစ်တကျ စီမံခန့်ခွဲပေးနိုင်ပါသည်။ နွေရာသီတွင် ရေရှားပါးမှုကိုကာကွယ်ရန် သိုလှောင်ထားသောရေများကို လွှတ်ပေးနိုင်သဖြင့် လယ်ယာမြေများမှာ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေကို ဖူလုံစွာရရှိကြပါသည်။ ထို့အပြင် ဆည်အတွင်း သိုလှောင်ထားသောရေများကို စနစ်တကျသန့်စင်၍ အနီးအနားရှိ မြို့ပြများနှင့် စက်မှုဇုန်များသို့ ဖြန့်ဝေပေးနိုင်ခြင်းကြောင့် လူသန်းပေါင်းများစွာအတွက် သန့်ရှင်းသောရေအရင်းအမြစ်ကို ပေးစွမ်းနိုင်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာခြင်းကလည်း ဒေသတွင်းစီးပွားရေးလည်ပတ်မှုကို ပိုမိုအားကောင်းစေသည့်အပြင် တရုတ်နိုင်ငံ၏ အင်ဂျင်နီယာအတတ်ပညာကို ကမ္ဘာက လေးစားလာစေသည့် အမျိုးသားရေး ဂုဏ်ဆောင်မှတ်တိုင်တစ်ခုလည်း ဖြစ်လာပါသည်။

> **စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိမှုကဏ္ဍတွင်လည်း စီမံကိန်းက ရေအရင်းအမြစ်ကို စနစ်တကျ စီမံခန့်ခွဲပေးနိုင်ပါသည်။ နွေရာသီတွင် ရေရှားပါးမှုကိုကာကွယ်ရန် သိုလှောင်ထားသောရေများကို လွှတ်ပေးနိုင်သဖြင့် လယ်ယာမြေများမှာ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေကို ဖူလုံစွာရရှိကြပါသည်။ ထို့အပြင် ဆည်အတွင်း သိုလှောင်ထားသောရေများကို စနစ်တကျ သန့်စင်၍ အနီးအနားရှိ မြို့ပြများနှင့် စက်မှုဇုန်များသို့ ဖြန့်ဝေပေးနိုင်ခြင်းကြောင့် လူသန်းပေါင်းများစွာအတွက် သန့်ရှင်းသောရေအရင်းအမြစ်ကို ပေးစွမ်းနိုင်ခဲ့ပါသည်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာခြင်းကလည်း ဒေသတွင်း စီးပွားရေးလည်ပတ်မှုကို ပိုမိုအားကောင်းစေသည့်အပြင် တရုတ်နိုင်ငံ၏ အင်ဂျင်နီယာအတတ်ပညာကို ကမ္ဘာကလေးစားလာစေသည့် အမျိုးသားရေး ဂုဏ်ဆောင်မှတ်တိုင်တစ်ခုလည်းဖြစ်**

တည်ဆောက်ရေးကာလတွင် ရင်ဆိုင်ခဲ့ရသော အဓိကစိန်ခေါ်မှုကြီးမှာ ယန်ဇီမြစ်၏ အားကောင်းလှသောရေစီးကြောင်းကို ထိန်းချုပ်ကာ မြစ်ကြောင်းလမ်းလွှဲခြင်း ဖြစ်ပါသည်။ အင်ဂျင်နီယာများက ရောမကျောက်တောင်ကြီးများကို ဖောက်ခွဲကာ လမ်းကြောင်းသစ်များ ဖန်တီးခြင်းနှင့် မြစ်အတွင်း ကျောက်တုံးကြီးများကို တိကျစွာ ပစ်ချပိတ်ဆို့ခြင်းစသည့် နည်းဗျူဟာများကို အသုံးပြု၍ အောင်မြင်စွာ ဖြေရှင်းခဲ့ကြပါသည်။ ဆည်အတွင်း နုန်းမြေများ ပိတ်မိလာကာ သက်တမ်းတိုတောင်းစေမည့်ပြဿနာကိုလည်း "ကြည်လင်သောရေကို သိုလှောင်ပြီး နောက်ကျိသောရေကို စွန့်ထုတ်ခြင်း"နည်းစနစ်ဖြင့် ဖြေရှင်းကာ နုန်းထုတ်ပြွန်များမှတစ်ဆင့် နုန်းများကို စနစ်တကျ ဖယ်ရှားပေးလျက်ရှိပါသည်။

သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်အတွက် ခေတ်မီနည်းပညာရပ်ဆိုင်ရာ အစီအမံများကိုလည်း စနစ်တကျ ထည့်သွင်းဆောင်ရွက်ထားပါသည်။ ယန်ဇီမြစ်ကြောင်းတစ်လျှောက်ရှိ ဇီဝမျိုးစုံမျိုးကွဲများကိုထိန်းသိမ်းရန် ဘေးမဲ့ဇုန်များနှင့် ငါးမျိုးပွားစခန်းများ တည်ထောင်ထားသည့်အပြင် ငါးများ သဘာဝအတိုင်း ဆန်တက်နိုင်ရန် ငါးကူးလမ်းကြောင်းများကိုလည်း ဖန်တီးပေးထားပါသည်။ ထို့ပြင် ဆည်၏ ကမ်းပါးတစ်လျှောက်တွင် သစ်ပင်ပေါင်းသန်းနှင့်ချီ၍ စိုက်ပျိုးကာ မြေဆီလွှာတိုက်စားမှုကိုကာကွယ်သည့် "အစိမ်းရောင်တံတိုင်း"များအဖြစ် ဖန်တီးထားခြင်းက မြေပြိုမှုအန္တရာယ်ကို လျှော့ချပေးရုံသာမက ဒေသတွင်း ရာသီဥတုကိုလည်း မျှတစေပါသည်။

ဆည်၏ကြံ့ခိုင်မှုကို စောင့်ကြည့်ရန်အတွက်လည်း အာရုံခံကိရိယာ (Sensors) ပေါင်း ၁၂၀၀၀ ကျော်ကို ဆည်ကိုယ်ထည်အတွင်း တပ်ဆင်ထားပြီး တုန်ခါမှုနှင့် ရေဖိအားကို စက္ကန့်မလပ်တိုင်းတာလျက်ရှိပါသည်။ ထို့ပြင် GPS နှင့် လေဆာတိုင်းတာရေးစနစ်တို့ကို အသုံးပြု၍ ဆည်တည်နေရာ တိကျမှုကို မီလီမီတာအဆင့်အထိ စောင့်ကြည့်သကဲ့သို့ ဆည်အောက်ပိုင်းကြံ့ခိုင်မှုကိုလည်း လူမဲ့ရေငုပ်သင်္ဘောငယ်များ (ROVs) နှင့် အသံလှိုင်းသုံးကိရိယာ (Sonar)များဖြင့် စစ်ဆေးပါသည်။ ယင်းသို့ အဆင့်မြင့်နည်းပညာရပ်များ ဘက်စုံပေါင်းစပ်ထားခြင်းကြောင့် ဆည်ကြီးသည် အလုံခြုံဆုံးအနေအထားတွင် တည်ရှိနေပါသည်။

ဆည်၏သက်တမ်းနှင့်ပတ်သက်၍ ပင်မကိုယ်ထည်ဖြစ်သော ကွန်ကရစ်တံတိုင်းကြီးကို နှစ်ပေါင်း ၁၀၀ မှ ၁၅၀ အထိ ခိုင်ခံ့စေရန် ရည်ရွယ်တည်ဆောက်ထားပြီး စနစ်တကျ ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်လျက်ရှိပါသည်။ တာဘိုင်စက်ကြီးများ၏ သက်တမ်းမှာ နှစ် ၃၀ မှ ၅၀ ခန့်ရှိသော်လည်း ခေတ်မီဒီဂျစ်တယ်စနစ်များဖြင့် အမြဲမပြတ် အဆင့်မြှင့်တင်နေခြင်းကြောင့် ဆည်ကြီးသည် ရာစုနှစ်တစ်ခုထက်မက ဆက်လက်လည်ပတ်နိုင်မည်ဖြစ်ပါသည်။ စီမံကိန်းသည် လက်ရှိမျိုးဆက်အတွက်သာမက နောင်လာမည့်မျိုးဆက်များအတွက်ပါ စွမ်းအင်လုံခြုံမှုနှင့် သာယာဝပြောမှုကိုပေးစွမ်းနိုင်မည့် ရေရှည်တည်တံ့သော အောင်မြင်မှုတစ်ခုအဖြစ် ယန်ဇီမြစ်ကြောင်းတစ်လျှောက် ခိုင်မာစွာ ဆက်လက်တည်ရှိနေဦးမည်ဖြစ်ပါသည်။

ယန်ဇီမြစ်ကြောင်းပေါ်ရှိ မြစ်ကျဉ်းသုံးသွယ်ရေကာတာသည် တရုတ်နိုင်ငံ၏ စွမ်းအင်ကဏ္ဍကို သာမက ရေကြောင်းကုန်သွယ်မှုနှင့် ရေဘေးကာကွယ်ရေးကဏ္ဍများကိုပါ တစ်ဆစ်ချိုးပြောင်းလဲပေးနိုင်ခဲ့သည့် ရောမစီမံကိန်းကြီး ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းကြီးသည် အင်ဂျင်နီယာအတတ်ပညာ၏ စွမ်းပကားဖြင့် သဘာဝဘေးအန္တရာယ်များကို မည်သို့ထိန်းချုပ်နိုင်သည်၊ နည်းပညာကို အသုံးချကာ ဂေဟစနစ်ကို မည်သို့ပြန်လည်ကုစားနိုင်သည်ဆိုသည့် သင်ခန်းစာများအား ကမ္ဘာကို ထင်ရှားစွာ ပြသလျက်ရှိပါသည်။ အောင်မြင်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအရှိန်အဟုန်ကို မြှင့်တင်ရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် မည်မျှအရေးပါကြောင်းကို သက်သေထူနေပါသည်။ ။

# တောင်ကြီးမြို့၌ အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် မူလတန်းအဆင့်ဘောလုံးကျွမ်းကျင်မှုပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



တောင်ကြီး ဇူလိုင် ၂၀

Football For School အစီအစဉ်အရ ကျင်းပသော အခြေခံပညာကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် မူလတန်းအဆင့် ဘောလုံးကျွမ်းကျင်မှုပြိုင်ပွဲဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ် အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး တာဝန်ရှိသူများနှင့် အတူ Aerobic၊ Fitness Exercise၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များ၏ သရုပ်ပြ တင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများပေးအပ်ပြီး မူလတန်းအဆင့် ဘောလုံးကျွမ်းကျင်မှုပြိုင်ပွဲ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ကန်ကြီးထောင့်မြို့နယ်၌ ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ်အကြောင်း ရှင်းလင်း

ကန်ကြီးထောင့် ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု သိကောင်းစရာရှင်းလင်းတင်ပြခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စန်းယုနိုင်က ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်အကောင်အထည်ဖော်ဆောင်ရွက်မှုအား POWER POINT ဖြင့် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ကျော်ဇင်စိုး(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဖလမ်းမြို့ ဌာနဆိုင်ရာရုံးများနှင့် မြို့ပေါ်ရပ်ကွက်များတွင် ဆိုလာမီးတပ်ဆင်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့်အတူ ယနေ့တွင် ဖလမ်းမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ (6 KW)ဆိုလာမီး တစ်စုံ တပ်ဆင်ဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆိုလာပြားများ သန့်ရှင်းမှုရှိစေရေး၊ ရုံးလုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် အကျိုးရှိစွာ အသုံးပြုရေးတို့ကို မှာကြားသည်။

ဖလမ်းမြို့ရှိ ယာယီပြည်သူ့ဆေးရုံတွင် (12 KW) ဆိုလာမီး တစ်စုံ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် (6 KW)ဆိုလာမီး တစ်စုံ၊ ခရိုင်မြန်မာ့စီးပွားရေးဘဏ်ရုံးတွင် (6 KW) ဆိုလာမီး တစ်စုံ၊ မြို့နယ်ပညာရေးမှူးရုံးတွင် (6 KW)ဆိုလာမီးတစ်စုံတို့ကို ချင်းပြည်နယ် အစိုးရအဖွဲ့ အစီအစဉ်ဖြင့် တပ်ဆင်ရန် ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ဖလမ်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ဗိုလ်ချုပ်လမ်းတစ်လျှောက် ဆိုလာလမ်းမီးတိုင် တပ်ဆင်ဆောင်ရွက်နေမှု၊ ဖလမ်းမြို့ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများက ပံ့ပိုးကူညီသော(300 W) ဆိုလာလမ်းမီးများကို ဒေသခံပြည်သူများနှင့် လျှပ်စစ်အင်ဂျင်နီယာဝန်ထမ်းများက တပ်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ညပိုင်းတွင် ဖလမ်းမြို့ မီးရရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုပြီး မြို့၏ အဓိကနေရာများ၊ လမ်းဆုံလမ်းခွနေရာများနှင့် ပြည်သူ့ဝန်ဆောင်မှုရုံးဌာနများတွင် ဆိုလာမီးများကို ဦးစားပေးအလိုက် တပ်ဆင်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့အတူ တီးတိန်မြို့တွင် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်၊ ကျေးရွာ သုံးရွာနှင့် ဌာနဆိုင်ရာရုံးများမှ လျှပ်စစ်မီးသုံးစွဲသူဦးရေ ၃၀၁၈ ဦးတို့အား ဝန်အားများသောအချိန်တွင် 300 KVA ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ညစဉ် ၆ နာရီခွဲမှ ၉ နာရီအထိ မောင်းနှင်ပြီး ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ 200 KW နှစ်လုံးတို့ဖြင့် ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်းနှင့် တပ်မတော် တပ်ရင်း၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့နယ်ရဲစခန်း၊ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ လမ်းဦးစီးဌာနရုံး၊ ဆက်သွယ်ရေးရုံးနှင့် ဘုန်းကြီးကျောင်းတို့ကိုနေ့စဉ်(၂၄)နာရီလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

အလားတူ တွန်းဇံမြို့ ဒေသခံပြည်သူ လျှပ်စစ်မီးသုံးစွဲသူဦးရေ ၄၂၀ နှင့် မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ မြို့နယ်ရဲစခန်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၊ ဥပဒေရုံး၊ စာရင်းစစ်ရုံး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၊ မြို့နယ်မြေစာရင်းဦးစီးဌာနတို့ကို 300 KVA ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ညစဉ် ၇ နာရီမှ ၉ နာရီခွဲအထိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပြီး မြို့နယ်ပြည်သူ့ဆေးရုံတွင် (12 KW) ဆိုလာမီး တစ်စုံ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် (6 KW) ဆိုလာမီး တစ်စုံ၊ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ရုံးတွင် (6 KW) ဆိုလာမီး တစ်စုံတို့ကို ချင်းပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် တပ်ဆင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အောင်လံမြို့နယ်၌ ကျေးရွာမြေပုံဂရန်များ ပေးအပ်

အောင်လံ ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် ကျေးရွာမြေပုံဂရန်ပေးအပ်ပွဲကို ယနေ့တွင် ကသစ်ကန်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကသစ်ကန်ကျေးရွာအတွင်းရှိ အိမ်ခြေ ၂၀၀ အတွက် ကျေးရွာမြေပုံဂရန်များကို ပေးအပ်ရာ ကျေးရွာနေပြည်သူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၃၇) သင်တန်းဖွင့်ပွဲ ကျင်းပ



ရန်ကုန် ဇူလိုင် ၂၀

အရာထမ်းငယ်သင်တန်း အမှတ်စဉ်(၁၃၇)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ရတနာသိဃ်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး)၊ ဌာနမှူးများ၊ ပညာဌာနများမှ ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ်က အမှာစကား ပြောကြားသည်။ အဆိုပါ သင်တန်းသို့ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများမှ သင်တန်းသား ၂၁၀၊ သင်တန်းသူ ၂၅၅ ဦး စုစုပေါင်း ၄၆၅ ဦး တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇူလိုင် ၂၀ ရက်မှ စက်တင်ဘာ ၂၅ ရက်အထိဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံကြီးသား နိုင်ငံကြီးသူ



သတင်းထောက်သာထူး

**အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်က ကိုလ်ကတ္တားမြို့မှာ ဟူဂလီမြစ်ကိုဖြတ်ပြီး ဆောက်ထားတဲ့ ကမ္ဘာကျော် သံတံတားကြီးတစ်စင်းရှိတယ်။ "ဟောင်ရာ (Howrah)"လို့ခေါ်တဲ့ အဲဒီတံတားကြီးကို ဆရာမြသန်းတင့် ဘာသာပြန်ခဲ့တဲ့ "သုခမြို့တော်" ဖတ်ဖူးသူတိုင်း သိကြမှာပါ။ ပြောချင်တာက သုခမြို့တော်အကြောင်း မဟုတ်ပါဘူး။ အဲဒီဟောင်ရာတံတားကြီး အကြောင်း။ သံမဏိတန်ချိန်ပေါင်း ၂၆၅၀၀ ကျော်နဲ့ ဒုတိယကမ္ဘာစစ်ကြီးခေတ်မှာ ဆောက်ခဲ့ပြီး နေ့စဉ်လူငါးသိန်းကျော်လောက် ဖြတ်သွားနေကြတဲ့ အဲဒီတံတားကြီးဟာ မဆင်မခြင် ထွေးကြတဲ့ ကွမ်းတံတွေးတွေကြောင့် ပြိုကျသွားနိုင်တဲ့အန္တရာယ် ဖြစ်ခဲ့ဖူးပါတယ်။**

အားလုံးသိကြတဲ့အတိုင်း အိန္ဒိယကလည်း ကွမ်းစား၊ ဆေးငုံ၊ တွေ့ကရာ ထွေးကြတဲ့နေရာမှာ မြန်မာတွေနဲ့ ညီအစ်ကိုတွေပါ။ ကွမ်းယာ (Pann) နဲ့ ဆေးရွက်ကြီးပါတဲ့ ဂွတ်ခါ (Gutkha) တွေစားပြီး နေ့စဉ်ဟောင်ရာတံတားပေါ် ဖြတ်သွားကြတဲ့ လူငါးသိန်းကျော်ထဲမှာ အများစုက သံမဏိတံတားကြီးရဲ့ တိုင်တွေနဲ့ အောက်ခြေနေရာတွေကို ကွမ်းတံတွေးတွေ လှမ်းလှမ်းထွေးကြသတဲ့ဗျ။ ကွမ်းယာမှာပါတဲ့ ထုံးရယ်၊ ဆေးရွက်ကြီးရယ်၊ တံတွေးရယ် ပေါင်းစပ်သွားတဲ့အခါ အက်စစ်ဓာတ်တွေ အပြင်းအထန် ထွက်လာပြီး သံမဏိတွေကို သံချေးတက်တိုက်စားပစ်ပါလေရော။ အင်ဂျင်နီယာတွေ စစ်ဆေးချက်တွေမှာတွေ့ရတာက ၂၀၀၇ ခုနှစ်ကနေ ၂၀၁၀ ပြည့်နှစ်အထိ သုံးနှစ်လောက်မှာတင် ခြောက်မီလီမီတာအထူရှိတဲ့ သံမဏိကာကွယ်ရေးအဖုံးတွေဟာ သုံးမီလီမီတာအထိ တစ်ဝက်လောက် ပါးသွားတယ်လို့ ဆိုပါတယ်။ ဒုတိယကမ္ဘာစစ်မှာ ဂျပန်တွေ ကြဲချခဲ့တဲ့ ဗုံးဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့တဲ့ ဟောင်ရာတံတားကြီးခမျာ ကွမ်းသမားတွေနဲ့ကျမှ ဗုန်းဗုန်းလဲပြိုကျမယ့် အခြေဆိုက်ခဲ့တာကြောင့် အချိန်မီ ဝိုင်းဝန်းကာကွယ်ခဲ့ကြရပါတယ်။

"Save Howrah Bridge from Spit" (ဟောင်ရာတံတားကြီးကို ကွမ်းတံတွေးအန္တရာယ်မှ ကာကွယ်ကြ)ဆိုတဲ့ လူထုလှုပ်ရှားမှုကို လုပ်ခဲ့ကြရပြီး တံတားပေါ်မှာ ကွမ်းတံတွေးထွေးရင် မှတ်လောက်သားလောက်အောင် ဒဏ်ငွေရိုက်တာ၊ ရဲကင်းတွေ ချထားပြီး စောင့်ကြည့်တာတွေ လုပ်ခဲ့ကြရတယ်လို့ မှတ်သားခဲ့ရဖူးပါတယ်။ ဒါပေမဲ့လည်း အိန္ဒိယအစိုးရဟာ ရထားဌာနတွေနဲ့ အများပြည်သူဆိုင်ရာ နေရာတွေမှာ ကွမ်းသမားတွေ ပရမ်းပတာထွေးခဲ့တဲ့ တံတွေးတွေအတွက် နှစ်စဉ်သန့်ရှင်းရေးစရိတ် ရူပီးငွေကုဋေနဲ့ချီပြီး ကုန်ကျနေရတုန်းပဲလို့ သိရပါတယ်။

### ရထားစီးခရီးသည်များ သန့်ရှင်းရေးနှင့် စည်းကမ်းကို အလေးထားလိုက်နာ

ပြီးခဲ့တဲ့ ဇူလိုင် ၉ ရက်နေ့က မြန်မာ့အလင်းသတင်းစာ ကျောဖုံးစာမျက်နှာမှာ "ရထားစီးခရီးသည်များ သန့်ရှင်းရေးနှင့် စည်းကမ်းကို အလေးထား လိုက်နာပေးကြရန် မြန်မာ့မီးရထား အသိပေး" ဆိုတဲ့ခေါင်းစဉ်နဲ့ သတင်းလေးတစ်ပုဒ် ဖတ်လိုက်ရတယ်။ သတင်းထဲမှာ ပြည်သူများ သက်သောင့်သက်သာ၊ ဘေးကင်းလုံခြုံပြီး ဈေးနှုန်းသင့်တင့်စွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားက အဆင့်မြင့် ရထားတွဲဆိုင်းအသစ်များဖြင့် ခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိကြောင်း၊ သို့ရာတွင် စည်းကမ်းလိုက်နာခြင်းမရှိသည့် ခရီးသည်အချို့ကြောင့် အခြားခရီးသည်များ စိတ်အနှောင့်အယှက်နှင့် ကြုံတွေ့ရမှုများလည်းရှိကြောင်း ခရီးသည်များက မှတ်ချက်ပြုထားကြသည်။

ခရီးစဉ်တစ်လျှောက် သန့်ရှင်း၊ သပ်ရပ်ပြီး အခြားခရီးသည်များအတွက် အနှောင့်အယှက် မဖြစ်စေရန်နှင့် ရထားအတွင်း သန့်ရှင်းမှုကို ထိန်းသိမ်းရန် ကွမ်းတံတွေးထွေးခြင်းကို ရှောင်ကြဉ်ပေးပါရန်၊ ထိုင်ခုံပေါ်တွင် ခြေထောက်တင်ခြင်း မပြုပါရန်၊ အခြားခရီးသည်များ သန့်ရှင်းစွာ အသုံးပြုနိုင်ရန် ထိုင်ခုံများကို စနစ်တကျအသုံးပြုပေးပါရန်လည်း ပါရှိသည်။ အလားတူ ဆူညံသံဖြင့် အနှောင့်အယှက် မဖြစ်စေရန်၊ ဖုန်းပြောဆိုခြင်း၊ သီချင်းဖွင့်ခြင်းနှင့် စကားပြောဆိုခြင်းများကို အခြားသူများ မထိခိုက်စေရန် ထိန်းသိမ်းပေးပါရန်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ပေးပါရန် မြန်မာ့မီးရထားက အသိပေးထားသည်လို့ သတင်းထဲမှာ ပါပါတယ်။



အိန္ဒိယနိုင်ငံ ကိုလ်ကတ္တားမြို့ ဟူဂလီမြစ်ပေါ်ရှိ ကမ္ဘာကျော် "ဟောင်ရာ (Howrah)" သံတံတားကို တွေ့ရစဉ်။

ဒီသတင်းကို ဖတ်လိုက်ရတဲ့အခါ ခရီးသွားတဲ့အခါတိုင်း တွေ့ရတတ်တဲ့ နိမ့်ကျတဲ့စရိုက် (Poor Civic Habit) ရှိတဲ့လူတွေကို ချက်ချင်းပဲ မြင်ယောင်လိုက်မိပါတယ်။ ရထားတွေမှာသာမက အဝေးပြေး Express ဘတ်စ်ကားတွေမှာပါ မကြာခဏ တွေ့ရတာပါ။ လေအေးစက်တပ်ထားပြီး ခရီးသည်အများနဲ့သွားရတဲ့ ကားထဲမှာ ကွမ်းတွေ မနားတမ်းစားပြီး ကြွပ်ကြွပ်အိတ်ထဲ ထွေးထည့်တာ၊ ဖုန်းနဲ့သီချင်းတွေ၊ ဇာတ်လမ်းတွေ အကျယ်ကြီးဖွင့် နားထောင်တာ၊ ဖုန်းပြောတဲ့အခါမှာလည်း အကျယ်ကြီး အော်ပြောနေတာ၊ အမှိုက်တွေ ပစ်ချတာစတဲ့ အပြုအမူတွေကို မသိလိုက်ဘာသာ လုပ်ကြတဲ့ လူတွေဖြစ်ပါတယ်။ ဒါကြောင့် အဲဒီကားကြီးတွေမှာလည်း မြန်မာ့မီးရထားကလိုပဲ ခရီးသည်တွေ သန့်ရှင်းရေးနဲ့ စည်းကမ်းကို လိုက်နာဖို့ အသိပေးတဲ့ စာလေးတွေ ကပ်ထားတာကို တွေ့ရပါတယ်။

### နိုင်ငံနဲ့လူမျိုးရဲ့ ဂုဏ်သိက္ခာနဲ့ ပုံရိပ်ကိုပါ ကျဆင်းစေ

**အများပြည်သူဆိုင်ရာ နေရာတွေ၊ ယာဉ်ရထားတွေမှာ လူတချို့ စည်းကမ်းမဲ့တာဟာ ပတ်ဝန်းကျင်မှာ ရှိနေသူတွေကိုပဲ အနှောင့်အယှက် ဖြစ်စေပေမယ့် တခြားနိုင်ငံတွေဆီ ရောက်သွားတဲ့အချိန်မှာ စည်းကမ်းမဲ့ကြတဲ့အခါ နိုင်ငံနဲ့လူမျိုးရဲ့ ဂုဏ်သိက္ခာနဲ့ ပုံရိပ်ကိုပါ ကျဆင်းစေပါတယ်။ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဂျပန် အပါအဝင် မြန်မာတွေ အရောက်အပေါက်များတဲ့ နိုင်ငံတွေမှာ မြန်မာလူမျိုးတချို့ရဲ့ စည်းကမ်းမဲ့မှုနဲ့ ဆိုးဆိုးရွားရွား ပြုမူနေထိုင်မှုတွေကြောင့် တစ်ဦးချင်း အရေးယူခံရရုံတင်မကဘဲ တစ်မျိုးသားလုံးကိုပါ သိက္ခာကျဆင်းစေပြီး ပြည်ဝင်ခွင့်ဗီဇာနဲ့ အလုပ်အကိုင် ကန့်သတ်ချက်တွေအထိပါ ရိုက်ခတ်မှုတွေ ရှိလာပါတယ်။**

စင်ကာပူမှာရှိတဲ့ Peninsula Plaza (မြန်မာဈေး) အနီးတစ်ဝိုက်၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမှာရှိတဲ့ ပူဒူ (Pudu) နဲ့ ကိုတာရာယာ (Kotaraya) အနီးတစ်ဝိုက် စတဲ့ မြန်မာတွေ စုဝေးလေ့ရှိတဲ့ နေရာတွေမှာ ကွမ်းတံတွေးတွေ ညစ်ညစ်ပတ်ပတ် ထွေးပြီး စည်းမဲ့ကမ်းမဲ့ အမှိုက်ပစ်တာ၊ စင်ကာပူက Little India နဲ့ ပန်းခြံတချို့တွေ၊ လမ်းဘေးနေရာတွေမှာ အုပ်စုဖွဲ့ အရက်သောက်တာ၊ ဆောင်းဘောက်တွေ ကျယ်ကျယ်လောင်လောင်ဖွင့်တာ၊ သီချင်းတွေ အော်ဆိုကြတာ၊ ရန်ဖြစ်ကြတာ၊ ဂျပန်နိုင်ငံမှာဆိုရင်လည်း သူတို့လူမျိုးတွေ အမြတ်တနိုးထားတဲ့ ချယ်ရီပင်ပေါ်တက်တာ၊ နာရာပန်းခြံ (Nara park) မှာ ဥပဒေနဲ့ ကာကွယ်စောင့်ရှောက်ထားတဲ့ သမင်ကို ခွစီးဖို့ ကြိုးစားတာ၊ ယုတ်စွအဆုံး မြန်မာအမျိုးသမီးအချို့ တခြားနိုင်ငံသားတွေနဲ့ လွယ်လွယ်တွဲခုတ်ကြတာ စသည်ဖြင့် စည်းမဲ့ကမ်းမဲ့ ပြုမူ

> **"အများပြည်သူဆိုင်ရာ နေရာတွေ၊ ယာဉ်ရထားတွေမှာ လူတချို့ စည်းကမ်းမဲ့တာဟာ ပတ်ဝန်းကျင်မှာရှိနေသူတွေကိုပဲ အနှောင့်အယှက်ဖြစ်စေပေမယ့် တခြားနိုင်ငံတွေဆီ ရောက်သွားတဲ့အချိန်မှာ စည်းကမ်းမဲ့ကြတဲ့အခါ နိုင်ငံနဲ့လူမျိုးရဲ့ ဂုဏ်သိက္ခာနဲ့ပုံရိပ်ကိုပါ ကျဆင်းစေပါတယ်။ စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဂျပန် အပါအဝင် မြန်မာတွေအရောက်အပေါက်များတဲ့ နိုင်ငံတွေမှာ မြန်မာလူမျိုးတချို့ရဲ့ စည်းကမ်းမဲ့မှုနဲ့ ဆိုးဆိုးရွားရွားပြုမူနေထိုင်မှုတွေကြောင့် တစ်ဦးချင်း အရေးယူခံရရုံတင်မကဘဲ တစ်မျိုးသားလုံးကိုပါ သိက္ခာကျဆင်းစေပြီး ပြည်ဝင်ခွင့်ဗီဇာနဲ့ အလုပ်အကိုင် ကန့်သတ်ချက်တွေအထိပါ ရိုက်ခတ်မှုတွေ ရှိလာပါတယ်"**

နေထိုင်မှုတွေဟာ အဲဒီနိုင်ငံတွေမှာ ရောက်နေကြတဲ့ မြန်မာအသိုင်းအဝိုင်းအပေါ်မှာရော မိမိတို့ရဲ့ ဇာတိမြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးအားလုံးတို့ကို ထိခိုက်စေပါတယ်။

### နိုင်ငံသားတာဝန်နဲ့ ကျင့်ဝတ် ချို့ယွင်းခဲ့လို့၊ အားနည်းခဲ့လို့ဖြစ်

DEMU ရထားတွေ၊ Express ကားတွေ အပါအဝင် အများပြည်သူဆိုင်ရာ နေရာတွေမှာ စည်းမဲ့ကမ်းမဲ့၊ ကျင့်ဝတ်မဲ့စွာ ပြုမူကြတာ၊ မြို့လယ်ကောင် နောက်ဖေးလမ်းကြားနဲ့ ရေမြောင်းတွေထဲ အမှိုက်ပစ်ချတာ၊ နိုင်ငံရပ်ခြားရောက်တဲ့အထိပါ နိုင်ငံနဲ့ လူမျိုးသိက္ခာကျလောက်အောင် နေထိုင်ကြတာဟာ Civics လို့ခေါ်တဲ့ ပြည်သူ့နီတိ တစ်နည်းအားဖြင့် နိုင်ငံသားတာဝန်နဲ့ ကျင့်ဝတ် ချို့ယွင်းခဲ့လို့၊ အားနည်းခဲ့လို့ ဖြစ်ပါတယ်။ မြန်မာလူမျိုးတွေရဲ့ မြန်မာ့လူမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ဖို့ဆိုရင် ပထမဆုံးအချက်က နိုင်ငံသားတွေရဲ့ အသိစိတ်ဓာတ် (Civic Sense) ရှိဖို့လိုမှာ ဖြစ်ပါတယ်။ ကိုယ့်ရဲ့အပြုအမူတစ်ခုဟာ အများပြည်သူအပေါ် ဘယ်လိုသက်ရောက်မှုရှိမလဲဆိုတာကို ကြိုတင်စဉ်းစားဆင်ခြင်ပြီး ကိုယ်ချင်းစာစိတ်ဓာတ်ထားကြရမှာ ဖြစ်ပါတယ်။

အများနဲ့သက်ဆိုင်တဲ့ လမ်းတံတား၊ ပန်းခြံ၊ ရထား၊ ကား၊ ရေယာဉ် စတာတွေကို ကိုယ့်အပိုင်ပစ္စည်းကို တန်ဖိုးထားသလိုမျိုး တန်ဖိုးထားကြဖို့၊ အမှိုက်တွေကို စနစ်တကျ စွန့်ပစ်ဖို့၊ ယာဉ်စည်းကမ်း လမ်းစည်းကမ်းတွေကို လိုက်နာကြဖို့၊ အများတန်းစီရတဲ့နေရာတွေမှာ ကိုယ်လည်းတန်းစီဖို့၊ ပတ်ဝန်းကျင်ကို ငဲ့ညှာတဲ့အနေနဲ့ အများပြည်သူနေရာတွေမှာ ဆူဆူညံညံမနေကြဖို့၊ စည်းကမ်းမဲ့ တံတွေး၊ ကွမ်းတံတွေးမထွေးကြဖို့ နိုင်ငံသားအသိစိတ်ဓာတ်နဲ့ ကျင့်သုံးနေထိုင်ကြရမှာဖြစ်ပါတယ်။

### နိုင်ငံသားစိတ်ဓာတ် ချွတ်ယွင်းကင်းမဲ့နေမယ်ဆိုရင်

ဒုတိယအချက်ကတော့ နိုင်ငံသားတာဝန်များ (Civic Duties)တွေကို ကျေပွန်ကြဖို့ လိုပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ တည်ဆဲဥပဒေတွေကို တိကျစွာလိုက်နာခြင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လိုအပ်တဲ့ မိမိတို့ ပေးဆောင်ကြရမယ့် အခွန်ငွေတွေကို မှန်မှန်ကန်ကန် ပေးဆောင်ခြင်း၊ မဲဆန္ဒရှင်တစ်ယောက်အနေနဲ့ မဲပေးခြင်းတို့ဟာ ဥပဒေအရဖြစ်စေ၊ ကျင့်ဝတ်အရဖြစ်စေ နိုင်ငံသားတိုင်း ထမ်းဆောင်ကြရမယ့် တာဝန်တွေပဲဖြစ်ပါတယ်။ ခေနဥစ္စာချို့ငဲ့တဲ့ကြားက မိမိနိုင်ငံသားတွေ အဆင့်အတန်းရှိရှိ နေနိုင်ကြဖို့ အစိုးရအနေနဲ့ ဘယ်လောက်ပဲ ခေတ်မီကောင်းမွန်တဲ့ ရထားတွေ၊ ကားတွေ၊ လမ်းတံတား အဆောက်အအုံတွေ ဘယ်လိုပဲ ဖြည့်ဆည်းပေးသည်ဖြစ်ပါစေ နိုင်ငံသူနိုင်ငံသားတွေမှာ နိုင်ငံသားစိတ်ဓာတ် (Civic Sense) ချွတ်ယွင်းကင်းမဲ့နေမယ်ဆိုရင် အဲဒါတွေအားလုံး ရေရှည်တည်တံ့နိုင်မှာ မဟုတ်ပါဘူး။

ဒါကြောင့် နိုင်ငံသားတွေကို နိုင်ငံသားဆိုင်ရာ ပညာပေးမှုတွေ ငယ်စဉ်ကတည်းက နိုင်ငံအတွက် အမှန်တကယ်လိုအပ်တဲ့ ဘာသာရပ်တစ်ခုအဖြစ်နဲ့ အလေးအနက်ထားပြီး သင်ကြားလေ့ကျင့်ပေးဖို့ လိုမှာဖြစ်ပါတယ်။ ဒီနေရာမှာ စံနမူနာတစ်ခုအဖြစ် စင်ကာပူနိုင်ငံကိုပဲ လက်ညှိုးထိုးပြပါရစေ။ စင်ကာပူနိုင်ငံဟာ ဟိုလွန်ခဲ့တဲ့နှစ်ပေါင်း ၆၀ ကျော် ( ၁၉၆၀ ပြည့်လွန်နှစ်များ)ကာလတုန်းက မြန်မာနိုင်ငံလိုပဲ ကွမ်းတံတွေးထွေးသူ၊ စည်းကမ်းမဲ့ အမှိုက်ပစ်သူတွေနဲ့ ညစ်ပတ်ပေရေနေတဲ့ နိုင်ငံတစ်ခုဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ ဝန်ကြီးချုပ်ဟောင်း လီကွမ်ယုက အကျင့်စာရိတ္တကို ဥပဒေနဲ့ ပြုပြင်လို့ရတယ်ဆိုတဲ့ ခံယူချက်နဲ့ နိုင်ငံကို စည်းကမ်းတကျဖြစ်အောင် တည်ဆောက်ခဲ့ပါတယ်။

စာမျက်နှာ ၁၄ သို့ ❍

○ စာမျက်နှာ ၁၃ မှ

လူတွေစည်းကမ်းလိုက်နာအောင်လုပ်တဲ့ ပထမဆုံး နည်းလမ်းကတော့ ထိရောက်တဲ့ဒဏ်ကြေး ပေးဆောင်စေတာ ဖြစ်ပါတယ်။

**ပထမအကြိမ် စည်းကမ်းမဲ့အမှိုက်ပစ်ရင် ဒါမှမဟုတ် အများပြည်သူ့ရှေ့ တံတွေးထွေးရင် စင်ကာပူဒေါ်လာ ၁၀၀၀ အထိ ဒဏ်ရိုက်ပြီး ထပ်ကျူးလွန်ရင် ဒေါ်လာ ၂၀၀၀ နဲ့အထက် တိုးမြှင့်ဒဏ်ရိုက်ပါတယ်။ ပီကေတွေဝါးပြီး တွေ့ကရာ စွန့်ပစ်တာ၊ အများပြည်သူထိုင်တဲ့နေရာတွေမှာ ကပ်ခဲ့တာတွေကြောင့် ၁၉၉၂ ခုနှစ်မှာ ပီကေတင်သွင်းရောင်းချတာတွေကို ဥပဒေနဲ့လုံးဝပိတ်ပင်ခဲ့ပါတယ်။ အများပြည်သူနေရာတွေမှာ ကွမ်းစားတာကိုလည်း တားမြစ်ထားပါတယ်။ အများသုံးအိမ်သာတွေမှာ သုံးပြီး ရေမဆွဲခဲ့ရင် ဒဏ်ငွေ ဒေါ်လာ ၁၅၀ ကနေ ၅၀၀ အထိ ရိုက်ပါတယ်။ စင်ကာပူရဲ့ဒဏ်ငွေက ကမ္ဘာကျော်ခဲ့ပြီး “Fine City” လို့တောင် ကမ္ဘာက ကျီစယ်ခဲ့ကြတဲ့အထိပါပဲ။ Fine City ဆိုတာ ကြီးကျယ်ခမ်းနားတဲ့ မြို့တော်၊ ပြီးတော့ ဒဏ်ကြေးမြို့တော်လို့ အဓိပ္ပာယ်နှစ်ခွထွက်တာပါ။**

ပိုက်ဆံချမ်းသာလို့ ဒီဒဏ်ငွေလောက်တော့ မမှုပါဘူးဆိုပြီး ဂရုမစိုက်တဲ့လူတွေကို အပိုးကျိုးအောင်လို့ Corrective Work Order-CWO ဆိုတဲ့ လူမှုရေးပြစ်ဒဏ်ကိုလည်း ပြဋ္ဌာန်းထားပါတယ်။ ဒဏ်ရိုက်တဲ့ကြားက အမှိုက်ခဏခဏ ပစ်တဲ့သူတွေကို သန့်ရှင်းရေး အလုပ်သမားတွေဝတ်တဲ့ အဝါရောင်တောက်တောက် ဝတ်စုံကြီး ဝတ်ဆင်စေပြီး အများပြည်သူဆိုင်ရာ မြင်ကွင်းတွေ၊ နေရာတွေမှာ အမှိုက်ကောက်ရှင်းလင်းစေပါတယ်။ ဘယ်လောက်ပဲ ပိုက်ဆံရှိရှိ၊ ရာထူးကြီးကြီး လူရှေ့သူရှေ့ ရှက်စရာဖြစ်တဲ့အတွက် စည်းကမ်းဆိုတာကို စင်ကာပူသားတွေ ကြောက်ရွံ့ရိုသေလာကြပါတယ်။

တစ်ဖက်မှာလည်း လူတွေရဲ့ အသိစိတ်(Mindset)တွေကို ပြောင်းလဲစေဖို့ အစိုးရက နှစ်ရှည်စီမံကိန်းတွေ လုပ်ခဲ့ပါတယ်။ Keep Singapore Clean စင်ကာပူကို သန့်ရှင်းအောင်ထားပါဆိုတဲ့ လှုပ်ရှားမှုကို ၁၉၆၈ ခုနှစ်ကတည်းက ဝန်ကြီးချုပ်ကိုယ်တိုင် ဦးဆောင်ပြီး စတင်လုပ်ခဲ့တာ ဖြစ်ပါတယ်။ ကျောင်းတွေမှာလည်း ကလေးတွေကို ကိုယ့်ဘာသာ အမှိုက်သိမ်းတဲ့အလေ့၊ တန်းစီတဲ့အလေ့၊ အများနဲ့ဆိုင်တဲ့ပစ္စည်းတွေ တန်ဖိုးထားတဲ့အလေ့တွေကို မဖြစ်မနေ ဘာသာရပ်တစ်ခုအနေနဲ့ ငယ်စဉ်ကတည်းက လက်တွေ့လေ့ကျင့်ပေးခဲ့တာဖြစ်ပါတယ်။

**စင်ကာပူရဲ့ အောင်မြင်မှုဟာ ဥပဒေရှိရုံသက်သက်သာမဟုတ်ဘဲ ဥပဒေကို မျက်နှာမလိုက်ဘဲ တိတိကျကျ အရေးယူကျင့်သုံးတာ (Strict Enforcement) ကြောင့်သာဖြစ်ပါတယ်။ ဥပဒေရှိနေပါလျက်နဲ့ ကျင့်သုံးမှုမရှိ၊ အရေးယူမှုမရှိ၊ မျက်နှာကြီးငယ်လိုက်မယ်၊ အဂတိလိုက်စားမယ်ဆိုရင် အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။ မည်သူမဆို စည်းကမ်းဖောက်ဖျက်မယ်ဆိုရင် အရေးယူခံရမယ်ဆိုတဲ့အသိစိတ်က လူတိုင်းရဲ့ စိတ်ထဲမှာ စွဲမြဲနေတဲ့အပြင် ငယ်ကတည်းက အသားကျလာတဲ့ အလေ့အကျင့်တွေက နိုင်ငံငယ်ငယ်နဲ့ နိုင်ငံကြီးသားတွေ ဖြစ်လာစေပါတယ်။**

ဒီဆောင်းပါးကို အဆုံးမသတ်ခင် မှတ်မှတ်ရရ ဂုဏ်ပြုပြောကြားလိုတာက မြန်မာနိုင်ငံကို စည်းကမ်းတကျနဲ့ သန့်ရှင်းသာယာလှပစေလိုတဲ့ နိုင်ငံကြီးသားပီသသူ လူငယ်မျိုးဆက်သစ်တွေ အများကြီးရှိနေပြီး သူတို့ဟာ လက်တွေ့ကျကျလည်း လုပ်ပြနေကြတယ်ဆိုတာ ဖြစ်ပါတယ်။ မကြာသေးမီကပဲ ရန်ကုန်မြို့ နောက်ဖေးလမ်းကြားတချို့မှာ တောင်လိုပုံပြီး ညစ်ပတ်နံစော်နေတဲ့ အမှိုက်တွေကို လူငယ်တွေကြား လူသိထင်ရှားတဲ့ လူငယ်အဆိုတော် တစ်ယောက်က ဦးဆောင်ပြီး ရှင်းလင်းခဲ့ကြတာ တွေ့လိုက်ရပါတယ်။

ယခင် ယခင်ကလည်း ပိတ်ဆို့နေတဲ့ ရေနုတ်မြောင်းတွေ ရှင်းကြ၊ အမှိုက်တွေ ရှင်းကြနဲ့ လူငယ်အဆက်ဆက် လုပ်ခဲ့ကြပါတယ်။ ဒီလိုပါပဲ ပြည်ပရောက်နေတဲ့ မြန်မာတွေအချင်းချင်းလည်း ဝိုင်းဝန်းထိန်းကျောင်းကြ၊ ဆိုရှယ်မီဒီယာတွေကတစ်ဆင့် မမှားအောင် သတိပေးကြ၊ ပညာပေးကြ၊ အလုပ်နားရက်တွေမှာ စေတနာ့ဝန်ထမ်း မြန်မာလူငယ်တွေက မြန်မာတွေ အများဆုံးစုဝေးတဲ့ နေရာတွေမှာ အမှိုက်တွေ ကောက်ယူရှင်းလင်းပေးပြီး မြန်မာတိုင်း စည်းကမ်းမပျက်ပါဆိုတဲ့ ပုံရိပ်ကောင်းကို ပြန်တည်ဆောက်ကြတာတွေကိုလည်း တွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ ပြည့်စုံကြွယ်ဝတဲ့နိုင်ငံမဟုတ်သေးတဲ့အတွက် DEMU လို ခေတ်မီရထားတွေ၊ ခေတ်မီသင်္ဘောတွေအပါအဝင် ပြည်သူတွေအတွက် လိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်ဖို့ အချိန်အကြာကြီး ကြိုးစားရတာဖြစ်ပါတယ်။ ဟိုတစ်ချိန်ကဆိုရင် ရထားဝန်ကြီးတစ်ယောက် မိတ်ဆွေနိုင်ငံကြီးတစ်ခုဆီသွားရင်း အဲဒီနိုင်ငံမှာရပ်ထားတဲ့ ရထားတွဲတွေ အများကြီးကိုတွေ့လို့ မေးကြည့်တော့ မသုံးတော့တဲ့ တွဲတွေလို့ သိလိုက်ရသတဲ့။ တွဲတွေရဲ့ အခြေအနေက မြန်မာနိုင်ငံမှာ လက်ရှိပြေးဆွဲနေတဲ့ ရထားတွဲတွေထက်တောင် အခြေအနေကောင်းနေတာနဲ့ ကျွန်တော်တို့ကို ပေးနိုင်မလားလို့ တောင်းကြည့်သတဲ့။ တစ်ဖက်ကလည်း မိတ်ဆွေနိုင်ငံကြီးဆိုတော့ ကိုယ့်ဘာသာကိုယ် သယ်နိုင်ရင် ယူဆိုတာနဲ့ သယ်လိုက်တာ တွဲ ၂၀၀ လောက်ရလိုက်ပြီး ရထားတွဲဆိုင်းတွေ ပိုထွက်လာတယ်။ နိုင်ငံအချင်းချင်း ဆက်ဆံရေးမှာ တန်ရာတန်ကြေး ပိုက်ဆံပေးပြီး ဝယ်ရတာမျိုးမဟုတ်ဘဲ မပြည့်စုံတဲ့ ကိုယ့်နိုင်ငံအတွက် တောင်းခဲ့ရတဲ့ အဲဒီဝန်ကြီးရဲ့ ရင်ထဲကို ဝင်ကြည့်ပြီး ကျွန်တော်တော့ ခံစားကြည့်ခဲ့မိဖူးပါတယ်။

**ကျွန်တော်တို့ စည်းကမ်းရှိကြမယ် အလုပ်တကယ်လုပ်ကြမယ်ဆိုရင် DEMU သာမက တစ်နာရီကို ကီလိုမီတာ ၃၀၀ ကျော် ၄၀၀ နီးပါး မောင်းနိုင်တဲ့ မြန်နှုန်းမြင့် ရထားမျိုးလည်း ရောက်လာမှာပါ။ နိဂုံးချုပ်အနေနဲ့ တစ်မျိုးသားလုံး၊ တစ်မျိုးသမီးလုံး နိုင်ငံကြီးသား နိုင်ငံကြီးသူ ပီသကြဖို့ တိုက်တွန်းလိုက်ပါတယ်ဗျာ။ ။**

✷ ကျောဖုံးမှ

ဇူလိုင် ၁၉ ရက် ည ၇ နာရီခွဲခန့်တွင် ပခုက္ကူမြို့နယ် ပေါင်လောင်ကန်ရွာအနီး ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်း တိုင်အမှတ်(၃၃၈) အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ပခုက္ကူ၊ ရေစကြို၊ မြိုင်နှင့် ကမ္မမြို့တို့သို့ သွယ်တန်းထားသည့် လျှပ်စစ်မီးလိုင်းများ ပြတ်တောက်သွားခဲ့ရသည်။

ယင်းဓာတ်အားလိုင်းဖျက်ဆီးခံရမှုကြောင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ၁၃၂ ကေဗွီဓာတ်အားပေး ကွန်ရက်စနစ်အတွင်း ဓာတ်အားတည်ငြိမ်မှုကိုပါထိခိုက်ခဲ့ရပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြားမြို့၊ ရွာများတွင်ပါ ဗို့အားကျဆင်းခြင်း၊ ရံဖန်ရံခါ ဓာတ်အားပြတ်တောက်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

မိုင်းထောင်ဖောက်ခွဲမှုကြောင့် ကျိုးကျပျက်စီးခဲ့သည့် တာဝါတိုင် ၃၃၈ နေရာသို့ နယ်မြေလုံခြုံရေးအဖွဲ့များနှင့်အတူ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများသွားရောက်၍ အမြန်ဆုံးပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဝန်ထမ်းများက အမြန်ဆုံးလျှပ်စစ်ဓာတ်အား ပြန်လည်ပို့လွှတ်နိုင်ရေး ကြိုးပမ်းပြင်ဆင်ရန် ဆောင်ရွက်ရာတွင်လည်း PDF အမည်ခံ အကြမ်းဖက်သမားများက နှောင့်ယှက်တိုက်ခိုက်ခြင်း၊ လမ်းတစ်လျှောက် မိုင်းထောင်ထားခြင်းတို့ကြောင့် အချို့သောဝန်ထမ်းများသေဆုံးခြင်း၊ ကိုယ်လက်အင်္ဂါများစွန့်လွှတ်ရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများလည်း ဖြစ်ပေါ်လျက် လူ့စွမ်းအားအရင်းအမြစ်ကိုပါ ဆုံးရှုံးစေလျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်များကို အခွင့်ကောင်းယူ၍ ဒေသကောင်းစားရေးနှင့် ပြည်သူလူထုလုံခြုံရေးအတွက်ဟူသော အကြောင်းပြချက်များဖြင့် နိုင်ငံတော်အား ဆန့်ကျင်သည့် လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး လက်နက်အားကိုး၍ အေးချမ်းစွာနေထိုင် လုပ်ကိုင်လျက်ရှိကြသည့် အပြစ်မဲ့အရပ်သား ပြည်သူများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်လျက်ရှိကြသည်။ ယခုကဲ့သို့ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် လျှပ်စစ်ဓာတ်အားလိုင်းများကို ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဒေသခံပြည်သူများအနေဖြင့် ရှုံ့ချမုန်းတီးလျက်ရှိပြီး အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများအား အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ် မြေမြှုပ်မိုင်းနင်းမိမှုကြောင့် ဦးစီးအရာရှိတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့မှု မှတ်တမ်းပုံ။



တာဝါတိုင်များ ပြန်လည်ပြုပြင်ရာတွင် ဝန်ထမ်းများကြိုးပမ်းဆောင်ရွက်နေမှု မှတ်တမ်းပုံ။

❖ မြန်မာမှ

ရမှတ်တူ ရှောဝတီနှင့်တွေ့ဆုံရာတွင် အိမ်ကွင်း၌ အရေးနိမ့်ခဲ့သည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယနေရာရယူနိုင်မည့်အခွင့်အရေး လက်လွှတ်ခဲ့ရသည်။ ရှောဝတီအသင်းအတွက် အနိုင်ဂိုးကို ၈၂ မိနစ်တွင် ဘင်္ဂလားဒေ့ရှ်လက်ရွေးစင်ရီတူက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို ရှောဝတီ နောက်ခံလူ ဖြူဖွေးကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက ရန်ကုန်စီးတီးအသင်းကို သုံးဂိုး - ဂိုးမရှိဖြင့်အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် ပထမပိုင်း သွင်းဂိုးများဖြင့် ယခုရာသီ ဒုတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ပြီး ရန်ကုန်စီးတီးအသင်းမှာမူ ခြောက်ပွဲဆက်တိုက် အရှုံးနှင့်ရင်ဆိုင်ခဲ့ရသည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို ၅၊ ၁၄ မိနစ်တွင် ပို့ပို့ပြည့်မောင်၊ ၂၂ မိနစ်တွင် မြနှင်းဝေကသွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆု (AYA Pay player of the Match) ကို ပို့ပို့ပြည့်မောင် (မြဝတီ)ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးငွေကျပ် ငါးသိန်းရရှိသည်။

ပွဲစဉ် (၆) ဒုတိယနေ့ကို ဇူလိုင် ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MWL**

☆ ရန်ကုန်တက္ကသိုလ်မှ

“တက္ကသိုလ်အဆင့်ပြိုင်ပွဲ အနေနဲ့ မြန်မာနိုင်ငံမှာ ပထမဆုံးကျင်းပတဲ့ ပြိုင်ပွဲတစ်ခုလည်း ဖြစ်ပါတယ်။ တက္ကသိုလ်တွင်းပြိုင်ပွဲတွေမှာ အနိုင်ရရှိခဲ့တဲ့ ၁၆ သင်းဟာ တစ်သင်းကို လေးယောက်နဲ့ ရန်ကုန်တက္ကသိုလ်မှာ ဇူလိုင် ၂၅ ရက်နဲ့ ၂၆ ရက်တွေမှာ ယှဉ်ပြိုင်သွားမှာပါ။ နိုင်တဲ့အသင်းအနေနဲ့ လက်ရှိ ပရော်ဖယ်ရှင်နယ်အသင်းတွေနဲ့ ဆက်လက်ယှဉ်ပြိုင်ပြီး အောင်မြင်သူများကို နိုင်ငံကိုယ်စားပြု အားကစားသမားများအဖြစ် ရွေးချယ်သွားဖို့ရှိပါတယ်” ဟု မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက်လင်းက ပြောသည်။

တက္ကသိုလ် ကျောင်းသားများနှင့် မျိုးဆက်သစ်များအနေဖြင့် Esports အားကစားကဏ္ဍ၌ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်၊ တက္ကသိုလ်များမှ မျိုးဆက်သစ်အားကစားသမားများ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်သို့ ယှဉ်ပြိုင်နိုင်မည့် လူငယ်ကစားသမားကောင်းများအဖြစ် မွေးထုတ်ပေးနိုင်ရန်ရည်ရွယ်၍ ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။ **ဥသျှ**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူ မည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

အားကစား

# (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အလေးမနှင့် ဝူရှူးအားကစားသမားများကို စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိ



ရန်ကုန် ဇူလိုင် ၂၀

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းအတွင်း ပဏာမလက်ရွေးစင် အလေးမအားကစားသမားများနှင့် ဝူရှူးအားကစားသမားများကို စခန်းသွင်း လေ့ကျင့်ပေးလျက်ရှိကြောင်း အားကစားရေးရာဝန်ကြီးဌာနမှ သိရသည်။

အလေးမနှင့် ဝူရှူးအားကစားသမားများ စခန်းသွင်း လေ့ကျင့်နေမှုကို ယနေ့တွင် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက သွားရောက်ကြည့်ရှုစစ်ဆေးပြီး အားကစားသမားများအနေဖြင့် လေ့ကျင့်မှုများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် ပြိုင်ပွဲတွင် အောင်မြင်မှု ဆုတံဆိပ်များရရှိရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြား၍ အားကစားသမားများ၏ တင်ပြချက်များနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

○ **စပိန်အသင်းမှ**

ဆွတ်ခူးနိုင်ခဲ့ခြင်းဟာ အသင်းရဲ့သမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားကို ဒုတိယအကြိမ်မြောက်ဆွတ်ခူးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ စပိန်အသင်းဟာ ကမ္ဘာ့ဖလားချန်ပီယံဆုဖလားကို ၂၀၁၀ ပြည့်နှစ်က ပထမဆုံး အကြိမ်ရရှိခဲ့တာဖြစ်ပါတယ်။

စပိန်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားဗိုလ်လုပွဲစဉ်မှာ မဒေါနား၊ ဂျက်စတင်ဘီဘာစတဲ့ နာမည်ကြီးအဆိုတော်တွေရဲ့ ဖျော်ဖြေမှုတွေပါဝင်ခဲ့သလို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်လည်း တက်ရောက်ကြည့်ရှုခဲ့ပါတယ်။ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကျင်းပပြီးချိန်မှာ ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံး ကစားသမားဆုကို ပေးအပ်ချီးမြှင့်တဲ့ ရွှေဘောလုံးဆုကို စပိန်ကစားသမား ရိုဒရီကရရှိခဲ့ပြီး ဂိုးသွင်းအများဆုံးကစားသမားအား ပေးအပ်ချီးမြှင့်တဲ့ ရွှေဖိနပ်ဆုကို ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီကရရှိခဲ့တာ ဖြစ်ပါတယ်။ ရွှေလက်အိတ်ဆုကို စပိန်ဂိုးသမား အူနိုင်းဆီမွန်ကရရှိခဲ့ပြီး အကောင်းဆုံး



စပိန်အသင်းနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

လူငယ်ကစားသမားဆုကို စပိန်လူငယ်ကစားသမား ကူဘာစီကရရှိခဲ့တာဖြစ်ပါတယ်။ **ငွေကြယ်**



# မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင် အမျိုးသားအသင်း ဖွဲ့စည်းရန် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစား

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ - ၁၉ လူငယ်လက်ရွေးစင် အမျိုးသားအသင်းဖွဲ့စည်းရန် လေးသင်းပတ်လည် လူရွေးပွဲများ ပြုလုပ်လျက်ရှိသည်။

လက်ရှိဖွဲ့စည်းထားသည့် မြန်မာ ယူ-၁၉ လူငယ်လက်ရွေးစင်အသင်းအား ကစားသမားသစ်များ အင်အားဖြည့်တင်းရန် မြန်မာ ယူ - ၁၉ အသင်း၊ ယူ - ၁၈ State & Regional All Star အသင်း၊ MNL U-20 All Star အသင်း၊ Falcon အသင်းတို့အား ပတ်လည်ကစားစေခြင်းဖြစ်သည်။ လူရွေးပွဲ ပထမနေ့ကို ဇူလိုင် ၂၀ ရက်က ကျင်းပရာ မြန်မာ ယူ - ၁၉ အသင်းက ယူ-၁၈ State & Regional All Star အသင်းကို ငါးဂိုး - ဂိုးမရှိ၊ MNL U-20 All Star အသင်းက Falcon အသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ လူရွေးပွဲ လက်ကျန်ပွဲများကို ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဇူလိုင် ၂၇ ရက်တွင် မြန်မာ ယူ - ၁၉ အသင်းနှင့် Falcon အသင်း၊ ယူ-၁၈ State & Regional All Star အသင်းနှင့် MNL U-20 All Star အသင်း၊ ဇူလိုင် ၂၈ ရက်တွင် မြန်မာ ယူ-၁၉ အသင်းနှင့် MNL U-20 All Star အသင်း၊ Falcon အသင်းနှင့် ယူ-၁၈ State & Regional All Star အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

မှုခင်း

# ဇမ္ဗူသီရိမြို့ သီရိရတနာအဆင့်မြင့်ဈေး ဆိုင်းဘုတ်အနီး သီရိအနော်ရထာ(၁၁)လမ်းပေါ်တွင် ဖြစ်ပွားခဲ့သော လူသတ်မှု၌ ပါဝင်ပတ်သက်ခဲ့သူများကို သေဒဏ်နှင့် ထောင်ဒဏ်များကျခံစေရန် တရားရုံးကအမိန့်ချမှတ်

နေပြည်တော် ဇူလိုင် ၂၀

ဇမ္ဗူသီရိမြို့ သီရိရတနာအဆင့်မြင့်ဈေးဆိုင်းဘုတ်အနီး သီရိအနော်ရထာ(၁၁)လမ်းပေါ်တွင် ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့က သေဆုံးသူ ဝင်းကျော်ထွန်းမှာ နေရာအနှံ့ထိုးသွင်းဒဏ်ရာများဖြင့် လဲကျနေသဖြင့် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးသွားသောကြောင့် ဝင်းကျော်ထွန်းအား သေဆုံးသည်အထိ ဒဏ်ရာရရှိအောင်ပြုလုပ်ပြီး ယာဉ်အမှတ် ၇စယ/၉၀၇၁၇ CANDA-110 မော်တော်ဆိုင်ကယ်အား ယူဆောင်သွားသည်ကို တွေ့ရှိရသဖြင့် အမှုမှန်ပေါ်ပေါက်ရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စုံစမ်းဖော်ထုတ်၍ ပျဉ်းမနားခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ကြောင်း သိရသည်။

အဆိုပါ တရားခံများကို ပျဉ်းမနားခရိုင်တရားရုံး၏ ရာဇဝတ်ကြီးမှုအမှတ် ၅၆/၂၀၂၅ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် တရားခံ ကျော်ထက်ဦးအား ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)အရ မသေမချင်း လည်ပင်းကြိုးကွင်းစွပ်သတ်စေရန်နှင့် ရာဇသတ်ကြီးပုဒ်မ ၃၉၄ အရ အလုပ်နှင့်ထောင်ဒဏ်(၁၀)နှစ် တိတိကျခံစေရန်နှင့် တရားခံ အောင်သူဝင်း(ခ)ကိုသူအား ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ခ)/၁၀၉ အရ မသေမချင်း လည်ပင်းကြိုးကွင်းစွပ် သတ်စေရန်နှင့် ရာဇသတ်ကြီးပုဒ်မ ၃၉၄/၁၀၉ အရ အလုပ်နှင့်ထောင်ဒဏ် (၁၀)နှစ် တိတိကျခံစေရန် ပျဉ်းမနားခရိုင် တရားရုံးက ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကြည့်မြင်တိုင်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့၌ ဓားဦးချွန်၊ ပုဆိန်နှင့် လက်လုပ်မိုန်းတို့ ကိုင်ဆောင်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇူလိုင် ၂၀**

ရန်ကုန်တိုင်း ဒေသကြီး ကြည့်မြင်တိုင်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့၌ ဇူလိုင် ၁၉ ရက်က ဓားဦးချွန်၊ ပုဆိန်နှင့် လက်လုပ်မိုန်းတို့ကို ကိုင်ဆောင်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၉ ရက် ည ၇ နာရီ မိနစ် ၅၀ တွင် ကြည့်မြင်တိုင်မြို့နယ် ကြည့်မြင်တိုင် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် အိုးဘိုရပ်ကွက် စာတိုက် ကားမှတ်တိုင်အနီး၌ မသင်္ကာဖွယ်တွေ့ရှိသူ အဆိုပါရပ်ကွက်နေ စိုးသီဟ(ခ)ဘိုစိုး





ကြည့်မြင်တိုင်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့၌ ဓားဦးချွန်၊ ပုဆိန်နှင့် လက်လုပ်မိုန်းတို့ကို ကိုင်ဆောင်သူ အမျိုးသားနှစ်ဦးအား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

(၃၁)နှစ်အား စစ်ဆေးခဲ့ရာ ၎င်း၏ လွယ်အိတ်အတွင်းမှ ဓားဦးချွန်တစ်ချောင်းကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုးသီဟ(ခ)ဘိုစိုးအား ကြည့်မြင်တိုင် မြို့မရဲစခန်း (ပ) ၃၆၂/၂၀၂၆၊ လက်နက် ဥပဒေပုဒ်မ ၂၃(က) ဖြင့် လည်းကောင်း။

အလားတူ ည ၁၀ နာရီခွဲတွင် ဒေါပုံမြို့နယ် ဒေါပုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေအတွင်း လှည့်ကင်း ဆောင်ရွက်နေစဉ် ယမုံနာ(၂)ရပ်ကွက် သဘော်ကျင်းလမ်းအရောက်၌ နွယ်အေးရပ်ကွက်နေ သန်းဝင်းထွန်း(ခ)ကုလားကြီး (၄၃)နှစ်အား အရိုး/အသွား ၁၅ လက်မခန့်ရှိ ပုဆိန်တစ်လက်နှင့် လက်လုပ်မိုန်းတစ်ချောင်းကို ကိုင်ဆောင်ရမ်းကားနေသည်အား တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် သန်းဝင်းထွန်း(ခ)ကုလားကြီးကို ဒေါပုံမြို့မရဲစခန်း (ပ)၇၈၂/၂၀၂၆၊ လက်နက် ဥပဒေပုဒ်မ ၂၃(က)ဖြင့် လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



ပန်းတနော်မြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားသည့် ဖြစ်စဉ်မှ မှတ်တမ်းဓာတ်ပုံ။

# ပန်းတနော်မြို့နယ်၌ (၁၂)ဘီး မော်တော်ယာဉ်အား မဆင်မခြင်မောင်းနှင်မှုကြောင့် လမ်းဘေးသို့ ထိုးကျတိမ်းမှောက်

နေပြည်တော် ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ ဇူလိုင် ၁၉ ရက်က (၁၂)ဘီး မော်တော်ယာဉ်အား မဆင်မခြင်မောင်းနှင်မှုကြောင့် လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင်လ ၁၉ ရက် နံနက် ၈ နာရီခွဲတွင် ပန်းတနော်မြို့နယ် လှိုင်းတာကျေးရွာအနီး ရန်ကုန်-ပုသိမ်သွားကားလမ်း မိုင်တိုင်အမှတ် ၅၂ မိုင် ၃ ဖာလုံနှင့် ၄ ဖာလုံကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ပန်းတနော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မရမ်းကျေးရွာနေ ဇော်ထွန်းနိုင်(၄၀ နှစ်)မောင်းနှင်ပြီး ယာဉ်နောက်လိုက် တစ်ရွာတည်းနေ ဆန်းမြင့်(ခ) ကိုလတ်(၄၄ နှစ်)လိုက်ပါလာသော BGO-11 9J---- HINO PROFIA AW1EXW (၁၂)ဘီးယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ယာဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း မော်တော်ယာဉ်အား ပေါ့လျော့စွာ မဆင်မခြင်မောင်းနှင်ခဲ့သူ ဇော်ထွန်းနိုင်အား ပန်းတနော်မြို့မရဲစခန်းက ယာဉ်(ပ)၁၈/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



## အောင်လံမြို့၌ သမဝါယမအသင်းဖွဲ့စည်းရေးဆိုင်ရာ ကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

**အောင်လံ ဇူလိုင် ၂၀**

အောင်လံမြို့နယ် ဝါကြိတ်စက်၊ ဝါဖိစက်၊ ဝါစေ့ဆီစက်လုပ်ငန်းရှင်များနှင့် မကွေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးခြင်းကို အောင်လံမြို့နယ် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှူး၊ အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိတို့ တက်ရောက်သည်။

ဆွေးနွေးပွဲတွင် အောင်လံမြို့နယ်အတွင်း ဝါစိုက်ဧက ခြောက်သောင်းကျော်ရှိပြီး ဝါမှဝါဂွမ်းနှင့်ဝါစေ့များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ချည်ရက်လုပ်ရန် ကုန်ကြမ်းပစ္စည်းများ ပေါများစွာရရှိရေးအတွက် ဒေသတွင်း ဝါကြိတ်စက်နှင့် ဝါဖိစက်များ တိုးချဲ့ထူထောင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**



## ကျေးရွာမြေငှားဂရန်များ ထုတ်ပေး

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လမုကျေးရွာရှိ ပြည်သူများအား ဇူလိုင် ၂၀ ရက်က ပရွတ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ကျေးရွာမြေငှားဂရန်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

ဦးစွာ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး မြို့နယ်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်နိုင်ဦးက ကျေးရွာမြေငှားဂရန်များ ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျေးရွာနေပြည်သူ ၄၀ တို့အား ကျေးရွာမြေငှားဂရန်များကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

## တွံတေးမြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် ပြည်သူ့ဘဝမြင့်မားဖို့ ဥပဒေအသိပညာ ပေးကြစို့ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယမန်နေ့က လောကမဏ္ဍိုင်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့ တွံတေးမြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်မျိုးနိုင်က မှုခင်းကျဆင်းရေး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်ပြည့်ပြည့်ဦးက အွန်လိုင်းလိမ်လည်မှု၊ မူးယစ်ဆေးဝါးဥပဒေနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ကျော့ရှင်းဖြူက ကလေးအလုပ်သမား ဥပဒေတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



## မင်းဘူးမြို့၌ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**မင်းဘူး ဇူလိုင် ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ စာသင်ကျောင်းအခြေပြု အခြေခံပညာကျောင်းများ မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်း လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက မင်းဘူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ဦးစွာ ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ သိရှိနားလည်နိုင်စေရန် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ဆွေးနွေးပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုဝေဟိန်းက သဘာဝဘေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းကို ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



## ရေကြည်မြို့နယ်၌ ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ်အကြောင်း ရှင်းလင်း

**ရေကြည် ဇူလိုင် ၂၀**

ရေဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စိမ်းလဲ့ရေကြည်ခန်းမ၌ ယနေ့နံနက် ၉ နာရီက ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု သိကောင်းစရာ ရှင်းလင်းခြင်းအခမ်းအနား ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းဇော်လင်းက အမှာစကား ပြောကြားပြီး ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မျိုးနိုင်က ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## မှော်ဘီမြို့နယ်၌ ဂိုဏ်းပေါင်းစုံသံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲ ကျင်းပ

**မှော်ဘီ ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် မှော်ဘီမြို့နယ် သံဃနာယကအဖွဲ့မှ ကြီးမှူးဖွင့်လှစ်သော ဂိုဏ်းပေါင်းစုံ သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မှော်ဘီမြို့နယ် ဝါးနက်ချောင်းစံပြကျေးရွာရှိ ဗောဓိရိပ်ငြိမ်ကျောင်းတိုက်ကြီး၌ ကျင်းပသည်။

ဦးစွာတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒွိပိဋကဓရ၊ တိပိဋကာလင်္ကာရစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂသာမိထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကာ မှော်ဘီမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းစိုးက သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး သင်တန်းတက်ရောက်မည့် ဆရာတော် သံဃာတော်များအား သင်ရိုးညွှန်းတမ်းစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများကို ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါသင်တန်းကို သုံးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မရမ်းကုန်းမြို့နယ်၌ အမှိုက်စွန့်ပစ်မှု အသိပညာပေး

**ရန်ကုန် ဇူလိုင် ၂၀**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားရှေ့တွင် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အမှိုက်စွန့်ပစ်မှုဆိုင်ရာ ပြည်သူလူထုအသိပညာပေး အခမ်းအနား ကျင်းပသည်။

ဦးစွာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများနှင့် စည်ပင်သာယာရေးဝန်ထမ်းများက အမှိုက်များ စနစ်တကျ စွန့်ပစ်ခြင်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ “လမ်းမပေါ်သို့ အမှိုက်စွန့်ပစ်ခြင်း၊ ကွမ်းတံတွေးထွေးခြင်းကို စစ်ဆေးတွေ့ရှိပါက စည်ပင်သာယာရေးဥပဒေအရ အရေးယူခြင်းခံရမည်” စာသားပါ စတေကာများကပ်ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

အဆိုပါအခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ် (၁) ဦးမင်းသိန်းထွန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ပြည့်ဖြိုး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယခရိုင်မှူး ဦးမောင်မောင်အေး ဦးဆောင်သော ခရိုင်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဝေယံ(မရမ်းကုန်း)**

## ကျောင်းကုန်းမြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)များ ပေးအပ်

**ကျောင်းကုန်း ဇူလိုင် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အေးချမ်းသာယာခန်းမ၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ယင်းသို့ ပေးအပ်ရာတွင် ကျုံပျော်ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းစိန်နှင့်ဦးထွန်းအေး၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးမင်းနောင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် အတွင်းရေးမှူး ဦးစိုင်းရှိန်းလင်းထွန်းတို့က တောင်သူ ၇၆ ဦးအား လယ်ယာမြေလုပ် ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**





## ဖလမ်းမြို့၌ သောက်သုံးရေရရှိရေး ဆောင်ရွက်

ဖလမ်း ဇူလိုင် ၂၀

ချင်းပြည်နယ် ဖလမ်းမြို့နယ်ရှိ လိုင်ဗားရေလှောင်တမံမှ ဖလမ်းမြို့သို့ရေပေးဝေသော ပိုက်လိုင်းများမှာ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့ရာ ချင်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး၏ ကြီးကြပ်မှုဖြင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကာလအတွင်း ရေရရှိရေးပြုပြင်ဆောင်ရွက်ခဲ့ရာ ယမန်နေ့က မြို့ပေါ်ရှိ ဂါလန်တစ်သိန်းဆံ့ ပင်မရေလှောင်ကန် လေးလုံးသို့ ရေရောက်ရှိပြီး မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဝေနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင် ချင်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ဌေးသည် ယနေ့နံနက်ပိုင်းတွင် ဖလမ်းမြို့မှ မိုင် ၂၀ ခန့်ကွာဝေးသော တလန်းဇာရ်ကျေးရွာအနီး လိုင်ဗားရေလှောင်တမံမှ ဖလမ်းမြို့ ဂါလန်တစ်သိန်းဆံ့ ပင်မရေလှောင်ကန် လေးလုံးသို့ ရောက်ရှိသိုလှောင်ပြီးစီးမှု၊ ရေလှောင်ကန်များမှ ရပ်ကွက်အလိုက် ရေစုကန်များသို့ အဆင့်ဆင့်ရေဖြန့်ဝေ၍ ရေရောက်ရှိမှု၊ ရေစုကန်များမှ မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဝေရေးပိုက်လိုင်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မကွေးတိုင်းဒေသကြီးအတွင်း စားအုန်းဆီရောင်းချမှု ကွင်းဆင်းစစ်ဆေး

မကွေး ဇူလိုင် ၂၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဖြန့်ဖြူးရောင်းချရာတွင် (လက်လီ၊



လက်ကား စာရင်းမှန်၊ နေရာမှန်၊ အချိန်မှန်၊ ဈေးနှုန်းမှန်၊ အရေအတွက်မှန်နှင့် အရည်အသွေးမှန်) ဟူသည့် မှန်ခြောက်မှန်နှင့်အညီ ရောင်းချစေရေးနှင့် လက်ဝယ်တွင် သိုလှောင်၍ ဈေးနှုန်းမြှင့်တင်ရောင်းချမှုများ မရှိစေရေးတို့အတွက် သက်ဆိုင်ရာပူးပေါင်းအဖွဲ့များက ဇူလိုင် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မကွေးခရိုင်အတွင်းရှိ စားအုန်းဆီဖြန့်ဖြူးရောင်းချသည့် အရောင်းဆိုင် ၄၁ ဆိုင်၊ မင်းဘူးခရိုင်အတွင်းရှိ အရောင်းဆိုင် ၂၅ ဆိုင်၊ သရက်ခရိုင်တွင် ၁၅ ဆိုင်နှင့် ပခုက္ကူခရိုင်တွင် ကိုးဆိုင် စုစုပေါင်း လက်လီ၊ လက်ကား အရောင်းဆိုင် ၉၀ သို့သွားရောက်၍ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## သဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်းဖွင့်

ဘုတ်ပြင်း ဇူလိုင် ၂၀

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန် ရည်ရွယ်ချက်ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၀ ရက်က ကမာချောင်းကျေးရွာအုပ်စု အေးချမ်းမြိုင်(၂) ကျေးရွာရှိ ကျေးရွာပိုင်အဆောက်အအုံ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ကျေးရွာအတွင်းရှိ စိုက်ပျိုးရေးလုပ်ကိုင်နေသည့် သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် သင်တန်းနည်းပြများက ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်သည်။ သင်တန်းတွင် သီးနှံပင်အကြွင်းကျန်များမှ မြေဆွေးပြုလုပ်နည်း၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သဘာဝမြေသြဇာ ပြုလုပ်သုံးစွဲနည်း စသည်တို့ကို ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြင်ဦးလွင်မြို့နယ်၌ ပြည်သူ့စကားဝိုင်းကျင်းပ

ပြင်ဦးလွင် ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ "ကျေးလက်ဒေသဖွံ့ဖြိုးရေး" ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ကြီးကိုင်ကျေးရွာ အောင်မင်္ဂလာကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးလင်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဇော်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ ခရိုင်မြေစာရင်းဦးစီးဌာန၊ ခရိုင်ကျေးလက်လမ်းဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပြည်သူ့စကားဝိုင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)





## လောင်းကစားမှုလျှော့နည်းပပျောက်ရေး အသိပညာပေး

ကျိုက်ထို ဇူလိုင် ၂၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ဥပဒေရုံးတို့ပူးပေါင်း၍ လောင်းကစားမှု လျှော့နည်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မြောက်ပိုင်းရပ်ကွက် ဓမ္မာရုံ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စွာဦးက အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် လောင်းကစားမှု လျှော့နည်း ပပျောက်ရေးအကြောင်းပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဦးထင်အောင်က လောင်းကစားမှုနှင့်ပတ်သက်သည့်ဥပဒေများအကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

## မြဝတီမြို့၌ MSME ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဖွင့်

မြဝတီ ဇူလိုင် ၂၀

ကရင်ပြည်နယ် မြဝတီခရိုင် MSME အေဂျင်စီက ကြီးမှူးဖွင့်လှစ်သည့် MSME ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု မော်တာစက်ချုပ်သင်တန်းကို ယနေ့နံနက် ၁၀ နာရီတွင် မြဝတီမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်း၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင် MSME အေဂျင်စီဥက္ကဋ္ဌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ရေးမှူး ဦးရဲလင်းမောင်က



အမှာစကားပြောကြားပြီး ခရိုင် MSME အေဂျင်စီအတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးစိုးဝင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် MSME လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၄ ရက်အထိ မော်တာစက် ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်စေရန် မော်တာစက်ချုပ်ရိုးအမျိုးမျိုးနှင့် ကလေး/လူကြီးအခြေခံ ဘောင်းဘီညှပ်နည်း၊ ချုပ်နည်းနှင့် အခြေခံဘလောက်(စ်) အင်္ကျီများ ညှပ်နည်း၊ ချုပ်နည်းများကို မြဝတီမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမ သုံးဦးတို့က စာတွေ့၊ လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသူ ၂၀ က တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းကို ဇူလိုင် ၁၈ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်ခဲ့ရာ တာချီလိတ်ခရိုင်ဥပဒေအရာရှိ ဒေါ်နန်းသီရိနွယ်က သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။

မြင့်မိုရ်(တာချီလိတ်)

## အင်္ဂပူမြို့၌ ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်အကြောင်း ရှင်းလင်း

အင်္ဂပူ ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု သိကောင်းစရာ ရှင်းလင်းခြင်း ပြုလုပ်သည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဇော်မင်းထွန်းက ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ မြို့နယ်အတွင်း ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေး မိတ်ဖက်အဖွဲ့အစည်းများဖြင့် စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ခရီးသည်တင်ရေယာဉ် အေးချမ်းဆွေ/၈၉၄၄ (၂၀၁၆၅၉) အား ဦးဇော်မွန် [၅/မကန(နိုင်)၀၄၇၈၃၄]ထံမှ ဝယ်ယူပြီးကြောင်း စာချုပ်စာတမ်း အထောက်အထားများတင်ပြပြီး ဦးငြိမ်းထက်ဦး [၅/ဘတလ(နိုင်)၁၁၄၅၃၈] မှ ရေယာဉ်ပိုင်ရှင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ကေတုမတီလမ်း၊ မြေကွက်အမှတ်(၈၃၁-က)၊ ဧရိယာ (၂၀'x၆၀') အကျယ်အဝန်းရှိသော ဦးမြင့်ဦးအမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်ပြီး တစ်ဆင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မြတ်သန္တာလင်း[၈/စလန(နိုင်)၀၇၀၇၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်သန္တာစိုး [၁၂/ ဥကတ(နိုင်) ၁၃၃၈၃၅]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤမြေကွက်နှင့်အိမ် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သန္တာစိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B,D.B.L,D.I.P.L,BDS(MoFA)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၀၀၇၉)**
**တိုက်အမှတ်-11A၊ အခန်းအမှတ်-15 ,244၊ ရောဝဏ်လမ်းမကြီး၊ ရောချမ်းသာကွန်ဒို၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉၇၉၆၇၆၄၈၉၈**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သဃ်္ဃန်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးအမှုအမှတ် - ၁၃၉

ဦးမျိုးမင်းအောင် နှင့် ဦးကျော်ကျော်မြင့်
(တရားလို) (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ဗိုလ်ဇထူးလမ်း၊ ပထမထပ်၊ အမှတ်(၁၇)နေ တရားပြိုင် ဦးကျော်ကျော်မြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကုန်ပစ္စည်းဖိုးငွေကျပ်(၁၉,၇၃၁,၂၅၀/-)၊ နောက်ကျဒဏ်ကြေး ငွေကျပ်(၁၇၇,၄၄၃,၆၆၂.၅၀/-)၊ နစ်နာဆုံးရှုံးမှုလျော်ကြေးငွေ(၄၃,၀၀၀,၀၀၀/-)၊ စုစုပေါင်းငွေကျပ် (၂၄၀,၁၇၄,၉၁၂.၅၀/-)ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၃၁)ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၂ ရက် ) မွန်းမတည့်မီ (၁၀:၀၀)နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ခုနှစ်၊ ဇူလိုင်လ (၁၇)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နီလာအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**သဃ်္ဃန်းကျွန်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၉-မြိုင်သာယာ)၊ ဦးပိုင်အမှတ်(၁၃၂)၊ ဧရိယာ (၀.၀၅၅)ဧက၊ ဦးပိုင် အမှတ် (၁၃၃)၊ဧရိယာ (၀.၀၅၅)ဧက၊ စုစုပေါင်း ဧရိယာ(၀.၁၁)ဧကရှိ မြေကို မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်နေ ဒေါ်ထက်သဇင်မြိုင်မှ မြေငှားဂရန်အမည်ပြောင်းလျှောက်ထားလာမှုအပေါ် လျှောက်မြေသည် မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေခွန်တော်အမှုတွဲအမှတ်(V) ၆၀/၂၀၁၆-၂၀၁၇အရ ဦးချန်ထွန်း အမည်ဖြင့် နှစ်ရှည် မြေငှားဂရန်ရရှိထားပြီး ခရိုင်အမှုတွဲအမှတ်၊ (V) ၃၉၄/၂၀၁၉-၂၀၂၀အရ ဒေါ်အုန်းမြင့်အမည်သို့ အမည်ပြောင်းလဲခွင့်ရရှိထားပါသည်။ မူလအမည်ပေါက်သူ ဒေါ်အုန်းမြင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဦးကျော်မြိုင် တို့သည် (၂၉-၅-၂၀၂၂)ရက်နေ့တွင် လည်းကောင်း၊ အသီးသီးကွယ်လွန်သွားပြီး ၎င်းတို့၏ သားသမီး (၄)ဦး ကျမ်းကျိန်ဆို၍ မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်၊ ၅၆၁/၂၀၂၅ အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်လာပြီး ၎င်းတို့ (၄)ဦးအနက်မှ (၁) ဒေါ်စန်းသီတာ၊ (၂) ဒေါ်စုစုလှိုင်၊ (၃) ဦးရဲကျော်ကျော်တို့ (၃)ဦးသည် ဒေါ်ထက်သဇင်မြိုင်အား မော်လမြိုင်မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အပြီးအပိုင် စွန့်လွှတ်ခြင်း စာချုပ်အမှတ်၊ ၆၂/၂၀၂၆ အရ စွန့်လွှတ်ခဲ့သဖြင့် ဒေါ်ထက်သဇင်မြိုင်မှ ပိုင်ဆိုင်ခဲ့မှုအပေါ် ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများနှင့် အတူ မြေငှားဂရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်နေ့ရက်မှ စတင်၍ (၁၅)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့် အတူ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက် တစ်စုံတစ်ရာမရှိပါက ဒေါ်ထက်သဇင်မြိုင်၏ လျှောက်ထားချက်အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင် - မော်လမြိုင်မြို့**

## ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ခရီးသည်တင်ရေယာဉ် အောင်သန်းမြင့်-၅/၈၈၁၈ (၂၀၂၇၀၂)အား ဦးအောင်ကြည်ဝင်း [၅/မလန(နိုင်)၀၀၇၆၆၉]ထံမှ ဝယ်ယူပြီးကြောင်း စာချုပ်စာတမ်း အထောက်အထားများတင်ပြပြီး ဦးချန်ထူးဝမ် [၅/ဆလက(နိုင်)၀၇၉၆၂၀]မှ ရေယာဉ်ပိုင်ရှင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ညွှန်ကြားရေးမှူးချုပ်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း မည်သူမဆို ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလာသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ သဲဖြူချောင်းကျေးရွာရတနာလမ်း၊ အမှတ်(၇၅)တွင် တည်ရှိသော အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်အိမ်တစ်လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မာဂရက်အောင် [၁၂/သကတ(နိုင်)၁၀၀၆၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှဟန် [၁၂/ပဘတ(နိုင်)၀၀၂၀၉၇]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း (မူရင်း)များနှင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မြသီတာ ( LL.B )** | **ဦးမြင့်အောင် ( LL. B )** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၃၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၇)** |

**အမှတ် - ( ၁၅၃၊ ၁၅၆)၊ ဝါးကျောင်းရပ်ကွက်၊ ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့။**

| | |
|---|---|
| **ဖုန်း - ၀၉ - ၄၂၀၀၆၇၅၆၅** | **ဖုန်း - ၀၉ - ၄၂၀၁၈၉၃၅၈** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၁ နှင့် ၅)
## ရွှေပြည်သာမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၄၅

ဒေါ်မျိုးမျိုးစိုး နှင့် ဦးသန်းဝင်း
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ဏ/၁၄)ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ် (၁၃၃၉) နေ **ဦးသန်းဝင်း** (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မျိုးမျိုးစိုးက **"သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၁၂ အရ ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုဆောင်ရွက်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃ ရက် (၁၃၈၈ ခုနှစ်၊ ဝါဆိုလဆုတ် ၅ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူသင်းခိုင်)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ -၁ နှင့် ၅)
## ရွှေပြည်သာမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၄၄

ဒေါ်မျိုးမျိုးစိုး နှင့် ဦးသောင်းအေး
တရားလို တရားပြိုင်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆/သံဒင်း)ရပ်ကွက်၊ ကျောင်းသာယာ(၄)လမ်း၊ အမှတ် (၉၃၅/ခ)နေ **ဦးသောင်းအေး** (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မျိုးမျိုးစိုး က **"သီးခြားသက်သာခွင့်ဥပဒေပုဒ်မ-၁၂ အရ ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုဆောင်ရွက်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ၃ ရက် (၁၃၈၈ ခုနှစ်၊ ဝါဆိုလဆုတ် ၅ ရက်) မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖြူသင်းခိုင်)**
**မြို့နယ်တရားသူကြီး**
**ရွှေပြည်သာမြို့နယ်တရားရုံး**

## အမည်ပြောင်း

ဧရာဝတီတိုင်း ဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ကြာကန်ကျေးရွာအုပ်စု၊ ကျော်နုကျေးရွာတွင် နေထိုင်သော(ဘ) ဦးဇော်မိုးလွင် [၁၄ /မမန(နိုင်) ၁၇၀၃၈၃] ၏ သား မောင်ဇာနည် စုလှိုင်ဒါလီစိုး [၁၄/ လပတ(နိုင်) ၂၇၉၁၉၇] အား မောင်ဇာနည်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဇာနည်**

## မိခင်အမည်မှန်

မန္တလေးတိုင်း ဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အ.ထ.က(ခွဲ) ရာသချို Grade -12 တွင် ပညာသင်ကြားနေသော မောင်လမင်းမောင်၏ မိခင် အမည်မှန်မှာ ဒေါ်မူယာ [၉/ဝတန(နိုင်) ၁၇၆၆၂၀] ဖြစ်ပါကြောင်း။

**ဒေါ်မူယာ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၈)၊ ဦးပိုင်အမှတ်(၁၄၄)၊ ၆၄x၆၅ ကြား၊ ၁၁၇ x ၁၁၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သိဂီထွန်း ကွယ်လွန်၍ အမွေဆက်ခံ စာချုပ်အမှတ် (၉၉၀/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးဇော်ထွန်းထံမှ အရောင်းအဝယ် စာချုပ်အမှတ် (၄/၂၀၂၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ရွှေဦး [၅/ပလဘ (နိုင်) ၀၀၁၁၉၂] က အမှုတွဲအမှတ် (၀၉၆၂/၂၀၂၆-၂၀၂၇)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၇) ရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်- ၁၄၄/၁၅၀ ဟုခေါ်တွင်သော ၈-ခန်းတွဲ ၈-ထပ်တိုက်၏ ပထမထပ်(ဝဲ)၊ အခန်းအမှတ်-၉ (ယခင်တိုက်ဟောင်းအခန်းအမှတ်-၁၆)၊ အကျယ်အဝန်း (၁၂$\frac{1}{2}$ x၆၀)ပေရှိ တိုက်ခန်း၊ ရေမီးအစုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မိမိတို့ကသာ အရပ်ရပ်အရှုပ်အရှင်းနှင့်အရပ်ရပ်ကြွေးမြီ၊ အမွေဆိုင်အမှုအခင်း၊ တားဝရမ်းများကင်းရှင်းစွာ လက်ရှိထားပိုင်ဆိုင်ခံစားခွင့်၊ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုကြသော ၁။ ဦးမြင့်ဦး [၁၂/ကတတ (နိုင်) ၀၂၀၈၁၆]၊ ၂။ ဒေါ်အေးအေးခိုင် [၁၂/ကတတ(နိုင်) ၀၂၀၈၁၇]၊ ၃။ ဦးစိုးဝင်း [၁၂/ကတတ(နိုင်)၀၀၀၆၀၅]၊ ၄။ ဒေါ်မြင့်မြင့်ဝင်း [၁၂/ကတတ (နိုင်) ၀၀၂၂၂၇] တို့ထံမှ အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်နှင့် ကန့်ကွက်ပိုင်ခွင့်ရှိသူများအနေနှင့် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်မာသော စာချုပ်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးကျော်ငြိမ်း (ဖောင်တော်သီ) (စဉ်-၂၃၀၂)** | **ဒေါ်ခင်မေသန်း (စဉ်-၃၂၂၈)** |
| **B.A(Law), LL.B, D.B.L, D.M.L** | **LL.B, D.B.L, D.M.L, D.I.L** |
| **09-5108521** | **09-5015316** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၁၆၂ (ပထပ်)၊ ၃၅-လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## "ဒေါ်သီတာခိုင် [၁၂/ဒဂဆ(နိုင်)၀၂၇၂၅၇] ကိုင်ဆောင်သူနှင့် အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှမိုး (ဘ) ဦးဇော်ဝင်း၊ မှတ်ပုံတင် အမှတ် [၁၂/တမန(ပြု)၀၀၁၀၅၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါ အတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးလှမိုးနှင့် ဒေါ်သီတာခိုင်တို့သည် အစ္စလာမ့်တရားတော်အညီ လက်ထပ်ထိမ်းမြား ပေါင်းသင်းခဲ့ပြီး သားသမီး (၃) ဦး ထွန်းကားခဲ့ပါသည်။ ထိုသို့ အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ရာ ဇူလိုင်လ ၂၀၂၅ ရက်နေ့တွင် ဒေါ်သီတာခိုင်မှ သားသမီး (၃) ဦးနှင့်အတူ နေအိမ်မှ ထွက်သွားခဲ့ပြီး ယနေ့အချိန်အထိ ပြန်လာခဲ့ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ဤကြေညာချက်ပါရှိသည့်နေ့မှ (၇) ရက်အတွင်း ဒေါ်သီတာခိုင်မှ သားသမီး (၃) ဦးနှင့်အတူ ခင်ပွန်းဖြစ်သူ ဦးလှမိုးထံသို့ ပြန်လည်လာရောက်ပါရန်နှင့် အကယ်၍ ဦးလှမိုး၏ ခွင့်ပြုချက်မရှိဘဲ ထိန်းသိမ်းခေါ်ယူထားပါက ထိုသူများကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာမာသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂)**
**အမှတ် (၅၈)၊ မြေညီထပ်၊ ဓမ္မာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉- ၅၀၆၄၉၅၉**

## "ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၆၁၇)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (8$\frac{1}{2}$)ထပ် (Lift)ပါ RCအဆောက်အဦမှ ဆဋ္ဌမထပ်(၇-လွှာ) (ခြေရင်းခြမ်း) အကျယ်အဝန်း (၁၇ပေx၅၄ပေ)ရှိ တိုက်ခန်း(၁) ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မင်းစိုး [၁၂/တမန(နိုင်) ၁၀၄၂၄၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်ယုယုထွန်း [၁၃/လရန (နိုင်)၁၂၉၆၀၄]၊ ဒေါ်နန်းအိအိထွန်း [၁၃/လရန (နိုင်)၁၂၁၅၁၉]တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် အရောင်းအဝယ် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သက်သက်လှိုင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၆)**
**အမှတ်-(၂၈၂)၊ မင်းခေါင်-၁လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၁၃၃၁၉၀၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၄၉)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၉၄၃)၊ အကျယ်အဝန်း (၃၀ ပေx၆၀ ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးအောင်ကျော်မိုး[၁၂/ဥကတ(နိုင်)၀၅၈၂၁၇]အမည်ပေါက်မှတ်သားတည်ရှိသော ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းမရှိ၊ ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဦးစိုင်းအိုက်ခိုင် [၁၃/မရက(နိုင်)၀၁၄၅၇၅]မှ ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းထွန်း [၅/စကန(နိုင်)၀၀၀၀၆၇]မှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခန့်သွေး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၀၅၃)**
**အမှတ်-၁၄၅၂၊ ဗိုလ်လင်းယုန်လမ်း၊ ၁၃-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၅၁၆၉၃၂၆၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ဇမ္ဗူရာဇ်လမ်း၊ အမှတ် ( ၁၄ )ပေါ်တွင် ဆောက်လုပ်ထားသော (၂) ခန်းတွဲ၊ (၈) ထပ်တိုက်၏ စတုတ္ထထပ်၊ (၅-လွှာ/A)၊ (ခေါင်းရင်းခန်း/တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်အခန်း)၊ အကျယ်အဝန်း (၁၆ x၆၈)ပေခန့်ရှိ RC တိုက်ခန်း (တစ်) ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို ဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား၍ ယခုရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရွှယ်ဂျီး [၁/မကန (နိုင်) ၀၀၃၆၈၀] အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခေါင်နော [၁/မကတ(နိုင်)၀၆၇၄၀၀]မှ တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေ ပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း (မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ် စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စိုးစိုးမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၀၆၃)**
**ဖုန်း ၀၉ - ၄၂၀၃၅၉၆၃၊ ၀၉-၇၉၃၀၂၇၆၇၇**
**အမှတ် (၈၆)၊ ၇-လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁အီး)၊ မြေကွက်အမှတ်(V54/A)၊ အကျယ်အဝန်း(၃၀x၄၀)ပေ ဧရိယာ(၀.၀၂၈)ဧကရှိ ဦးဟန်တင့်အမည်ပေါက် နှစ်(၉၀)ဂရန်မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော (ယာ)ဘက်ခြမ်း၊ (၁၅x၄၀)ပေရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၃/A)၊ ၁၁ဝလမ်း၊ တောင်ညွန့်ကြီးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ကြည်အေး[၁၂/မဂတ(နိုင်)၀၈၇၃၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးညဏ်ပိုင်စိုး[၁၂/ကတတ(နိုင်)၀၂၆၆၉၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ မြေ၊ အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင်(LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရှေ့ကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၁၁၉၈၄၅၊ ၀၉-၉၆၄၁၁၉၈၄၅**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ နန်းယဉ်လမ်း၊ အမှတ်(၈၇၃/ခ)၊ တရားဝင်မခွဲစိတ်ရသေးသော မြေအကျယ်အဝန်း(အလျား၂၀xအနံ၆၀)ပေရှိ (ပါမစ်မိတ္တူ)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးညဏ်လွင်**(TPY-006510)အမည်ဖြင့် တည်ရှိပြီး၊ ဆက်စပ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ထားသော **ဒေါ်စန်းမာလာ[၁၂/လမန(နိုင်)၀၃၁၆၆၉]**မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်မေသူနိုင်[၇/မလန(နိုင်)၀၆၇၂၂၃]**မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းဝါ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)(၉-၂-၂၀၂၂)**
**အမှတ်(၆၅၆/ခ)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက် မင်းကြီးလမ်း၊ အမှတ်(၁၇/၁၉)နေ ဒေါ်ခင်ထားရီ[၁၂/ရပသ(နိုင်)၀၀၃၉၈၁]၊ ဦးသီဟဇော်ဦး[၁၂/အစန(နိုင်)၁၉၆၄၉၀]နှင့် ဦးနန္ဒဇော်ဦး[၁၂/အစန(နိုင်)၂၃၆၉၆၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ထားရီသည် ကွယ်လွန်သူ ဦးဝင်းဇော်ဦး[၁၂/အစန(နိုင်)၀၄၄၈၉၂]နှင့် (၂၀-၁၁-၁၉၈၉)ရက်နေ့တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သားကြီးဖြစ်သူ ဦးသီဟဇော်ဦးနှင့် သားငယ်ဖြစ်သူ ဦးနန္ဒဇော်ဦးတို့ကို ထွန်းကားခဲ့ပါသည်။

ဒေါ်ခင်ထားရီ၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးတင်အောင်ကြည်(စဉ်-၁၂၁၃၁/၂၈-၂-၂၀၁၇)မှ အများသိစေရန်ကြေညာခဲ့ရာ (၁၈-၇-၂၀၂၆)နေ့စွဲပါ ကြေးမုံသတင်းစာ၏စာမျက်နှာ(၂၁)တွင် "ဒေါ်ခင်ထားရီနှင့် ဦးဝင်းဇော်ဦးတို့သည် မည်သည့်တရားရုံးတော်တွင်မျှ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ခြင်း လုံးဝ(လုံးဝ)မရှိပါကြောင်း"ဟု ကြေညာခဲ့ပါသည်။ အမှန်မှာ ဒေါ်ခင်ထားရီနှင့် ဦးဝင်းဇော်ဦးတို့သည် (၂၂-၁-၂၀၁၁)ရက်နေ့၌ သက်သေလူကြီးများရှေ့မှောက်တွင် နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါကြောင်း ပြင်ဆင်ကြေညာအပ်ပါသည်။

ထို့ပြင် ဦးဝင်းဇော်ဦး မကွယ်လွန်မီက ပိုင်ဆိုင်ကျန်ရစ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉-အေ)တောင်သူကုန်း၊ မြေကွက်အမှတ်(၃၁/ည) မြေအမျိုးအစား(မြေပိုင်မြေ-အိမ်ရာမြေသတ်မှတ်)၊ မြေအတိုင်းအတာ(၀.၂၄၁)ဧကရှိ မြေကွက်ကို ဦးဝင်းဇော်ဦး၏ သားများဖြစ်ကြသည့် ဦးသီဟဇော်ဦးနှင့် ဦးနန္ဒဇော်ဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြမည်ဖြစ်ပါကြောင်းနှင့် မည်သူမဆို ဦးသီဟဇော်ဦးနှင့် ဦးနန္ဒဇော်ဦးတို့၏ ခွင့်ပြုချက်တစ်စုံတစ်ရာရရှိခြင်းမရှိဘဲ ရောင်းချပေါင်နှံ၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများ မပြုလုပ်ကြပါရန်နှင့် ထိုသို့ပြုလုပ်လာပါက ဥပဒေအရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဝင်းထွဋ် (LL.B)** | **ဒေါ်သူဇာမြင့် (LL.B), (D.B.L)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၂၄၅၂၈(၂၀-၁၂-၂၀၀၅)** | **စဉ်-၁၃၉၄၉(၁၄-၁၂-၂၀၁၇)** |

**ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၈၄၄၁၁၁၇၅၊ ၀၉-၄၂၁၁၂၄၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၆/ရွှေနံ့သာအရှေ့ရပ်၊ မြေကွက်အမှတ်(ဥ-၁၆၅၁)၊ ဦးလှစိန် (ဘ)ဦးကျော်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/ပမန(နိုင်)၀၄၀၂၁၁]အမည်ပေါက် ပါမစ်မြေကွက်၏ မြေကွက်နေရာချထားပေးသည့်လက်မှတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ဦးလှစိန်(ဘ)ဦးကျော်၊နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/ပမန(နိုင်)၀၄၀၂၁၁]မှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ မြေကွက်နေရာချထားပေးသည့်လက်မှတ်မိတ္တူ၊ ပျောက်ဆုံးကြောင်းတရားရုံး ကျမ်းကျိန်လွှာမူရင်း၊ ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေကွက်နေရာချထားပေးသည့် လက်မှတ်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာချထားပေးသည့် လက်မှတ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့နယ်၊ လွယ်အံကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် နှင့် အမည်-၃၆၊ မြင်းကန်ရွာအရှေ့ကွင်း၊ ဦးပိုင် အမှတ်/မြေကွက်အမှတ်-၅၀/၁၊ ပိုင်ဆိုင်ခွင့် (RUF)၊ မြေမျိုးနှင့်အတန်း- ယာမြေ၊ ဒေါ်လွင်လွင်အေး အမည်ပေါက်သောမြေကွက်၊ ဧရိယာ(၀. ၃၀) ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အနေအထားဖြင့် (မြေကွက်အား မျက်နှာမူ ကြည့်လျှင် အနောက်ဘက်ခြမ်း)၊ ဧရိယာ(၀. ၀၇၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ထားရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လွင်လွင်အေး (၁၂/ကမရ(နိုင်) ၀၄၉၅၃၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နုနုအေး (၁၂/လမတ (နိုင်) ၀၁၉၆၈၇) က (၆-၆-၂၀၂၆) ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ရောင်းကြေးငွေပေးချေခြင်းကတိစာချုပ်" ဖြင့် အပြီးအပိုင်ဝယ်ယူပြီး လက်ဝယ်ထားရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးမွှင့်မြ (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၉၁)
အမှတ်(၄၃၄)၊ တတိယထပ်၊ ငမိုးရိပ် (၅)လမ်း၊ အပိုင်း(၃)၊ ငမိုးရိပ် ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၃၁၅၃၃၁၀ ၊ ၀၉ ၉၇၇၈၀၁၃၆၆

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၉)၊ (ယာယီ)ကုန်းဘောင်လမ်း၊ မြေကွက်အမှတ်(၈၆၂)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနနှင့် ရန်ကုန်မြို့ မြို့ပြနှင့်အိမ်ရာဦးစီးဌာနတွင် **ဦးအောင်ထွန်း(လ-၅၄၈၃၄)(ရဲတပ်ကြပ်)**အမည်ဖြင့် တည်ရှိပြီး အဆိုပါ အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ယခုရောင်းချသူ **ဒေါ်မိုးမိုးရည်[၁၂/ဒဂရ(နိုင်)၀၁၉၀၀၂]**က ပါမစ်မူရင်းနှင့်တကွ မြေကွက်အား မိမိတရားဝင် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပါကြောင်း၊ တရားရုံးနှင့်တကွ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာ တစ်ဆင့်ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ **ဦးကျော်မင်းသိန်း**[၉/ မဟမ(နိုင်)၀၂၂၆၁၃]သည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ်ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

သက်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ တရားဝင်အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိမ့်ဖြူနိုင် LL.B,D.B.L,DML**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၇)**
**တိုက်(ဘီ-၁)၊ အမှတ်(၃၀၅)၊ မြေညီ၊ ဘုမ္မာ(၉)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၇၆၄၅၀၅၄၈၂၊ ၀၉-၅၅၀၅၄၈၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မင်းရဲကျော်စွာ(၈)လမ်း၊ မြေကွက်အမှတ်(၈၃)၊ ဧရိယာအကျယ်အဝန်း(အလျား ၄၀ ပေ x အနံ ၆၀ ပေ) မြေကွက်ကြီးထဲမှ ခေါင်းရင်းဘက်ခြမ်း(အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ ဦးသိန်းဆွေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့်အိမ် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ဥမ္မာသန်း[၁၂/ဥကတ(နိုင်)၁၃၉၃၀၄]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဦးစည်သူကျော်[၉/ကဆန(နိုင်)၁၀၁၂၀၅]က စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း တင်ပြကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးသည်နှင့် အရောင်းအဝယ်ကို တရားဝင် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်လှသီ B.A(Law),LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၆)**
**ဖုန်း-၀၉-၄၃၀၇၂၄၄၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## အလုံခရိုင် တရားရုံးတော်
## ၂၀၂၆ - ခုနှစ်၊ တရားမကြီးမှုအမှတ် -၃၂

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက် (၎င်း၏ကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ လက်ထောက်မန်နေဂျာဒေါ်အိအိအေး) | နှင့် | ၁။ ဒေါ်နန်းဆီဖောင်း ၂။ ဒေါ်နန်းကျောက်ကလျာ |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ နန်းထိုက်တော်ဝင်ကွန်ဒို၊ ဟုမ်းလမ်းဘူတာရပ်ကွက်၊ ရှမ်းရိပ်သာလမ်း၊ ဒုတိယထပ်(၃-လွှာ)၊ အမှတ်(၂၉)၊ အခန်းအမှတ်(၃၀၁)နေ (၁)တရားပြိုင် ဒေါ်နန်းဆီဖောင်းနှင့် (၂)တရားပြိုင် ဒေါ်နန်းကျောက်ကလျာ(ယခုနေရပ်လိပ်စာ မသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ "တရားလိုက အပေါင်ဖြင့် ချေးယူထားသော ဘဏ်ချေးငွေနှင့် အတိုးအပါအဝင်(ဘဏ်ကြွေးငွေများ)ရရှိရန် အပေါင်ဒီကရီရလိုမှု" ကို လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်။ (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်) နေ့မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁)သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဦးဘသောင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**အလုံခရိုင်တရားရုံး**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ နေမင်းစန္ဒာကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-4 မှ အဖ ဦးရဲမင်းဦး[၁၂/သလန (နိုင်) ၁၀၅၃၇၂] ၏သား မောင်ကောင်းညဏ်ထက်၏ အမည်မှန်မှာ မောင်သုဝေလင်း ဖြစ်ပါကြောင်း။

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ကြောင်း

ကျွန်မ ဒေါ်ယဉ်မာသက် [၁၂/ကမတ(နိုင်) ၀၀၁၉၃၉] ၏ မိခင်အမည်မှာ အိမ်ထောင်စု ဇယားပုံစံ ၆၆/၆တွင် ဒေါ်ရင်နွဲ့ ဟု လည်းကောင်း၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်တွင် ဒေါ်ယဉ်နွဲ့ ဟု လည်းကောင်း အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်-၇၃ယ/၇၉၆၉၊ အမျိုးအမည် Honda ၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်သီတာအောင် မှတ်ပုံတင်အမှတ်[၅/မရန(နိုင်)၂၀၂၆၆၇]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်-ယ/၆၄၉၀၄၊ အမျိုးအမည် Honda C90၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးစန်းဝင်း မှတ်ပုံတင်အမှတ်[၅/ မရန(နိုင်)၀၄၆၃၇၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်-၃၈ယ/၅၇၄၈၅၊ အမျိုးအမည် Yunde,110 အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးရဲထက်အောင်၊ မှတ်ပုံတင်အမှတ်[၅/မရန(နိုင်)၂၉၆၁၈၉]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်-၇၄ယ/၁၄၀၉၁၊ အမျိုးအမည် New Anbo-125၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူအမည် ဦးမြွေ၊ မှတ်ပုံတင်အမှတ်[၅/ မရန(နိုင်)၀၂၈၂၁၉]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်-

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၅၊ မြေကွက်အမှတ်-၁၀၆၄၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးအုန်းကြွယ်[၈/ပခက(နိုင်)၁၁၀၃၈၂]အမည်ဖြင့် ရရှိထားသည့် ပါမစ်မြေကွက်ကို ၎င်းထံမှ တစ်ဆင့် အဆက်စပ်စာချုပ်များဖြင့် ဦးထိန်ဝင်း[၁၃/တကန(နိုင်)၂၈၃၁၆၀]က ဝယ်ယူပိုင်ဆိုင်လက်ရှိထားပြီး၊ ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရှိကြောင်း အရှုပ်အရှင်း လုံးဝကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခရစ်နယ်ပါရီး[၅/ကလတ(နိုင်)၂၃၉၅၂၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏ညွှန်ကြားချက်ဖြင့် -**
**ဒေါ်မရန်ဂျာဆိုင်း (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၅၅)**
**အမှတ်-၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၅၁၃၄**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၅၃)ရပ်ကွက်၊ လှိုင်ကော်လမ်း၊ အမှတ်(၂၀၉)နေ ကျွန်မ မိခင်ဖြစ်သူ ဒေါ်ခင်ရွှေ[၁၂/ဒဂတ(နိုင်)၀၄၀၃၃၉]သည် သားဖြစ်သူ မောင်ရဲနိုင်လင်း[၁၂/ဒဂတ(နိုင်)၀၄၀၃၃၅]မှ မိဘဆိုဆုံးမမှုမရသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။

နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ လုံးဝတာဝန်မယူပါ၊ မေးမြန်းခြင်းသည်းခံပါ။

**မိခင်-ဒေါ်ခင်ရွှေ[၁၂/ဒဂတ(နိုင်)၀၄၀၃၃၉]**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဦးစည်သူမင်းသိန်း(ဘ) ဦးမြင့်သိန်း[၅/ စကန(နိုင်)၁၅၆၁၈၇]နှင့် ဒေါ်နှင်းသဇင်ထွန်း (ဘ)ဦးတင်ကြိုင်[၁၃/ နစန(နိုင်)၀၆၅၃၄၂]တို့သည် ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများဖြစ်ကြပြီး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိ၍ (၁၇-၇-၂၀၂၆) ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်နှင်းသဇင်ထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စောယုနိုင် (LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၉၉)**
**အမှတ်(၄၄၄)၊ သောကမြိုင်လမ်း၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၅၉၄၁၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသျှောင်မြို့သစ်၊ ရပ်ကွက်ကြီး(၈) မြေတိုင်းရပ်ကွက်(၂၄)၊ ရန်ကုန်-မန္တလေးကားလမ်း၊ ဦးပိုင်မြေကွက်အမှတ်(၈၁၈) ဧရိယာ(၀.၁၁၀)ကေသည် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်မြို့မြေမှုအမှတ်-၃၆/ငါး/၂၀၀၀-၂၀၀၁ အရ (၅-၆-၂၀၀၀)မှ (၄-၆-၂၀၃၀)အထိ နှစ်(၃၀)မြေငှားဂရန်ကို လည်းကောင်း၊ ဦးပိုင်မြေကွက်အမှတ်(၈၁၉)၊ ဧရိယာ(၀.၁၄၉)ကေသည် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်မြို့မြေမှုအမှတ်-၆၃/ငါး/၂၀၀၄-၂၀၀၅ အရ (၁၆-၁၁-၂၀၀၄)မှ(၁၅-၁၁-၂၀၃၄)အထိ နှစ်(၃၀)မြေငှားဂရန်ကိုလည်းကောင်း၊ ဦးပိုင်မြေကွက်အမှတ်(၈၂၀)၊ ဧရိယာ(၀.၁၆၀)ကေသည် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်မြို့မြေမှုအမှတ်-၈၃၀/ငါး/၉၅-၉၆ အရ (၁၀-၄-၁၉၉၆)မှ (၉-၄-၂၀၂၆)အထိ နှစ်(၃၀)မြေငှားဂရန်ကိုလည်းကောင်း၊ ဦးပိုင်မြေကွက်အမှတ်(၈၂၆)၊ ဧရိယာ(၀.၁၈၄)ကေသည် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်မြို့ မြေမှုအမှတ်-၈၃၃/ငါး/၉၅-၉၆ အရ (၉-၄-၁၉၉၆) မှ (၈-၄-၂၀၂၆)အထိ နှစ်(၃၀)မြေငှားဂရန်ကိုလည်းကောင်း၊ ဦးပိုင်မြေကွက်အမှတ်(၈၂၇)၊ ဧရိယာ(၀.၁၈၄)ကေသည် ဦးကျော်ယု အမည်ဖြင့် ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ခရိုင်မြို့မြေမှုအမှတ်-၈၃၁/ငါး/၉၅-၉၆ အရ (၁၀-၄-၁၉၉၆) မှ (၉-၄-၂၀၂၆)အထိ နှစ်(၃၀)မြေငှားဂရန်ကိုလည်းကောင်း ထုတ်ပေးထားပြီး ပဲခူးမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂၀၀၆ ခုနှစ်၊ စာချုပ်အမှတ်-၁၄၆/အရောင်း နှင့် ၂၀၀၆ ခုနှစ်၊ စာချုပ်အမှတ်၊ ၁၄၇/အရောင်းအရ ဝယ်ယူခဲ့သူ ဦးစိုင်းစိုးတင်ဝင်း (ဘ)ဦးစံသြထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာရယူ၍ ဝယ်ယူထားသူများဖြစ်သော ဦးလေးမြို့၊ ဦးဆန်းလွင်နှင့် ဦးအောင်နိုင် တို့(၃)ဦးက ရောင်းချလိုကြောင်း ကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သိန်း (ဘ)ဦးထွန်းအောင်ကလည်း ဝယ်ယူရန်သဘောတူညီ၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ် ပြုလုပ်မည့် မြေကွက်(၅)ကွက်နှင့် ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်သိန်းထံသို့လည်းကောင်း မြေကွက်များနှင့်ပတ်သက်သည့် တိကျခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးတင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၆၃)**
**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)**
**အမှတ်(၂၄/၁၄၄-၁၄၆)၊ မြို့ရှောင်(၂)လမ်း၊ ရပ်ကွက်ကြီး(၈)၊ ဥသျှောင်မြို့သစ်၊ ပဲခူးမြို့။ Ph:09-250299976**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ပခုက္ကူမြို့နယ် ပေါင်လောင်ကန်ကျေးရွာအနီး မဟာဓာတ်အားလိုင်း တိုင်အမှတ် (၃၃၈) အား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဇူလိုင် ၂၀

လျှပ်စစ်စွမ်းအားကဏ္ဍသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ လူနေမှုဘဝမြင့်မားစေရန်နှင့် လူမှုစီးပွားဘဝ လုံခြုံတိုးတက်စေရန် အဓိကအရေးကြီးသည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။ သို့ရာတွင် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများနှင့် အချို့သော EAOs အဖွဲ့များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လျှပ်စစ်စွမ်းအားကဏ္ဍနှင့် အခြားသောလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် တိုက်ခိုက်ဖျက်ဆီးနေသည်ကို တွေ့ရှိရသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✷



၁၃၂ ကေဗွီ ညောင်ပင်ကြီး - ဗုဒ္ဓကုန်း ဓာတ်အားလိုင်း (၁၉-၇-၂၀၂၆) ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တာဝါတိုင်အမှတ် (၃၃၈) ပြိုလဲပျက်စီးမှု မှတ်တမ်းပုံ။

# ရန်ကုန်တက္ကသိုလ်၌ တက္ကသိုလ်ပေါင်းစုံ Esports ပြိုင်ပွဲကြီး ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ် (MESF)နှင့် PUBG MOBILE Offline တို့ ပူးပေါင်းကျင်းပသည့် PUBG MOBILE Varsity Esports Championship ၏ တက္ကသိုလ်ပေါင်းစုံ Esports ပြိုင်ပွဲကြီးကို ရန်ကုန်တက္ကသိုလ်၌ ယခုလနောက်ဆုံးပတ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း MESF မှ သိရသည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တက္ကသိုလ်အသင်းများ ရွေးချယ်နိုင်ရန် တက္ကသိုလ်တွင်းပြိုင်ပွဲများကို ဇွန် ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ရာ နိုင်ငံတစ်ဝန်းရှိ တက္ကသိုလ်နှင့်ကောလိပ် ၂၉ ခုတို့မှ အသင်းပေါင်း ၂၇၃ သင်းတွင် အားကစားသမားပေါင်း ၁၀၉၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အနိုင်ရရှိခဲ့ကြသည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မိတ္ထီလာနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ တက္ကသိုလ်အသင်း ၁၆ သင်းသည် ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ရန်ကုန်တက္ကသိုလ်အားကစားခန်းမ၌ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၃ သို့ ✩

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ ရှော့ဝတီနှင့် မြဝတီအသင်း အမှတ်ပြည့်ရယူ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်က ကြီးမှူး၍ Max Energy ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၆) ပထမနေ့ကို ဇူလိုင် ၂၀ ရက်က ကျင်းပရာ လက်ရှိချန်ပီယံ ရှော့ဝတီအသင်းနှင့်မြဝတီအသင်းတို့ အမှတ်ပြည့်ရယူခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရှော့ဝတီအသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နည်းပြသစ် ဂျပန်နိုင်ငံသူ ကူမီကိုလက်ထက် ပထမဆုံးပွဲတွင် ရှော့ဝတီအသင်း အမှတ်ပြည့်ရယူနိုင်ခဲ့ပြီး ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

ဒဏ်ရာရကစားသမားများပြားနေသည့် ရှော့ဝတီအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ရပြီး ရုန်းကန်ခဲ့ရသော်လည်း နောက်ကျဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❖



ရှော့ဝတီအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။



စပိန်အသင်းကစားသမားများ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားချန်ပီယံဆုနှင့်အတူ အောင်ပွဲခံစဉ်။

# စပိန်အသင်း ကမ္ဘာ့ဖလား ချန်ပီယံဆုဖလား ဒုတိယအကြိမ် ဆွတ်ခူး

အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံနဲ့ မက္ကဆီကိုနိုင်ငံတို့ ပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပတဲ့ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ဇူလိုင် ၂၀ ရက်နံနက်ပိုင်းက စပိန်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်အသင်းက အာဂျင်တီးနားအသင်းကို အနိုင်ရပြီး ကမ္ဘာ့ဖလားချန်ပီယံဆုဖလားကို ရယူဆွတ်ခူးနိုင်ခဲ့ပါတယ်။

စပိန်အသင်းနဲ့ အာဂျင်တီးနားအသင်းတို့ပွဲစဉ်မှာ သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့တာကြောင့် အချိန်ပိုကစားခဲ့ရာမှာ စပိန်အသင်းက ပွဲကစားချိန် ၁၀၆ မိနစ်မှာ ရရှိခဲ့တဲ့ ဖာရန်တောရက်စ်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ စပိန်အသင်းအနေနဲ့ အာဂျင်တီးနားအသင်းကို အနိုင်ရရှိခဲ့ကာ ကမ္ဘာ့ဖလားကို စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

## ဇမ္ဗူသီရိမြို့ သီရိရတနာအဆင့်မြင့်ဈေး ဆိုင်းဘုတ်အနီး သီရိအနော်ရထာ(၁၁)လမ်းပေါ်တွင် ဖြစ်ပွားခဲ့သော လူသတ်မှု၌ ပါဝင်ပတ်သက်ခဲ့သူများကို သေဒဏ်နှင့်ထောင်ဒဏ်များ ကျခံစေရန် တရားရုံးကအမိန့်ချမှတ်

စာမျက်နှာ ၁၅

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇူလိုင် ၂၀

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ မိုး/ဇလ